www.burmeseclassic.com

# သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း

ကျော်လှိုင်

ဝိဇ္ဇာ(ဂုဏ်ထူး)၊ မဟာဝိဇ္ဇာ(သက္ကတ)



www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၆၀/ ၂၀၀၄ (ဂ) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၂၀၃၅၆၀၅၀၆ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ်၊ ၂၀၀၅ ခုနှစ် ဝက်တင်ဘာ |
| အုပ်ရေ | - | ၅၀၀ |
| မျက်နှာဖုံးဒီဇိုင်း | - | ကိုသန့်မြင့်အောင် |
| ဝလင် | - | ကျော်ဇော |
| ထုတ်ဝေသူ | - | ဦးမျိုးဆင့်(မြ-၀၃၉၅၁)<br>ရှင်မတောင်စာပေ<br>အမှတ်-၂၉၆၊ အနော်မာ (၇) လမ်း<br>(၁) ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးတင်အောင်ကျော် ( မြ - ၀၇၀၅၃ )<br>ဇွယ်တော်ပုံနှိပ်တိုက်<br>အမှတ်-၈၇ ၅၆-လမ်း ပုဇွန်တောင်မြို့နယ်<br>ရန်ကုန်မြို့ |
| တန်ဖိုး | - | 800/- |


www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်း ပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

# သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း

ကျော်လှိုင်
ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ (သက္ကတ)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်းအမှာ | ၇ |
| ၂။ | သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း (၁) | ၁၇ |
| ၃။ | သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း (၂) | ၂၇ |
| ၄။ | သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း (၃) | ၃၃ |
| ၄။ | သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း (၄) | ၃၉ |
| ၄။ | သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း (၅) | ၄၅ |
| ၄။ | သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း (၆) | ၅၁ |
| ၅။ | ရတနာသုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ (၁) | ၅၇ |
| ၆။ | ရတနာသုတ်ပရိတ်တော၏ တန်ခိုးအကျိုးအာနိသင်များ (၂) | ၆၇ |
| ၇။ | ရတနာသုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ (၃) | ၇၃ |
| ၈။ | ရတနာသုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ (၄) | ၈၅ |
| ၉။ | ရတနာသုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ (၅) | ၉၃ |
| ၁၀။ | ရတနာသုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ (၆) | ၁၀၅ |
| ၁၀။ | မောရှုင်သုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ (၁) | ၁၁၃ |
| ၁၂။ | မောရှုင်သုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ (၂) | ၁၂၁ |
| ၁၃။ | မောရှုင်သုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ (၃) | ၁၂၉ |
| ၁၄။ | မောရှုင်သုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ (၄) | ၁၃၅ |
| ၁၅။ | မောရှုင်သုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ (၅) | ၁၄၁ |
| ၁၆။ | ပရိတ်မေတ္တာ၏ တန်ခိုးအကျိုးအာနိသင်များ | ၁၅၁ |


www.burmeseclassic.com

www.burmeseclassic.com

# သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်းအမှာ

ဘုရားဟောဒေသနာတို့သည် မြတ်စွာဘုရားကိုယ်တိုင် အာရုံပြုသောအားဖြင့်လည်းကောင်း၊ ဟောကြားတော်မူခြင်းအားဖြင့်လည်းကောင်း၊ သုံးဆောင် ခံစားအပ်ရကား တရားတော်၏ အရှိန်အဝါရှိ၏၊ တန်ခိုးရှိ၏၊ ဩဇာရှိ၏၊ ထိုတရားတော်၏ အနှစ် ဓမ္မသတ္တိကြောင့်ပင် ရန်ကင်းသည်၊ အန္တရာယ်ကင်းသည်၊ ကျန်းမာသည်။ စီးပွားလာဘ်လာဘ တိုးတက်သည်။

ထို့ကြောင့် မည်သည့်တရားဒေသနာကိုမဆို ယုံယုံကြည်ကြည်ဖြင့် ရွတ်ဖတ်ပူဇော်လျှင် တရားတော်၏ ဂုဏ်ကျေးဇူးကို ခံစားရမြဲ ဖြစ်ပါသည်။ တစ်ရံရောအခါ နန္ဒမာတာသူဌေးကတော်သည် သန်းခေါင်ယံလွန်မြောက်မိုးသောက်ယံအရောက်တွင်-

"ဈာန်သမာပတ်ဖြင့်သာ မွေ့လျော်ရအုံလော"-

"ဘုရားဟောသည့် တရားတော်ကို ရွတ်အံသရဇ္ဈာယ်ခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မွေ့လျော်ရအံ့လော"ဟု ကြံစည်လတ်သော်-

"ဘုရားဟောတရားတော်ကို ရွတ်အံသရဇ္ဈာယ်၍ နှစ်လိုဝမ်း
မြောက်ခြင်း ချမ်းသာကို ခံစားရသည်က မြတ်၏"

ဟု ဆောက်တည်၍ ရာဇဂြိုဟ်ပြည် ပါသာဏစေတိယကျောင်း၌ ရသေ့ပေါင်း တစ်သောင်းခြောက်ထောင် တစ်ကျိပ်ခုနစ်ယောက် (၁၆၀၁၇) တို့နှင့်တကွ တစ်ဆယ့်လေးကုဋေသော ပရိသတ်တို့ကို မြတ်စွာဘုရားဟောကြားသော တရားဂါထာ နှစ်ရာ့ငါးဆယ် (၂၅၀) မျှသော "ပါရာယနသုတ္တန်တရားတော်" ကို အနာဂါမ်တည် နန္ဒမာတာ မိန်းမမြတ်သည် သာယာသော အသံဖြင့် သရဇ္ဈာယ်၍ တရားအရသာကို ခံလျက် မွေ့လျော်နေ၏။

ဝေဿဝဏ်နတ်မင်းကြီးသည် မြတ်စွာဘုရားကို ပြဿနာမေးရန် ကောင်းကင်ခရီးဖြင့် လာစဉ် တရားရွတ်သံကြား၍ ရပ်တန့်ကာ ဤတရားဒေသနာကို ပြီးဆုံးအောင် နာ၏။ နာပြီးလျှင် လည်ကိုင်ကိုဖော်၍ ကောင်းချီးနုမော် သာခုခေါ်၏။ ဤတွင် နန္ဒမာတာက အလှူ့အဖို့ကို အမျှဝေ၏။ ဝေဿဝဏ်နတ်မင်းကြီးကလည်း တရားကို ပူဇော်သောအားဖြင့် သလေးစပါးနီ အတိပြည့်သော တစ်ထောင့်နှစ်ရာ့ငါးဆယ် (၁၂၅၀) မျှသော စပါးကျီတို့ကို နန္ဒမာတာတစ်သက်တွင် "ယူရာမထင် ပြည့်မြဲပင် ပြည့်စေသတည်း" ဟု အဓိဋ္ဌာန်ပြု၍ ပူဇော်လေ၏။

ဤသို့လျှင် ဗုဒ္ဓဒေသနာ၏ အာနုဘော်အားဖြင့် နန္ဒမာတာ၏ တစ်သက်တွင် စီးပွားလာဘ်လာဘ တိုးတက်ခဲ့ရသည်။

မြန်မာတို့က သူရဿတီကို ပိဋကတ်သုံးပုံစောင့်သည်ဟု ယုံကြည်သည်၊ တကယ့်တကယ်အားဖြင့် ပိဋကတ်သုံးပုံကို ဘယ်လူ ဘယ်နတ်မှ မစောင့်ပါ။ သို့သော် အချို့ အချို့သော နတ်တို့သည် အချို့ အချို့သော တရားဒေသနာတို့ကို နှစ်သက်ကြည်ညိုကြသည်။ အရအမိလ့်ည်း ရှိကြသည်။ ဓမ္မစကြာနှင့် မဟာသမယသုတ်ကို နတ်တို့ အလွန်တရာ မြတ်နိုးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား မဟာသမယသုတ်ကို ဟောတော်မူစဉ်က နာကြားဖူးသော နတ်သမီးလေးသည် ရဟန်းတစ်ပါး မဟာသမယသုတ် ရွတ်သံကြားရသောအခါ ဝမ်းသာကြည်နူးလှသဖြင့် အသံထွက်အောင်ပင် သာဓုခေါ်မိသည်အထိ ဖြစ်ရပါသည်။

ကောဋ္ဋိပဗ္ဗတတောင်စွန်းကျောင်းတိုက်ကြီး၌ နာဂလေဏခေါ် ကံ့ကော်လိုဏ်ဂူ ရှိ၏။ ထိုလိုဏ်ဂူဝ၌ ပေါက်နေသော ကံ့ကော်ပင်မှာ နေသော နတ်သမီးသည် လိုဏ်ဂူတွင်းနေ ရဟန်းငယ် မဟာသမယသုတ်ကို ရွတ်အံသရဇ္ဈာယ်သံကြားလျှင် ရိုသေစွာနာ၍ တရားဆုံးသောအခါ ကောင်းချီးနုမော် သာဓုခေါ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဤရဟန်း ရွတ်အံသရဇ္ဈာယ်သော မဟာသမယသုတ်သည် မြတ်စွာဘုရား ဟောတော် မူသည်နှင့်မခြား၊ ပုဒ်ပါဌ် အက္ခရာ မကွဲမပြား တစ်သားတည်း တူလှ၍ဖြစ် သည်။ မဟာဝုန်တောမှာ မြတ်စွာဘုရား မဟာသမယသုတ်ကို မဟောမီ က မဟာဝုန်တောမှာ နေခဲ့ရသူဖြစ်လင့်ကစား တန်ခိုးကြီးနတ်များ ရောက် ရောက်လာသဖြင့် နေရာရွှေ့ရွှေ့ပေးခဲ့ရရာ ကပိလဝတ်ပြည် မဟာဝုန်တောမှ သီဟိုဠ်ကျွန်း ဇမ္ဗုကောလဆိပ်သို့ တိုင်၏။ ထိုမှတစ်ဖန် နေရာရွှေ့ခဲ့ရပြန်ရာ ရောဟဏဇနပုဒ် မဟာဂါမ၏ နောက်ဖက်ရှိ သမုဒ္ဒရာတွင် လည်ပင်းထိ ဆင်း၍ မဟာသမယသုတ်ကို နာခဲ့ရသည်။ ထိုစဉ် နာရသည်မှစ၍ ယခု ဒုတိယအကြိမ် နာရခြင်းဖြစ်သည်။ ဝမ်းသာကြည်ညိုလှ၍ သာဓုခေါ် ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အချို့ အချို့သော ဒေသနာတို့ကို အချို့ အချို့သော နတ်တို့ မြတ်နိုးတနာ နာလည်း နာ၏။ စောင့်လည်း စောင့်၏ဟု ယူဆရန် ရှိပါသည်။ ပဋ္ဌာန်းဒေသနာတော်ကို နတ်တို့ ကြည်ညိုလှသဖြင့် ပဋ္ဌာန်း ဒေသနာကို ရွတ်ဖတ်ပူဇော်ပွဲများ မြန်မာပြည်အနှံ့ ကျင်းပသည့် အချိန်မှ စ၍ လေဘေးဒဏ် အကြီးအကျယ် ခံကြရသော စစ်တွေ၊ ကျောက်ဖြူ ပုသိမ်မှအစ မြန်မာပြည် ဘယ်ဒေသမှ လေဘေးဒဏ် မခံရတော့ချေ။ ဤသည်မှာ ပဋ္ဌာန်းဒေသနာတော်၏ တန်ခိုးကြောင့် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျော်လှိုင် ❖

ရတနာသုံးပါးကို လေးစားယုံကြည်သူပီပီ မြတ်စွာဘုရားကို ပူဇော်သောအားဖြင့်လည်းကောင်း၊ တရားတော်ကို ပူဇော်သောအားဖြင့်လည်းကောင်း၊ ပိဋကတ်သုံးပုံခေါ် မှတ် ပရိယတ်ကို မပြတ်အားထုတ် ပူဇော်ကြသော သံဃာတော်ကို ပူဇော်သောအားဖြင့်လည်းကောင်း၊ ဘုရားဟော ပိဋကတ်မှ ကောင်းနိုးရာရာသုတ်များကို ရွတ်ဖတ်ပူဇော်လာသည်မှာ ကြာပြီဖြစ်ပါသည်။ ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်အပြင် မဟာသမယသုတ်ကိုလည်း နေ့စဉ်မပြတ် နှစ်ပေါင်းအတော်ကြာအောင် ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။ ယခုလည်း အလှည့်ကျ ပူဇော်လျက် ရှိပါသည်။ သာသနာရေးဦးစီးဌာနမှ ဆရာကြီးဦးလှမောင်၊ နောင်အခါ နိုင်ငံတော် ကောင်စီဝင်ဖြစ်လာသူက-

"အနေကဇာတင် ပါဠိဂါထာသုံးခေါက်-

ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံရွတ်ပြီး အခြားသင့်ရာရွတ်၍၊

တထာဂတပစ္ဆိမဝါစာ ရွတ်ရသည်ဟုပြောဖူး၍-

အနေကဇာတင် ပါဠိဂါထာသုံးခေါက်

ပဋိစ္စသမုပ္ပါဒ်အနုလုံ ပဋိလုံကိုကား ဥဒါန်းပါဠိတော်မှာလာသည့် ပဌမဗောဓိသုတ်၊ ဒုတိယဗောဓိသုတ်၊ တတိယဗောဓိသုတ်၊ ဓမ္မစကြာ၊ ရတနသုတ်ကို အဓိကထား ရွတ်၍

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ-

ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ ဟူသော တထာဂတ ပစ္ဆိမဝါစာကို ရွတ်လာသည်မှာ ကြာပါပြီ။ ဤသို့ ကြည်ညိုစွာ ရွတ်ဖတ် သရဇ္ဈာယ်ခဲ့သည့် ကျေးဇူးကြောင့် ဘေးရန်အန္တရာယ်ကင်းသည်။ သေလောက်သည့် အဖြစ်ဆိုးနှင့် ကြုံရသည့်တိုင် သေကွင်းသေကွက်မှ လွတ်ကင်းခဲ့ရသည်မှာ အကြိမ်ကြိမ် ရှိပြီ။ ထို့ကြောင့် ကိုယ်တွေ့ဖြစ်ရပ်များပေါ် အခြေခံ၍ ဤ "သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း" စာစုကို ရေးခဲ့ခြင်း ဖြစ်ပါသည်။

မိလိန္ဒပဉှာ၌ မစ္စုပါသမုတ္တိပဉှာဟု ရှိပါသည်။ သေမင်းကျော့ကွင်းမှ

www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်သည် ဆိုသော ပြဿနာဖြစ်ပါသည်။ ဤပဥ္စာ၌ ပရိတ်၏ အကျိုးတရားကို ဖော်ပြထားပါသည်။ မိလိန္ဒပဥှာကျမ်းက ဖော်ပြသော ပရိတ်များမှာ-

ရတနသုတ်
မေတ္တသုတ်
ခန္ဓပရိတ်
မောရပရိတ်
ဓဇဂ္ဂပရိတ်
အာဋာနာဋိယပရိတ်
အင်္ဂုလိမာလပရိတ် တို့ ဖြစ်ပါသည်။
- ပရိတ်တော်၏ တန်ခိုးကြောင့် မြွေမကိုက်ချေ။
- ဖွင့်ထားသော ပါးစပ် ပိတ်သွား၏။
- ချိန်ထားသော လက်နက်ပြန်ကျသွား၏။
- အမျက်ထွက်သော ဆင်ပြောင်ကြီး ရှောင်သွား၏။
- မီးငြိမ်းသွား၏။
- အဆိပ်သည် အာဟာရဖြစ်သွား၏။
- ရန်သူသည် ကျေးကျွန်ဖြစ်လာ၏။
- ကျော့ကွင်း မဖွဲ့မိ။

ဤအကျိုးတရားများ ခံစားရအောင် ပရိတ်ရွတ်သူ နာသူ နှစ်ဦးနှစ်ဖက်လုံး အင်္ဂါစုံရပါသည်။

ပရိတ်ရွတ်ဖတ်သူ၏ အင်္ဂါမှာ သုံးပါး ရှိပါသည်။

(၁) ပရိတ်ပါဠိတော်၏ ပုဒ်ပါဌ်အက္ခရာကို ကျကျနန မှန်မှန်ကန်ကန် ရွတ်ဆိုနိုင်ခြင်း

(၂) ပရိတ်ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာသိခြင်း

(၃) လာဘ်ပူဇော်သက္ကာရကို မငဲ့ဘဲ မေတ္တာကရုဏာ ရှေ့ထားကာ စင်ကြယ်သောစိတ်ဖြင့် ရွတ်ဖတ်ခြင်းသည် ပရိတ်ရွတ်သူ၏ အင်္ဂါသုံးပါး

www.burmeseclassic.com

www.burmeseclassic.com



တည်း။

ပရိတ်နာသူ၏ အင်္ဂါလည်း သုံးပါးရှိသည်။

(၁) ပဉ္စာနန္တရိယ ကံငါးပါးကည်းဟူသော ကမ္မန္တရာယ် မရှိခြင်း

(၂) နိယတမိစ္ဆာဒိဋ္ဌိတည်းဟူသော ကမ္မန္တရာယ် မရှိခြင်း

(၃) ပရိတ်ပါဠိတော်၏ ဂုဏ်ကျေးဇူးကို မတုန်မလှုပ် သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံခြင်းသည် ပရိတ်နာသူ၏ အင်္ဂါသုံးပါးတည်း။

ဤအင်္ဂါနှင့် ပြည့်စုံမှ ပရိတ်နာသူမှာ ပရိတ်အကျိုးခံစားရသည်၊ ဤအင်္ဂါသုံးပါးနှင့် မပြည့်စုံလျှင် ပရိတ်နာသူကို ပရိတ်ပါဠိတော်က ဘေးကင်းအောင်၊ ရန်ကင်းအောင်၊ အန္တရာယ်ကင်းအောင်၊ သေမင်းကျော့ကွင်းမှ လွတ်မြောက်အောင် မတတ်နိုင်ချေ။

မိလိန္ဒပဉှာကျမ်းလာ "မစ္စုပါသမုတ္တိပဉှာ" ကို အမြေခံ အကြောင်းရင်းပြု၍ ဤယခုတင်ပြသောစာစုကို "သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း" ဟု ကင်ပွန်းတပ်ထားပါသည်။ "သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း" ဟူသော အမည်တပ်၍ ဂမ္ဘီရမဂ္ဂဇင်းတွင် ဇာခြောက်ပုဒ်ရေးခဲ့ပါသည်။ ပါရမီမဂ္ဂဇင်းတွင် ရတနသုတ်၏ တန်ခိုးအကျိုးအာနိသင်များ၊ ဓာဇဂ္ဂသုတ်၏ တန်ခိုးအကျိုးအာနိသင်များ၊ ပရိတ်မေတ္တာ၏တန်ခိုးဟု ရေးသားတင်ပြခဲ့ပါသည်။ အကျိုးသွားတူသဖြင့် "သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း" ဟူသော ဤခေါင်းစဉ်အောက်မှာပင်ထား၍ တစုတစည်းတည်း ထုတ်ဝေဖြန့်ချိခြင်း ဖြစ်ပါသည်။

ဤ "သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း" စာစုကို ကြားဖူးနားဝအပေါ်မှာလည်းကောင်း၊ ဖတ် -နာဖူးသမျှအပေါ် အခြေခံ၍လည်းကောင်း၊ ပရိတ်-ပဋ္ဌာန်းတို့၏ အကျိုးအာနိသင်ကား ဤပုံ ဤနည်းတည်းဟု စာကဆိုသည်ကို အခြေခံ၍လည်းကောင်း ရေးသားတင်ပြခြင်းမဟုတ်ပါ။ မိမိကိုယ်တိုင် တကယ့်ဖြစ်ရပ်၊ မိမိသား၏ တကယ့်ဖြစ်ရပ်၊ မိမိအမေ၏ တကယ့်ဖြစ်ရပ်၊ မိမိကိုယ်တိုင် ပါဝင် ပတ်သက်ခဲ့ရသည့် တကယ့်ဖြစ်ရပ်တို့ကို အရင်းအတိုင်း ရေးသားတင်ပြထားခြင်းသာ ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ မိမိနှင့် မပတ်သက်သည့်စာဟူ၍ "စိန်မင်္ဂလာကျောင်း" ဆရာတော်၏ အကြောင်းအရာတစ်ခုသာပါဝင်ပါသည်။ ဤ အကြောင်းအရာသည်လည်း ကာယကံရှင်ဆရာတော်ကိုယ်တိုင်မိန့်ကြားမှု၊ ယနေ့လက်တွေ့ကျင့်သုံးနေသော လုပ်ရပ်အပေါ် အခြေခံ၍ ရေးသားတင်ပြခဲ့ခြင်းဖြစ်ပါသည်။

နဂိုကပင် မန္တရသိဒ္ဓိရှိပြီးသော အက္ခရာတို့နှင့် ဖွဲ့ သီထားသည့် ပရိတ်၊ ပဋ္ဌာန်းစသော ဒေသနာတို့မှာ မြတ်စွာဘုရားဟောကြားတော်မူသောအားဖြင့် အာရုံပြုသည်ဖြစ်၍လည်းကောင်း၊ အာရုံပြုသောအားဖြင့် သုံးဆောင်ခံစားအပ်သည်ဖြစ်၍လည်းကောင်း၊ တန်ခိုးရှိန်စော် အာနုဘော်ကြီး၏။

ရတနသုတ်ပရိတ်ဆိုလျှင်အာဏာအရှိန်အဝါ အလွန်တရာကြီးသည်။

- စကြာဝဠာကုဋေတစ်သိန်းမှာ ရှိကြသော နတ်ဗြဟ္မာတို့ ဤ ရတန သုတ်၏ အရှိန်အဝါကို ခံယူကြပါသည်။
- ဤရတနသုတ်တန်ခိုးကြောင့် ဝေသာလီပြည်၌ အငတ်ဘေး၊ မြေဘုတ်ဘီလူးဘေး၊ ကပ်ရောဂါဘေး ကင်းဝေးသည်။

ဤသို့ တန်ခိုးကြီးခြင်းမှာ ဤရတနသုတ်ပါ

(၁) ယံကိဉ္စိဝိတ္တံ ဂါထာဖြင့် ဘုရားရတနာကို၊
(၂) ခယံဝိရာဂံ ဂါထာဖြင့် နိဗ္ဗာန်တရားကို၊
(၃) ယံဗုဒ္ဓသေဋ္ဌော ဂါထာဖြင့် အရဟတ္တမဂ် သမာဓိတရားကို၊
(၄) ယေပုဂ္ဂလာ ဂါထာဖြင့် အရိယာပုဂ္ဂိုလ်ရှစ်ယောက်ကို၊
(၅) ယေသုပ္ပယုတ္တာ ဂါထာဖြင့် ရဟန္တာအရှင်သူမြတ်ကို၊
(၆+၇) ယထိန္ဒခီလောဂါထာ + ယေအရိယာသစ္စာနိဂါထာ၊
(၈+၉) သဟာဝဿ + စတူဟပါယေဟိဂါထာ + ကိဉ္စာပိသော ဂါထာတို့ဖြင့် သောတာပန်အရှင်မြတ်တို့၏ ဂုဏ်ကို
(၁၀+၁၁) ဝနပ္ပဂုမ္ဗေ+ ဝရောဝရညူဂါထာတို့ဖြင့် ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ရတနာကို၊

(၁၂) ခီဏံ ပုရာဏံ ဂါထာဖြင့် အနုပါဒိသေသပရိနိဗ္ဗာန်စံ ရဟန္တာတည်းဟူသော သံဃာရတနာကို သစ္စာတိုင်ပြီး ဆုတောင်းထားခြင်း ဖြစ်ပါသည်။

ဗောဇ္ဈင်သုတ်ကလည်း သတိ၊ ဓမ္မဝိစယ (ပညာ)၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဉပေက္ခာ-တည်းဟူသော ဗောဇ္ဈင်ခုနစ်ပါးတရားတို့ကြောင့်-

- ရှင်မောဂ္ဂလ္လာန်နှင့် ရှင်မဟာကဿပတို့ ကျန်းမာကြသည်၊
- ဘုရားရှင်ကိုယ်တိုင် ကျန်းမာသည်ကို သစ္စာဆိုထားခြင်း ဖြစ်ပါသည်။

ဤသစ္စာအာနုဘော်ကြောင့် ဤပရိတ်တော်များ တုန်ခိုးရှိန်စော် အာနုဘော်ကြီးခြင်း ဖြစ်ပါသည်။ ထိုမျှမက ထိုဗောဇ္ဈင်ခုနစ်ပါးတရားကြောင့် ရဟန္တာကြီးနှစ်ပါးနှင့် မြတ်စွာဘုရားသခင် ကျန်းမာရခြင်းမှာ တရားအာနုဘော်ကြောင့် ဖြစ်ပါသည်။ မြတ်စွာဘုရားနှင့်တကွ အရှင်မြတ်နှစ်ပါးတို့၏ ခန္ဓာကိုယ်မှာရှိသော ရုပ်ဓာတ်၊ နာမ်ဓာတ်များ ကြည်လင်လာသဖြင့်လည်းကောင်း၊ ဓာတ်ခံကောင်းလာသဖြင့်လည်းကောင်း မကောင်းသောဓာတ်များ ပျောက်လွင့်သွားသည်လည်း ဖြစ်နိုင်ပါသည်။

ရှင်မဟာကဿပမထေရ်မြတ်က

"ငါဟာ ရဟန်းပြုပြီးတော့ ခုနစ်ရက်အကြာမှာ သစ္စာလေးပါး သိမြင်တယ်။ အဲဒီသစ္စာလေးပါး သိမြင်တဲ့အခါမှာ ငါ့သန္တာန်မှာ ဗောဇ္ဈင်တရားတွေ ပေါ်လာတယ်"

"သြော် ဘုရားရှင်ကိုယ်တော်ရဲ့ သာသနာတော်ကြီးဟာ တကယ်ပဲ နိယျာနိက-သံသရာမှ လွတ်မြောက်ကြောင်း သာသနာတော်ကြီးပါလား။ အလွန်မြတ်တဲ့ သာသနာတော်ကြီးပါလား" လို့ ဝမ်းသာတယ်။

ဤတရားတော်ကို အကြောင်းပြုပြီး ချမ်းသာမှု ကိုယ်တွေ့ကြုံရ၊

www.burmeseclassic.com

www.burmeseclassic.com



သံသရာ ဝဋ်ဆင်းရဲတွေ ကင်းကွာမှုကို ကိုယ်တွေ့ကြုံရ၊ ကိုယ်တွေ့ကြုံရတော့ တရားတော်၏ နိယျာနိက- သံသရာမှ လွတ်မြောက်မှုကို အာရုံပြုပြီးတော့ အင်မတန် ရွှင်လန်းလာပါသည်။

ရွှင်လန်းလာတော့ ခန္ဓာကိုယ်ထဲက အသွေးအသားတွေ ကြည်လင်လာသည်။ အသွေးအသားတွေ ကြည်လင်လာပြီးတော့ စိတ္တဇရုပ်တွေလည်းကြည်လင်လာသည်။ ထိုကြည်လင်လာသော ရုပ်ဓာတ်၊ နာမ်ဓာတ်တွေက မကောင်းဆိုးဝါးရောဂါတွေကို နှင်ပစ်လိုက်ခြင်း ဖြစ်သည်။ သန့်စင်ပစ်လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် မထေရ်မြတ်ကြီးတွေမှာ ရောဂါတွေကင်းသွားသည်။ မည်မျှထိ ကင်းပါသနည်းဆိုသော် တစ်ခါတည်း နောက်ဘယ်တော့မှ ပေါ်မလာတော့ချေ။

ယခုတင်ပြသော "သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း" စာစုကို ဖော်ပြပေးကြသည့် ဂမ္ဘီရမဂ္ဂဇင်း၊ ပါရမီမဂ္ဂဇင်းတို့မှ တာဝန်ခံပုဂ္ဂိုလ်များကို ကျေးဇူးတင်ပါသည်။

အထူးသဖြင့် ဤစာစုကို စာအုပ်တစ်အုပ်ဖြစ်အောင် ထုတ်ဝေပေးသည့် မောင်မျိုးဆင့် (မြန်မာ့စာ) ကို အထူးကျေးဇူးတင်ပါသည်။ ဤစာစုအတွက် အဖက်ဖက်မှ အကူအညီပေးသူအပေါင်းကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။

ကျော်လှိုင်
ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ (သက္ကတ)

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်။

www.burmeseclassic.com

www.burmeseclassic.com

# သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း

– ၁ –

မိလိန္ဒပဉှာ၌ မစ္စုပါသမုတ္တိပဉှာဟူ၍ရှိသည်။ သေမင်းကျော့ကွင်းမှ လွတ်မြောက်ရာ ပရိတ်တော်များနှင့် ပတ်သက်၍ ဆွေးနွေးထားချက် ဖြစ်သည်။ ဓမ္မပဒပါဠိတော် (ဂါထာ-၁၂၇) ၌-

*"ကောင်းကင်၌ဖြစ်စေ၊ သမုဒ္ဒရာအလယ်၌ဖြစ်စေ၊ တောင်ခေါင်း၌ ဝင်၍ အောင်းနေစေကာမူ သေမင်းကျော့ကွင်းမှ လွတ်ရာမရှိ"*

*ဟု ဟောတော်မူပါသည်။*

တစ်ဖန် ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓပရိတ်၊ မောရပရိတ်၊ ဓဇဂ္ဂပရိတ်၊ အာဋာနာဋိယပရိတ်၊ အင်္ဂုလိမာလပရိတ်တို့ကိုလည်း အန္တရာယ်ကင်းအဖြစ် ညွှန်းထားတော်မူပြန်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအဆိုနှစ်ရပ်နှင့် ပတ်သက်၍ မိလိန္ဒက ရှင်နာဂသေနကို-

"အရှင်ဘုရား. . . အကယ်၍ ကောင်းကင်၌ဖြစ်စေ၊ သမုဒ္ဒရာအလယ်၌ဖြစ်စေ၊ တောင်ခေါင်း၌ဝင်၍ အောင်းနေစကာမူ သေမင်းကျော့ကွင်းမှ လွတ်ရာမရှိဟူသော အဆိုမှန်ပါက ပရိတ်အရံအတားဖြင့် သေမင်းကျော့ကွင်းမှလွတ်၏ဟု ဆိုခြင်းသည် မှားရာ၏"

ဟု ပြဿနာတင်ပါသည်။

ဤပြဿနာနှင့် ပတ်သက်၍ ရှင်နာဂသေနက အသက်ကြွင်းရှိသေးသူ၊ အရွယ်နှင့် ပြည့်စုံသူအတွက်သာလျှင် ပရိတ်အရံအတား အာနိသင်ရှိကြောင်း သစ်ခြောက်ပင်ဥပမာဖြင့် ရှင်းပြပါသည်။

သွေ့ခြောက်နေပြီဖြစ်သော သစ်ပင်ကို ရေအိုးအထောင်အသောင်း သွန်းလောင်းသော်ငြားလည်း ထိုသစ်ပင် ပြန်၍ မရှင်နိုင်သကဲ့သို့ သေခါနီးလူမမာကို ဆေးကုစေကာမူ ပရိတ်ရွတ်ပေးစေကာမူ အကျိုးမထူးကြောင်း ရှင်း ပြတော်မူပါသည်။

ဤတွင် မိလိန္ဒမင်းက တစ်စခန်း ထပြန်ပါသည်။

"အသက်ကုန်ခါနီးသူ သေသည်ဖြစ်စေ၊ အသက်ကြွင်းရှိသူ ရှင်သည်ဖြစ်စေ ဆေးကုပေးခြင်း၊ ပရိတ်ရွတ်ပေးခြင်းသည် အကျိုးမဲ့ဖြစ်ပါကုန်၏"

ဟု လျှောက်သည်။ ထိုအခါ ရှင်နာဂသေနက

"ဆေးလိမ်း၊ ဆေးသောက်သဖြင့် ပျောက်ကင်းသော အနာရောဂါကို မြင်ဖူးပါသလားဟု မေးတော်မူရာ အရာအထောင်မက မြင်ဖူးကြောင်း ပြန်လျှောက်သည်။ ဤသို့ဖြစ်လျှင် ပရိတ်ရွတ်ခြင်း၊ ဆေးကုခြင်းဖြင့် အကျိုး မရှိဟူသော စကား မှားရာ၏" ဟု မိန့်တော်မူပါသည်။

ဘုရားရှင်လက်ထက်တော်က ရတနသုတ်ကို ရှင်အာနန္ဒာရွတ်သဖြင့် ဝေသာလီပြည်၌ ဘီလူးဘေး၊ ရောဂါဘေး၊ အငတ်ဘေး ငြိမ်းဖူး၏။ မေတ္တာသုတ်အာနုဘော်ကြောင့် နတ်ဘီလူးတို့၏ အနှောင့်အယှက်ကင်း၏။ ခန္ဓသုတ်ကို ရွတ်သဖြင့် မြွေအန္တရာယ်ကင်း၏။ ဗောဇ္ဈင်္ဂသုတ်ကြောင့် ရှင်

www.burmeseclassic.com



မောဂ္ဂလ္လာန်နှင့် ရှင်မဟာကဿပတို့သည်လည်းကောင်း၊ ဘုရားရှင်ကိုယ်တော်တိုင်သည်လည်းကောင်း ရောဂါကင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံ၏။ ဤသို့သော သာဓကများကြောင့် ရှင်နာဂသေနက-

'ပရိတ်ရွတ်ပေးမှုကြောင့် ရောဂါအားလုံးငြိမ်း၏။ ဘေးရန်ကင်း၏' ဟု မိန့်တော်မူပါသည်။ ထို့နောက် ဆက်၍ ပရိတ်၏ အာနိသင်ကို-

'ပရိတ်တော်၏ တန်ခိုးကြောင့် မြွေမကိုက်ချေ။ ဖွင့်ထားသော ပါးစပ် ပိတ်သွား၏။ ချိန်ထားသော လက်နက် ပြန်ကျသွား၏။ အမျက်ထွက်သော ဆင်ပြောင်ကြီး ရှောင်သွား၏။ မီးငြိမ်းသွား၏။ အဆိပ်သည် အာဟာရဖြစ်သွား၏။ ရန်သူသည် ကျေးကျွန်ဖြစ်လာ၏။ ကျော့ကွင်းမဖွဲ့မိ'

ဟု ရှင်းပြတော်မူပါသည်။

ပရိတ်ဟူသော ဝေါဟာရသည် ဘုရားမပွင့်မီကပင် ထွန်းကားနေသော ဝေါဟာရဖြစ်သည်။ ပရိတ်ချည်၊ ပရိတ်သဲ အသုံးအဆောင်လည်း ထွန်းကားနေသည်။ သို့သော် ထိုပရိတ်ဟူသည် ယနေ့တွင်ကျယ်နေသော ပရိတ်တော်များကား မဟုတ်ချေ။ ဘုရားအလောင်း မယလုလင်တို့ သုံးသော ပရိတ်ဟူသည် 'ငါးပါးသီလ၊ မေတ္တာ၊ ဒါန၊ လမ်းပြင်ခြင်း၊ ရေတွင်း၊ ရေကန်တူးခြင်း' တို့ဖြစ်သည်။

ထိုအရာတို့သည် မန္တန်လည်း မည်၏။ ပရိတ်လည်း မည်၏။ အင်အားလည်း မည်၏။

တေလပတ္တဇာတ်၌ ပရိတ်ချည်၊ ပရိတ်သဲကို စီရင်သည်ဟု ပါသည်။ မည်သည့်အရာကို ပရိတ်ခေါ်မှန်း မသိရချေ။

မြတ်စွာဘုရားလက်ထက်တော်၌ကား ပရိတ်ဒေသနာကို မြတ်စွာဘုရားကိုယ်တော်တိုင်သည်လည်းကောင်း၊ တပည့်သာဝကတို့သည်လည်းကောင်း ရွတ်တော်မူလေ့ရှိသည်ကို အထင်အရှား တွေ့လာရပါသည်။ အာယုဝဍ္ဎနသတို့သားဝတ္ထု၌ ခုနစ်ရက်သာ အသက်ကြွင်းတော့သော ကလေးငယ် အသက်ရှင်ရေး၊ အသက်ရှည်ရေးအတွက် ရဟန်းတော်များက

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက်ပတ်လုံး ပရိတ်ရွတ်ပေးတော်မူကြသည်။ ခုနစ်ရက်မြောက်သောအခါ မြတ်စွာဘုရားကိုယ်တော်တိုင်လည်း ပရိတ်ရွတ်ပေးတော်မူပါသည်။ ထို့ကြောင့် ထိုကလေးသည် ဘီလူးစားခံရမည့်ဘေးမှ လွတ်ကင်းပြီး အသက်တစ်ရာ့နှစ်ဆယ်ရှည်သော အာယုဝဍ္ဎနသတို့သား ဖြစ်လာသည်။ ဤနေရာတွင်လည်း အဘယ်အရာကို ပရိတ်အဖြစ် ရွတ်တော်မူကြကြောင်း မသိရချေ။

သို့သော် ယနေ့ ပရိတ်ကြီး ၁၁ သုတ်ကား မြတ်စွာဘုရား သင်ကြားပေးသောပရိတ်၊ ကိုယ်တော်တိုင် ရွတ်တော်မူသော ပရိတ်နှင့် နည်းပေးသော ပရိတ်များ ဖြစ်ပါသည်။

ဝေသာလီပြည်၌ ဘီလူးဘေး၊ ရောဂါဘေး၊ အငတ်ဘေးဆိုက်စဉ်က မြတ်စွာဘုရားသခင်က ရတနသုတ်ပရိတ်ကို ရှင်အာနန္ဒာအား သင်ပေးတော်မူ၍ ရွတ်စေတော်မူပါသည်။ မြတ်စွာဘုရားကိုယ်တော်တိုင်လည်း ရွတ်တော်မူပါသည်။ ထို့ကြောင့် ဝေသာလီပြည်၌ဘေးကြီး ငြိမ်းပါသည်။

မေတ္တသုတ်ပရိတ်ကိုကား နတ်ဘီလူးများနှောင့်ယှက်ခံရသော ရဟန်းတော် များကို သင်ပေးတော်မူခြင်း ဖြစ်ပါသည်။ ထိုရဟန်းတော်များ မေတ္တသုတ် ရွတ်သဖြင့် နတ်ဘီလူးများနှောင့်ယှက်သည့်ဘေး ကင်းဝေးရုံမျှမက ရင်ဝယ်သားကဲ့သို့ ပြုစုစောင့်ရှောက်မှုကိုပင် ခံရသည်။

ခန္ဓသုတ်ပရိတ်ကား မြွေဘေးကြုံရသော ရဟန်းများကို မြတ်စွာဘုရား ချပေးတော်မူသော ပရိတ်ဖြစ်ပါသည်။ ဤပရိတ်တန်ခိုးကြောင့် မြွေအန္တရာယ်ကင်း၏။ မြွေကိုက်ခံရသော်လည်း အသက်မသေရချေ။

မောရသုတ်ပရိတ်ကား ဘုရားအလောင်းနှစဉ် ဥဒေါင်းမင်းဘဝက အိပ်တန်းဆင်းတက်ချိန် နေမင်းကို ရှိခိုးပုံကို ဖော်ပြသော ပရိတ်ဖြစ်ပါသည်။ ဤပရိတ်တန်ခိုးကြောင့် ဥဒေါင်းမင်းကို နှစ်ပေါင်းခုနစ်ရာတိုင် မဖမ်းနိုင်ခဲ့ချေ။

ဝဋ္ဋသုတ်ပရိတ်ကား ဘုရားအလောင်း ငုံးမင်းဖြစ်စဉ်က တောမီး

www.burmeseclassic.com

www.burmeseclassic.com



လောင်ရာ မိဘတို့ ပစ်ခွာကြပုံ၊ အတောင်ရှိလျက် မပျံနိုင်ပုံ၊ ခြေရှိလျက် မသွားနိုင်ပုံကို ခံုတင်၍ သစ္စာပြုသဖြင့် မီးဘေးမှ လွတ်ကင်းရပုံကို ဖော်ပြသော ပရိတ်ဖြစ်သည်။

ဓဇဂ္ဂသုတ်ပရိတ်သည် ကြောက်ခြင်း၊ ကြက်သီးမွေးညင်းထခြင်း ရှိလျှင် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်ကို အောက်မေ့ရွတ်ဆိုက ပျောက်သည်ဟု မြတ်စွာဘုရား မိန့်ကြားတော်မူသော ပရိတ်ဖြစ်သည်။

အာဋာနာဋိယပရိတ်ကား ဒီဃနိကာယ်၊ ပါထိကဝဂ်လာ အာဋာနာဋိယသုတ်ကား မဟုတ်ချေ။ ခုနစ်ဆူသော ဘုရားရှင်တို့ကို ရှိခိုးသည့် ပဏာမခုနစ်ဂါထာမျှသာ ထိုသုတ်မှာပါသည်။ ကျန်ဂါထာများကား ဘုရားဂုဏ်တော်နှင့် ဆုတောင်းမေတ္တာပို့များ ဖြစ်ပါသည်။

အင်္ဂုလိမာလပရိတ်ကား 'ဧဝံ ဝဒေဟိ- ဤသို့ဆိုလော့' ဟု မြတ်စွာဘုရားက အင်္ဂုလိမာလထေရ်ကို သင်ပေးတော်မူပါသည်။ ဤပရိတ်တန်ခိုးကြောင့် အမျိုးသမီးများ လွယ်ကူစွာ သားဖွားရ၏။

ဗောဇ္ဈင်္ဂသုတ်ပရိတ်ကား ဗောဇ္ဈင်္ဂသုတ်အကျယ်ကို ဗောဇ္ဈင် ခုနစ်ပါးအကျဉ်းထား၍ ရှင်မောဂ္ဂလ္လာန်နှင့် ရှင်မဟာကဿပတို့ မကျန်းမာ ခဲ့ ဗောဇ္ဈင်ခုနစ်ပါးကို ဟောရပုံ၊ မြတ်စွာဘုရား နာမကျန်းဖြစ်တော်မူသောအခါ စုန္ဒထေရ်ရွတ်ပေးရပုံကို ဖော်ပြ၍ သစ္စာပြုသော ပရိတ်ဖြစ်ပါသည်။ ဤသုတ်၏ တန်ခိုးကြောင့် ရောဂါပျောက်ရုံမျှမက နိဗ္ဗာန်တိုင်အောင် ရနိုင်ပါသည်။

ပုဗ္ဗဏှသုတ်ပရိတ်ကား သုနက္ခတ္တံစသော သုံးဂါထာသာပါဠိတော်၌ ပါ သည်။ ကျန်ဂါထာတော်များကား အစီးအပွားမဲ့ခြင်းကို ပယ်ရှား၍ အစီးအပွား ရှိအောင် မေတ္တာပွားသောအားဖြင့် ထည့်သွင်းထားသော ဂါထာများ ဖြစ် သည်။

ထိုပရိတ်တော်တို့၏ ရှေ့ဦး၌ မင်္ဂလာပွားစေခြင်းငှာ မင်္ဂလသုတ်ကို ပရိတ်အဖြစ် ထားတော်မူခြင်း ဖြစ်သည်။

ဤသို့အားဖြင့် ပါဠိတော်၌ အထင်အရှားရှိသောသုတ်များ၊ ပါဠိ

www.burmeseclassic.com

www.burmeseclassic.com



တော်ကို အခြေခံ၍ ရှေးဆရာတို့ သီကုံးသော သုတ်များကို ပေါင်း၍ ပရိတ် ကြီး ၁၁ သုတ်အဖြစ် ယနေ့အသုံးပြုနေကြခြင်း ဖြစ်ပါသည်။

ပရိတ်တော်၏ တန်ခိုးကြောင့် သေမင်းကျော့ကွင်းမှ လွတ်ကင်းရပုံကို တက္ကသိုလ်ဆရာတစ်ဦး၏ ကိုယ်တွေ့အတိုင်း တင်ပြသွားမည် ဖြစ်ပါသည်။

❖❖❖

ဆရာကျော်သည် မိတ္ထီလာမြို့ အရှေ့ဘက် တောမလေးရွာ အပါအဝင် ညောင်ပင်သာရွာသား ဖြစ်သည်။ ငယ်စဉ်က ညောင်ပင်သာရွာ လေးထပ်ကျောင်းသား ဖြစ်ခဲ့သည်။ ဆွေမျိုးတော်သူ ဦးပဥ္စင်းဦးဇဝန ရွှေစေတီကျောင်းမှာ ကျောင်းထိုင်သဖြင့် ရွှေစေတီကျောင်းသား ဖြစ်သွားပါသည်။ ဘုန်းကြီးကျောင်းသားအဖြစ် ၁၁ နှစ်သားလောက်အထိ နေလာသဖြင့် ပရိတ်ကြီး ၁၁ သုတ် ကုန်ရုံမက သဂြိုဟ်ကိုပင် တက်ခဲ့ရသည်။ ရွှေစေတီဘုန်းကြီး ဦးဇဝန မရှိသည့်နောက် ဦးဇဋိလ ကျောင်းထိုင်ဖြစ်သည်။ ဦးဇဋိလလမ်းများပြီး စာသင်မပေးသဖြင့် ဆရာကျော်သည် ကိုယ်တိုင် ဆုံးဖြတ်ချက်ဖြင့် ကျောင်းကထွက်သည်။ တောမ မူလတန်းကျောင်း ပြောင်းတက်သည်။

ဆရာကျော် ခုနစ်တန်းဖြေပြီးသည့်နွေတွင် အကြောင်းအားလျော်စွာ ဓမ္မာရုံကျောင်းနှင့် ဆက်မိသည်။ ဓမ္မာရုံဆရာတော်ကလည်း ဆရာကျော်ကို လိုလားသည်။ ထိုကြောင့် ထိုနွေတွင် ဆရာကျော် ကိုရင်ဝတ်သည်။ ကျောင်းဖွင့်ချိန် ကိုရင်ထွက်၍ ရှစ်တန်းတက်သောအခါ ဓမ္မာရုံဆရာတော်က ဦးပဥ္စင်းဦးဉာဏိက အဖော်ရအောင် စာလိုက်စေပါသည်။ နံနက် ၆ နာရီတွင် စာဝါချပါသည်။ ပထမဦးဆုံး ချသည့်စာဝါမှာ ပရိတ်ကြီး နိဿယဖြစ်ပါသည်။ ထိုရှစ်တန်းနှစ်တွင် ပရိတ်ကြီး နိဿယသာမက ကစ္စည်းသဒ္ဒါကြီးပါ တက်ခဲ့ရသည်။

အိမ်နှင့် ကျောင်းနီးသဖြင့် ဆရာကျော် ဓမ္မာရုံကျောင်းမှာပင် ညအိပ်သည်။ ထို့ကြောင့် ညဘုရားဝတ်တက်ချိန်တွင် ဆရာကျော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဝတ်တက်သဖြင့် ပရိတ် ရွတ်ဖြစ်တော့သည်။ ဤအလေ့သည် တက္ကသိုလ် ကျောင်းသားအဖြစ် ရောက်သောအခါလည်း စွဲသွားတော့သည်။ ထို့ကြောင့် တက္ကသိုလ် ကျောင်းသားဘဝတည်းက ဥပုသ်စောင့်သည်၊ တရားထိုင်သည်၊ ပရိတ်ရွတ်သည်၊ တက္ကသိုလ်ဆရာ ဖြစ်လာတော့လည်း ဤအတိုင်းပင်။ ၁၉၇၈ ခုနှစ်တွင် စစ်တွေကောလိပ်၌ အမှုထမ်းရသောအခါ ပရိတ်ကို ဝတ်ထား၍ ရွတ်ဖြစ်သည့်အဆင့်သို့ ရောက်ခဲ့ပါသည်။ ဤသို့ ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာတို့ကို ဝတ်ထား၍ ရွတ်ဖတ်သည့် အဆင့် ရောက်ခြင်းသည် နို့ညှာသား ကိုမျိုးတစ်ယောက် သေမင်း ကျော့ကွင်းမှ လွတ်မြောက်ဖို့ အကြောင်းတရား ဖြစ်လာရသည်ကို နောင် အချိန်ကျမှ ဆရာကျော် ကောင်းကောင်းကြီး သိခဲ့ရပါသည်။ သေမင်း ကျော့ကွင်းမှ လွတ်မြောက်ခဲ့ပုံ အကြောင်းစုံကို ဆရာကျော် ဖောက်သည် ချသည့်အတိုင်း မိမိက ပြန်လည် တင်ပြရန် အားထုတ်ခြင်းသာ ဖြစ်ပါ သည်။

ဆရာကျော်၏ နို့ညှာသား ကိုမျိုးကို ၁၉၇၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၇ ရက်နေ့တွင် မွေးပါသည်။ သားကို ထိန်းသောအခါ ကလေးထိန်း သူတို့၏ ထုံးစံအတိုင်း သီချင်းဆို၍ မထိန်းပါ။ ပရိတ်ရွတ်၍လည်းကောင်း၊ ဓမ္မစကြာရွတ်၍လည်းကောင်း ထိန်းပါသည်။ ပုခက်လွှဲပြီး ကလေးသိပ် သည့်အခါလည်း ဤအတိုင်းပင် လွှဲသိပ်ပါသည်။ ကလေးနေမကောင်း လျှင် ကလေးငယ်ထိပ်ကို လက်ဝဲနှင့်အုပ်၍ သရဏဂုံသုံးပါးကို ဦးခံ၍ မန်းပါသည်။ ဆေးတိုက်လျှင်လည်း သရဏဂုံကို ဦးခံမန်းပြီးမှ တိုက်ပါ သည်။

၁၉၇၉ ခုနှစ်ဆန်းတွင် ကိုမျိုး ဝက်သက် ပေါက်ပါသည်။ ဝက် သက်က အတော်ပြင်းသဖြင့် ကိုမျိုး ခမျာ အတော်ခံရရှာပါသည်။ သည် ကြားထဲ ဝမ်းက ဖောက်လာပြန်ပါသည်။ ရေမချိုးရမီအတွင်း တစ်ညတွင် အသက်ဘေးစိုးရိမ်ရသည့် အခြေသို့ ဆိုက်ခဲ့ပါတော့သည်။ ထိုအခါ ည ကြီးမင်းကြီး အချိန်မတော်ဖြစ်ရကား ဘုရား၊ တရားကိုသာ အားကိုး၍

www.burmeseclassic.com



ထားပြုပြီး ဘုရားကူ,ကူရပါတော့သည်။ ကလေးကို ရင်ခွင်ထဲ ပွေ့ပြီး ဗောဇ္ဈင်္ဂပရိတ်ကို အခေါက်ပေါင်းများစွာ ရွတ်ပေးပါတော့သည်။ မင်္ဂလသုတ်၊ မေတ္တာသုတ်ပရိတ်ကို အခံထားပြီး ဗောဇ္ဈင်္ဂပရိတ်ကို အခေါက်ပေါင်းမည်မျှထိ မသိရ။ ခဏ,ခဏ ရွတ်ပေးနေပါသည်။ ငယ်ထိပ်ကို လက်ဝါးနှင့် အုပ်၍လည်း သရဏဂုံကို ဦးခံ၍ မန်းပေးပါသည်။ နံနက်လင်းသောအခါ အတော်သက်သာသွားပါသည်။ သို့သော် ဝက်သက်ဝမ်းလိုက်မှာ ကြောက်သဖြင့် နေ့ခင်းဘက်တွင် လှည်းတန်းဈေးအနောက်ဘက်ရှိ ဆရာကြီး ဦးခင်မောင်ရီထံ ပြေးရပါတော့သည်။

ထိုနေ့ကအဖြစ်ကို ဆရာကျော် ပြောပြသည်ကို ယုံတောင် မယုံချင်ပါ။ အဘယ်ကြောင့်ဆိုသော် တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့ နေ့ခင်းက လှည်းတန်းနှင့် မနီးမဝေးတွင် မီးလောင်မှု ဖြစ်ပါသည်။ လှည်းတန်းဈေးနှင့် နီးသဖြင့် ဆရာကြီးဦးခင်မောင်ရီတို့ မိသားစုမှာ အထုပ်ကြီး၊ အထုပ်ငယ် ထုပ်ပြီး ပြေးရန် တပြင်ပြင် ဖြစ်နေကြပါသည်။ ကံအားလျော်စွာ စောစောစီးစီး မီးညွန့်ကျိုးသွားပါသည်။ မီးဘေးစိတ်ချရပြီဆိုမှ ဆရာကြီးတို့ခမျာ အေးအေးဆေးဆေး ထိုင်နိုင်ပါတော့သည်။

ဆရာကျော်တို့ ရောက်သွားသောအခါ ဆရာကြီးဦးခင်မောင်ရီတို့မှာ စိတ်ချလက်ချ ထိုင်မိခါစ ရှိပါသေးသည်။ အထုပ်အပိုးများကလည်း ငုတ်တုတ်ရှိနေဆဲပါ။ ဤသို့သော အခြေအနေတွင် ဆရာကြီးဦးခင်မောင်ရီမှာ သမားပီသလှပါသည်။ မိမိတို့ ကြုံတွေ့ရသည့် ဒုက္ခကို မေ့ထားကာ ဆရာကျော့်သား ကိုမျိုးကို စမ်းသပ်ကြည့်ရှုပြီး သောက်ရမည့်ဆေး၊ ကျွေးရမည့်ဓာတ်စာများ စီမံပေးလိုက်ပါသည်။

ဆရာကြီးဦးခင်မောင်ရီ၏ ဆေး ဦးသွားသဖြင့် သားလေးကိုမျိုးမှာ အသက်ဘေးမှ လွတ်ကင်းခဲ့ရသည်ကို ဆရာကျော်မှာ ကျေးဇူးတင်မဆုံး ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် မီးလောင်နေချိန် ဖြစ်သဖြင့် အတားအဆီးများကြားမှ ခဲရာခဲဆစ် အရောက်သွားကာ ဆေးကုခဲ့ရ၍ ဖြစ်သည်။ ညက သေလုမြောပါး ဝေဒနာခံစားနေရသော ကလေးမှာ နောက်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



သက်သာလာရုံမျှမက အသက်မသေထိုက်၍ ဆေးကုသမှုခံယူခွင့် ရခဲ့သောကြောင့် ဖြစ်ပါသည်။

ဤအကျိုးတရားကို သားလေးကိုမျိုး အဘယ်ကြောင့် ခံစားခွင့်ရခဲ့ပါသနည်း။ ဤအမေး၏ အဖြေကို ဆရာကျော် အထပ်ထပ် စဉ်းစားသုံးသပ်နေမိပါသည်။ တဖြည်းဖြည်းကျမှ အဖြေမှန်ကို သိလာရတော့သည်။ ဗောဇ္ဈင်္ဂပရိတ်တော်၏ တန်ခိုးကြောင့် ကိုမျိုးတစ်ယောက် သေမင်းကျောကွင်းမှ လွတ်မြောက်ခဲ့ရသည်ဟု အခိုင်အမာ ယုံကြည်လာပါတော့သည်။

ကိုမျိုးဘက်ကလည်း ကုသိုလ်ဆက်ရှိသည်။ မွေးကင်းစကတည်းက သရဏဂုံသုံးပါး၏ အကျိုးတရား ခံစားခဲ့ရသည်။ ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာ တရားတော်တို့ကို နာယူခဲ့ရသည့် ဓမ္မဿဝနကုသိုလ်ကောင်းမှု ရှိသည်။ ဖခင်ဖြစ်သူ ဆရာကျော်ဘက်ကလည်း အခါအားလျော်စွာ ဥပုသ်စောင့်ခြင်းဖြင့် သီလဝန္တ သီလရှိသူဖြစ်ခြင်း၊ ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာ တို့ကို အမြဲ မပြတ် ရွတ်ဖတ်ပူဇော်ခြင်း၊ မိမိသားအတွက်ဖြစ်၍ သားဆီမှ ဘာကိုမျှ မျှော်ကိုးစရာမရှိဘဲ မေတ္တာ၊ ကရုဏာသက်သက်ဖြင့် ရွတ်ခြင်း ဖြစ်ရကား ပရိတ်တရားတော်၏ အကျိုးတရားကို ကိုမျိုးခံစားရခြင်း ဖြစ်ပါသည်။

ကိုမျိုးပေါက်သည့် ဝက်သက်မှာ ဆင်ဝက်သက်မျိုး ဖြစ်ပါသည်။ ရောဂါခံစားရသူ ကလေးအဖို့ မြော့နေအောင် ခံရပါသည်။ ဆေးဦးသည့်တိုင် အတော်ပင် ကုယူရသည်။ ရောဂါဒဏ်ပြင်းလွန်းသဖြင့် ကလေးကျောကုန်းကို စမ်းလျှင် ကျောက်ခဲ၊ အုတ်ခဲစမ်းရသကဲ့သို့ မာကျောနေသည်။ အသားဟူ၍ မရှိချေ။ ၁၉၇၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ကိုတိုး၊ ကိုဇော်တို့ကို ရှင်ပြုသောအခါ ကိုမျိုးခမျာ ကောင်းကောင်းပင် မထိုင်နိုင်ရှာ။ သူ့တင်သားမှာ ရှုံ့နေသည်။ ခါးက ကုန်းနေသည်။ ဝက်သက်ဒဏ်ကို အလူးအလဲ ခံလိုက်ရသဖြင့် အားရှိမည့် အစားအစာများ ကျွေးကာ မနည်းကြီး မွေးခဲ့ရပါသည်။

ကိုမျိုးလေးကိုယ်တိုင်ကလည်း ကုသိုလ်ကံ အခံမရှိ၊ ဆရာကျော်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အမြဲရွှတ်ဖတ်ပူဇော်နေကျ မဟုတ်ဘဲ အရေးကြုံမှ ထပြီး ပရိတ်ရွှတ်ပေးပါမှုကား ဤအကျိုးတရားကို ကိုမျိုးတစ်ယောက် ခံစားကောင်းမှ ခံစားရပေမည်။

ယခုမူ မီးဘေး ဗရုတ်ဗရက်ကြီးထဲတွင် ခဲရာခဲဆစ်မရောက်ရောက်အောင် ဆေးဆရာထံသွားရပြီး ဆရာဖြစ်သူ သမားတော်ကိုယ်တိုင်ကလည်း မေတ္တာရှေ့ထား၍ ကုစားပေးသည်။ ကလေးကိုယ်တိုင်မှာလည်း ဗောဓိပ္ပင်(?) ပရိတ်နာထားသည်။ အမြဲလိုလို ပရိတ်၊ ပဋ္ဌာန်း၊ ဓမ္မစကြာ တစ်မျိုးမျိုး နာကြားထားရသည့် ကုသိုလ်အခံရှိသည်။ ဤသို့ အကြောင်းသင့်သဖြင့် ကံကောင်းခြင်းတွေ စုပုံဆုံစည်းကာ သေမင်းကျော့ကွင်းမှ လွတ်မြောက်ခဲ့ ရခြင်း ဖြစ်ပါသည်။

ဆရာကျော်ကိုယ်တိုင် သေမင်းကျော့ကွင်းမှ လွတ်ခဲ့ရပုံကိုလည်း တင်ပြပါဦးမည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း

## - ၂ -

၁၉၇၉ ခုနှစ်မှစ၍ ဆရာကျော်တစ်ယောက် ကံဆိုးမိုးမှောင်ကျသည်ဟု ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် ဇူလိုင်လ ၁၅ ရက်နေ့ ညနေတွင် ဆရာကျော်တစ်ယောက် ကားတိုက်ခံရ၍ ဖြစ်သည်။

ကားတိုက်ခံရသည့်နေ့ နံနက်ကစ၍ ဆရာကျော်သည် ဂုဏ်တော်တစ်သောင်း ပုတီးစိပ်ရန် အဓိဋ္ဌာန်ဝင်ခဲ့ပါသည်။ နံနက်ပိုင်းက ငါးထောင်ပြီးခဲ့ပြီး ဖြစ်သည်။ ညကို ငါးထောင်စိပ်ရမည်။ ဤနည်းဖြင့် ဂုဏ်တော်တစ်သောင်းစိပ်ရန် အဓိဋ္ဌာန်ထားသည်။ ထိုနေ့သည် သမီးအငယ်ဆုံး မသီရိမွေး၍ ဆယ်ရက်သာ ရပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်အပျက်ဖြစ်ချိန်က ဆရာကျော်သည် ဝွတ္တလစ်မြောက် အရှေ့ အရှေ့ဗဟိုလမ်းမှာနေသည်။ လမ်းထိပ်မှာ ဒေါ်ငွေရ မုန့်ဟင်းခါး ဆိုင်ရှိသည်။ ဒေါ်ငွေရတို့နှင့် မည်သို့ရေစက်ပါသည် မသိပါ။ ရန်ကုန် ရောက်သည်ကစ၍ တူလို၊ သားလို ခင်ရှာသည်။ ဆရာကျော် ရန်ကုန် တက္ကသိုလ်မှာ ဆရာဖြစ်လာသောအခါ ငယ်ကတည်းက ကွဲသွားသော အစ်ကိုဝမ်းကွဲ ကိုသာပို၏ ဆက်သွယ်လာမှုဖြင့် ဝွတ္တလစ်သို့ ရောက်ခြင်း ဖြစ်သည်။ ကိုသာပိုမှာ ဝွတ္တလစ်ဈေးရှေ့ရှိ ကျောက်ရေတွင်းလမ်းထဲ၌ အိမ် ပိုင်လေးနှင့်နေသည်။ ဇနီးလည်းရှိသည်။ ကိုသာပိုကို အကြောင်းပြုပြီး ဝွတ္တလစ်ထဲမှာ သံသရာလည်ခဲ့ရာ ယခုအဖြစ်အပျက်ဖြစ်ချိန်၌ အရှေ့ဗဟို လမ်းထဲမှာ နေနေပါသည်။

မုန့်ဟင်းခါးသည် ဒေါ်ငွေရ၏ သားနှစ်ယောက်မှာ ကိုသာပိုနှင့် အဆက်အသွယ် ရှိသည်။ ကိုသာပိုမှတစ်ဆင့် ဆရာကျော်အပေါ် ခင်မင် ခဲ့ကြသည်။ စာပေဝါသနာပါသူချင်းဖြစ်၍ သံယောဇဉ်တွယ်ခဲ့ကြသည်။ နောင်သောအခါ ကိုသာပိုနှင့် အဆက်ပြတ်ကာ ဆရာကျော်နှင့်သာ အဆက်အသွယ်ပြုခဲ့ကြသည်။ ဒေါ်ငွေရ၏ သားအကြီး ကိုအောင်ချမ်းသာ မှာ ရန်ကင်းဓာတ်သတ္တုရုံးမှ အရာရှိတစ်ဦး ဖြစ်သည်။ သို့သော် သူက ရိုးသည်။ အမေ့ဆိုင်မှာထိုင်ပြီး မုန့်ဟင်းခါးရောင်းသည်။ စာအုပ်ဆိုင်လေး လည်း တွဲဖွင့်ထားသည်။ ညမိုးချုပ်ရောက်တိုင်း ဆရာကျော် လမ်းထိပ်ထွက် ၍ စာဖတ်လေ့ရှိသည်။

ဆရာကျော် ကားတိုက်ခံရမည့် ညနေကလည်း ကိုမျိုးကိုထိန်းရင်း ဆရာကျော် လမ်းထိပ်ထွက်သည်။ ဒေါ်ငွေရဆီမှာ ကလေးကို မုန့်ဟင်းခါး ကျွေးသည်။ ကျွေးပြီး အိမ်ပြန်ရောက်တော့ (၆) နာရီ မထိုးတတ်သေး။ ထို့ကြောင့် မြန်မာစာဌာနမှ ဆရာမဒေါ်သန်းသန်းရှိရာ ရန်ကင်းဘက် သွားလိုက်ဦးမည်။ ပြန်လာလျှင် ဘုရားရှိခိုးမည်ဟု ဇနီးသည် တိုးတိုးကို ဆရာကျော်က ပြောသည်။ မိုးချုပ်နေပြီ၊ မသွားပါနှင့်လားဟု သူက တားသည်။ သားလေးကိုမျိုးကလည်း မသွားရအောင် ပုဆိုးစကို ဆွဲထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မယားကော သားပါ တားသည့်ကြားမှ 'ခဏလေးပါ' ဟုဆိုကာ ဆရာကျော် ထွက်ထွက်သွားသည်။

အရှေ့မြို့ပတ်လမ်းဘက်မှနေ၍ အ. မ. က(၄) ကိုကျော်ကာ ဝွတ္တလစ်လမ်းမကြီးဘက် ထွက်ခဲ့သည်။ ရန်ကင်းဘက်ကွေ့သည့် လမ်းဆုံရောက်တော့ လမ်းကူးမည်စိတ်ကူးသေးသည်၊ မကူးဖြစ်။ ရှေ့ဆက်လျှောက်သည်။ ရန်ကင်းကောလိပ်ဟောင်းလောက် ကြားမှတ်တိုင်နား ရောက်သောအခါ 'ဒီနေရာက ကူးလေမှပဲ' ဟု ဆရာကျော်ကြံသည်။ ကူးဖြစ်သည်၊ မကူးဖြစ်သည် ဆရာကျော် မသိပါ။

ဆရာကျော် လမ်းကူးမည်ကြံစဉ်က တစ်ဖက်ကမ်းတွင် အသက် ၅၀ ခန့် အမျိုးသမီးကြီးတစ်ယောက်၊ အသက် ၃၀ ကျော် အမျိုးသမီးတစ်ယောက်၊ ၈ နှစ်နှင့် ၆ နှစ်ခန့် မိန်းကလေးနှစ်ယောက်တို့ လျှောက်နေကြသည်။ သူတို့ကို မြင်သောအခါ 'ဒီနေရာက ကူးလေမှပဲ' ဟု ဆရာကျော် ဆုံးဖြတ်မိသည်။

ဆရာကျော် မြင်လိုက်ရသော ဤမိသားစုသည် တကယ့်သက်ရှိထင်ရှား လူများလော၊ ပရလောကသားများလော ဆရာကျော် ကွဲကွဲပြားပြား မသိတော့ပါ။ အဘယ်ကြောင့်ဆိုသော် ဆရာကျော် သတိရချိန်တွင် ရန်ကုန်ဆေးရုံကြီး (၁၇/၁၈) ထိခိုက်ဒဏ်ရာရသည့်ဌာနသို့ ရောက်နေပြီဖြစ်ပါသည်။

သတိရ၍ ကြည့်လိုက်သောအခါ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ဆရာဟောင်း ဦးလှကြည်ကို တွေ့ရသည်။ ထိုအချိန်က ဆရာဦးလှကြည်မှာ ရာထူးဝန်အဖွဲ့တွင် ဒု-ရဲအုပ်လောင်းများကို စိတ်ပညာဖြင့် စစ်ဆေးရသည့် ဒုတိယညွှန်ကြားရေးမှူး ဖြစ်နေပါသည်။ ပြီးတော့ နိုင်ငံတော်ကောင်စီဝင် ဦးစိုး၏သား ဗိုမြ (မြစိုး) ကိုလည်း တွေ့ရပါသည်။

ဆရာဦးလှကြည်က 'ဆရာ. . . ဘယ်သွားတာလဲ' ဟု အတွင်မေးသည်။ ဆရာကျော်က 'ပုတီးပေးပါ' ဟု အတွင်တောင်းသည်။ ကောင်းကောင်း သတိရသောအခါမှ 'ဆရာမ ဒေါ်သန်းသန်းဆီ သွားမလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေနိုင်တော့သည်။ ဆရာဦးလှကြည်က 'ဆရာ . . . ဘာဖြစ်သလဲ၊ သိ လား'ဟု မေးပါသည်။ ဆရာကျော်က 'ဘာဖြစ်လို့လဲ' ဟု ပြန်မေး ပါသည်။ 'ဆရာကားတိုက်ခံရတယ်' ဟု ဆရာဦးလှကြည်ဖြေမှ ဆရာကျော် တစ်ယောက် မိမိဘာဖြစ်သည်ကို သိတော့သည်။

ညရောက်သောအခါ မခံနိုင်အောင် နာသဖြင့် ဆရာကျော် ဆေး တောင်းသောက်သည်။ ဗတ်စပရို အပဲ့အစွဲကိုပင် ရှားရှားပါးပါး သောက်ခဲ့ ရသည်။ ထို့ကြောင့် နံနက်လင်းသောအခါ တက္ကသိုလ်ဆေးရုံပြောင်းမည် ဟုပြောပြီး တက္ကသိုလ်ဆေးရုံ ပြောင်းတက်သည်။

ဆရာကျော် ကားတိုက်ခံရသည့်ဖြစ်စဉ်ကို ကြည့်လိုက်သောအခါ တိုက်သူက တပည့်၊ အတိုက်ခံရသူက ဆရာဖြစ်နေသည်။ ကားတိုက်မှု ဖြစ်သူမှာ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒ နောက်ဆုံးနှစ်ကျောင်းသား ခင် မောင်မြင့် ဖြစ်သည်။ သို့သော် သူ့မှာ ကားမောင်းလိုင်စင်မရှိ၍ လိုင်စင် ရှိသူ မျိုးဝင်းဟု လိမ်ပြောထားသည်။ တကယ်လည်း မျိုးဝင်းမှာ ဘေးက ပါခဲ့သည်။ ခင်မောင်မြင့်အဖို့ ကံဆိုးခြင်း ဖြစ်သည်။ နံနက်ပိုင်းတုန်းက ရေကူးစဉ်ကလည်း ရေနစ်သေးသည်ဟု သိရသည်။ ထိုနေ့က သူမောင်း သော ဂျစ်ကားဖြင့် ဆရာကျော် အတိုက်ခံရခြင်း ဖြစ်သည်။ ဆရာကျော် လမ်းပေါ် ရောက်နေချိန်တွင် ကားဟွန်းသံ အဆက်မပြတ်ပေးသည်၊ မရဟု ဆိုသည်။ နောက်ဆုံးတွင် တိုက်မိသည်အထိ ဖြစ်ခဲ့ရသည်။ ဘရိတ်ကို အတင်းနင်း၍ အုပ်မှုကြောင့် ဆရာကျော်ကို တိုက်အပြီးတွင် ဂျစ်ကား လည်း မှောက်သွားသည်ဟု ဆရာကျော်နောက်မှ သိရပါသည်။ သူကိုယ် တိုင်မူကား မည်သည့်ကားမျိုးဖြစ်သည်၊ ကား ဘာဖြစ်သွားသည် လုံးဝ မသိခဲ့ပါ။

ကားတိုက်ခံရသောကြောင့် ဆရာကျော်တစ်ယောက် ဘယ်ဘက် နံရိုးလေးချောင်းကျိုးသည်။ ဘယ်ဘက်ညှပ်ရိုး ကျိုးသည်။ လူကောင်း ပကတိဖြစ်မှ အိမ်ပြန်မည်ဟု စိတ်ခွာနှ်၍ တက္ကသိုလ်ဆေးရုံမှာ တက်နေ သည်။ ဇနီးသည်တိုးတိုးမှာ သွေးနုသားနုမို့ လာမကြည့်နိုင်။ ခင်မောင်မြင့်

www.burmeseclassic.com



အိမ်က တာဝန်ယူ၍ ပြုစုသည်။ ဗိုဌေးဆိုသူက လူနာစောင့်လုပ်သည်။

ဆရာကျော် ကားတိုက်ခံရသောနေရာကား နာမည်ကြီးသည်၊ မြေကြမ်းသည့်နေရာဟု ဆိုသည်။ ကားတိုက်ခံရသူမှန်သမျှ အရှင်နည်း၍ အသေများသည်ဟု ကျော်စောသည်။ ဤနေရာမျိုးမှ သွား၍ ဖြစ်ရသည်။ သို့သော် ဆရာကျော် ကံကောင်းသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ဖော်ကိုင်ဖက်များရှိရာ ဌာနနားမှာဖြစ်သောကြောင့် ဖြစ်ပါသည်။ ကားတိုက်မှု ဖြစ်သည်ကြား၍ တိုက်ပေါ်မှ ကပျာကယာ ပြေးဆင်းလာသော ဆရာဦးလှကြည်မှာ စွပ်ကျယ်လက်ပြတ်၊ ခုံဖိနပ်နှင့်။ ဗိုမြမှာလည်း အလားတူပင်။ သူတို့၏ ကူညီစောင်မမှုဖြင့် ဆရာကျော် ရန်ကုန်ဆေးရုံကြီးသို့ အမြန်ဆုံး ရောက်ခဲ့ရခြင်း ဖြစ်သည်။ သို့မဟုတ်လျှင် တာဝန်ယူ၍ ဆေးရုံပို့မည့်သူ အခက်အခဲ ရှိနေဦးမည်။

ဆရာကျော်တစ်ယောက် သေကံမရောက်၍ သက်မပျောက်ရသည်မှာ အဘယ်ကြောင့်ပါနည်း။ ဆရာကျော်သည် ထိုအချိန်မတိုင်မီက မပြတ် အဓိဌာန်ဝင်သည်။ ပရိတ်ပဌာန်းရွတ်သည်။ မေတ္တာပို့သည်။ ကားတိုက်ခံရသည့်နေ့ကလည်း ဂုဏ်တော်တစ်သောင်းစိပ်ရန် စ၍ အဓိဌာန်ဝင်သောနေ့ ဖြစ်သည်။ ဤသို့သော ဂုဏ်တော်တန်ခိုးကြောင့်လည်းကောင်း၊ ပရိတ်တော်၏ တန်ခိုးကြောင့်လည်းကောင်း သေမင်းကျော့ကွင်းမှ လွတ်မြောက်ခဲ့ရခြင်း ဖြစ်သည်။

တက္ကသိုလ်ဆေးရုံ တက်နေစဉ်အတွင်း ဆရာကျော်မှာ ပက်လက်သာ နေရပါသည်။ ရက်ပေါင်းများစွာ မထနိုင်ပါ။ သုံးပတ်လောက်ရှိမှ ထနိုင်၊ လျှောက်နိုင်သည်။ မသက်မသာနေနေရစဉ်ကာလမှာပင် ဆရာကျော်သည် ညစဉ် ပရိတ်ရွတ်သည်။ အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်သည်။ ရန်ကုန်ဆေးရုံကြီး အရိုးကုဌာနသို့ ရက်ချေ၍ သွားပြရသောအခါမှ အရိုးကျိုးလျှင် အသက်ရှူလေ့ကျင့်ခန်း လုပ်ရကြောင်း သိရသည်။ သို့သော် ဆရာကျော်အဖို့ အာနာပါနကမ္မဋ္ဌာန် စီးဖြန်းခြင်းသည် အသက်ရှူလေ့ကျင့်ခန်း လုပ်ပြီးသား ဖြစ်သွားတော့သည်။ ထို့ကြောင့် ကျိုးသော

www.burmeseclassic.com

www.burmeseclassic.com



အရိုးများ အမြန်ဆုံး သက်သာသွားသည်။ တစ်လရှိသောအခါ လူကောင်းအဖြစ်နှင့် တက္ကသိုလ်ဆေးရုံမှ ဆင်းခဲ့ပါတော့သည်။

ဤသို့အားဖြင့် ဆရာကျော် ဆောက်တည်ခဲ့သော သီလကုသိုလ်၊ ပရိတ်ကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်မှု ဓမ္မပူဇာကုသိုလ်၊ အာနာပါနသတိကမ္မဋ္ဌာန်း စီးဖြန်းခြင်း၊ ဂုဏ်တော်ပွားများခြင်း၊ ဗုဒ္ဓါနုဿတိ ဘာဝနာကုသိုလ်အစုစုကြောင့် ဆရာကျော်မှာ သေမင်းကျော့ကွင်းမှ လွတ်ကင်းခဲ့ရပါတော့သည်။

ဤတစ်ကြိမ်တွင် ဆရာကျော်တစ်ယောက် သေမင်းကျော့ကွင်းမှ လွတ်မြောက်နိုင်ခဲ့သော်လည်း နောက်တစ်ခါ ဤအခွင့်အရေးမျိုး ရပါဦးမည်လော၊ စောင့်ကြည့်စေချင်ပါသည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း

## - ၃ -

၁၉၈၁ ခုနှစ်သို့ ရောက်သောအခါ ဆရာကျော်တစ်ယောက် ကံဆိုးမိုးမှောင်ကျပြန်ပါသည်။ အသက်အန္တရာယ်ကို ခြိမ်းခြောက်သည့် အဖြစ်မျိုး ကြုံတွေ့ရဦးလိမ့်ဦးမည်ဟု လုံးဝ မထင်ခဲ့ပါ။ ကားတိုက်ခံရပြီးသည်မှာ မကြာသေး၍ အသက်အန္တရာယ်အတွက် စိုးရိမ်စရာ မရှိဟု ထင်မှတ်ခဲ့သည်။ သူကြုံတွေ့ခဲ့ရသည့် အခြေအနေကို ဆရာကျော် ပြောပြချက်အရ အခြေခံ၍ တင်ပြပါမည်။

ထိုနှစ် ဧပြီလ ၁ ရက်နေ့တွင် ပုဂံ အပါအဝင် မြန်မာနိုင်ငံသုတေသနခရီးထွက်မည်ဟု ဆရာကျော်တို့ဌာနက စီမံကိန်းဆွဲထားသည်။ ကြီးကြပ်မည့် ဆရာထဲတွင် အမျိုးသားဆရာ မပါ၍ ဆရာကျော် လိုက်မည်ဟု ဆုံးဖြတ်သည်။ တာဝန်သိသိဖြင့် တာဝန်ယူခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျော်မှာ နှစ်စဉ်, နှစ်စဉ် နှစ်ဦးကို ကြိုဆိုသောအားဖြင့် သကြ်န်ရက်များကို ဗဟိုပြု၍ အဓိဋ္ဌာန်ဥပုသ်ကိုးရက်၊ သီတင်းကျွတ်ကို အခြေပြု၍ အဓိဋ္ဌာန်ဥပုသ်ကိုးရက် စောင့်လာသည်မှာ အတော်ကြာပြီ။ ယခုလည်း ခရီးသွားရမည်ဖြစ်၍ ခရီးမထွက်မီ အဓိဋ္ဌာန်ဥပုသ်ကို ကြို၍ စောင့်လိုက်သည်။ မတ်လ ၃၁ ရက်နေ့ကို အဆုံးထား၍ ဥပုသ်စောင့်သည်။ ဤသို့မှမလုပ်လျှင် ခရီးသွားရင်း ဥပုသ်စောင့်ရန်မှာ မလွယ်။ ဤ အဓိဋ္ဌာန်ဥပုသ်စောင့်ရင်း ခါတိုင်းထက်ထူး၍ လုပ်သည့် အဓိဋ္ဌာန်မှာ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိကို နေ့စဉ် ရွတ်ဖတ်ပူဇော်ခြင်း ဖြစ် ပါသည်။ အာရုံထဲ ပေါ်လာသဖြင့် အားရပါးရ ပူဇော်ခြင်း ဖြစ်ပါသည်။

သုတေသန ခရီးစဉ်ကို ကြီးကဲသူက မတ်လ ၃၁ ရက်နေ့ သန်းခေါင်ကျော်လျှင် ခရီးထွက်မည်ဟု အသိပေးထားပါသည်။ အချိန်မရွေး လာခေါ်ပါ၊ လိုက်ရန်အသင့်ဟု ဆရာကျော်က အာမခံသည်။ ထို့ကြောင့် ခရီးစဉ်အတွက် ဝန်စည်စလယ်အဆင်သင့်၊ ဥပုသ်ထွက်လျှင် စားရန် အသင့်ပြင်ဆင်၍ စောင့်သည်။

ထိုစဉ်က ဆရာကျော်သည် ဂွတ္တလစ်အရှေ့ ဗဟိုလမ်းမှာ နေနေဆဲဖြစ်သည်။ ထို့ကြောင့် ရန်ကင်းမှာနေသော ကျောင်းသားခင်မောင်ဦးက ည ၉ နာရီထိုးသောအခါ လာခေါ်သည်။ ဆရာကျော်လည်း အလွယ်တကူပင် ထ,လိုက်သွားသည်။ သို့သော် လမ်းထိပ်ရောက်တော့ အငှားကားလုံးဝ, မရပါ။ နာရီနှင့်ချီ၍ကြာသွားသည်။ ဆက်၍ မစောင့်ချင်တော့သဖြင့် ခင်မောင်ဦးကို 'မင်းတို့ထွက်တဲ့အခါ လာခေါ်ရင် လိုက်မည်' ဟုပြောပြီး ပြန်လွှတ်လိုက်ပါသည်။ မိုးစင်စင်လင်းသည့်တိုင် လာမခေါ်ပါ။ အားလုံးကတော့ ထင်ကြမည့် 'ဆရာကျော်တစ်ယောက် စိတ်ကောက်ပြီး မလိုက်ဘဲ နေသည်' ဟု. . . ထင်လည်း ထင်ကြပါသည်။

သို့နှင့် အချိန်တန်တော့ ကျောင်းသွားသည်။ ညနေအိမ်ပြန်ခါနီးမှာပင် အော့အန်ပြီး နေမကောင်းဖြစ်လာသဖြင့် တက္ကသိုလ်ဆေးရုံသို့ အမြန်ပြေးရသည်။ အနား[illegible]က်လာသည့် ကားတစ်စီးကို အငှားအညီ

www.burmeseclassic.com

www.burmeseclassic.com



တောင်းပြီး ဆေးရုံပို့ခိုင်းရသည်။ ဆေးရုံရောက်တော့ ပျာပျာသလဲ ပြုစုကုသပေးကြပါသည်။ ကားတိုက်ခံရစဉ်က လနှင့်ချီ၍ ဆေးရုံတက်ခဲ့သဖြင့်လည်း အားလုံးနှင့် ရင်းနှီးနေသည်။ တက္ကသိုလ်ဆေးရုံဝန်ထမ်းများ ကိုယ်တိုင်ကလည်း မိသားစုစိတ်ဓာတ်ရှိသည်။ ထို့ကြောင့် ဆေးရုံတက်ရန် တိုက်တွန်းသည်။ ဆရာကျော်က မတက်ဟုငြင်းကာ အိမ်ကို အတင်းပြန်ခဲ့သည်။

ညရောက်တော့ မခံနိုင်ဘဲ အော်ဟစ်နေရသည်။ အိမ်ရှေ့မျက်စောင်းထိုးမှာ ဒေါက်တာကျော်မြင့်ရှိနေ၍ တော်တော့သည်။ သူကလည်း အညာသား၊ ရေစကြိုက ဖြစ်သည်။ အညာသားချင်းမို့ တရင်းတနှီး ရှိသည်။သူ့ကို အကူအညီတောင်းရသည်။ သူက ဆေးရုံတက်မှဖြစ်မည်ဟု ပြောသည်။ ဤတစ်ချီတွင် ဆရာကျော် မငြင်းနိုင်တော့။ ဒေါက်တာကျော်မြင့်၏ အစီအစဉ်ကို လက်ခံလိုက်ရသည်။

ထိုအချိန်က ဒေါက်တာကျော်မြင့်မှာ ရန်ကုန်ဆေးရုံကြီး ဓာတ်မှန်ဌာနတွင် အရေးပါသူတစ်ဦး ဖြစ်သည်။ သူကပင် ဆရာကျော်ကို ဆေးရုံခေါ်သွားပေးသည်။ သူ့မျက်နှာကြောင့် ဆရာကျော်မှာ ခြေတစ်လှမ်းမလှမ်းရ။ လက်တွန်းလှည်းပေါ်မှာ အသာအိပ်လိုက်သွားရသည်။ သူ့နာမည်နှင့်ပင် ဆေးရုံတင်ပေးသည်။ အခန်း ၅/၆ ဆရာဝန်ကြီးဦးသိန်းညွှန့်ဌာနမှာ ဖြစ်ပါသည်။ ဒေါက်တာကျော်မြင့်နှင့် နာမည်ချင်း ခပ်ဆင်ဆင်မို့ ညီအစ်ကိုရင်းထင်ကာ ဆေးရုံကလည်း အစွမ်းကုန်ပြုစုသည်။

ထိုအချိန်က ဆရာကျော့်သားအကြီးဆုံး ကိုတိုးမှာ ဆယ်တန်းဖြေပြီးစ ဖြစ်သည်။ ထို့ကြောင့် သူ့ကို ညစောင့်ထားရသည်။ ဆေးရုံရောက်စ ပထမညတွင် အလူးအလဲခံရသည်။ ပန်ကရိယရောင်သည့် ရောဂါဟု ဆိုပါသည်။ သေလုမြောပါး ခံစားရသည့် ရောဂါဖြစ်သည်။

သားကြီးကိုတိုး မစောင့်သည့် ညတစ်ညတွင် ဆရာကျော်အတွက် ဓာတ်ဆားရည် အရေးပေါ်လိုလာပါတော့သည်။ ညစောင့်ကလည်း မရှိ။ ကြိုတင်၍ ပြောမထားသဖြင့်လည်း ဆေးရည်က မဝယ်ရ။ ဆေးရုံကမရှိ။

www.burmeseclassic.com

www.burmeseclassic.com



တာကိုသာ အစားသွင်းပေးပါဟု ဆရာကျော်က တောင်းပန်ရတော့သည်။ တာဝန်ကျဆရာမကလည်း တော်ရှာပါသည်။ ဆရာကျော် တောင်းပန်သည့်အတိုင်း ဓာတ်ဆားရည်သွင်းပေးပါသည်။ ထိုညက ဆရာကျော်ကို ဓာတ်ဆားရည် သုံးပုလင်း သွင်းရပါသည်။ အခြားလူနာနှင့်စာလျှင် ဆရာကျော် ကံကောင်းသည်ဟု ဆိုပါသည်။ အချို့ဓာတ်ဆားရည်သွင်းရသည့် လူနာများမှာ ဆေးရည်ကုန်ပြီး သွေးများပင်လိုက်နေပါသည်။ ဆရာကျော်မှာသာ ကံကောင်းထောက်မ၍ ဆေးရုံက ဆေးရည်သွင်းပေးခြင်း ဖြစ်ပါသည်။

ဆရာကျော်မှာ ခွဲစိတ်ကုဆရာဝန်များကိုမြင်လျှင် ဆရာဇော်ဂျီ၏ အသုံးအတိုင်း 'ကြက်တူရွေး' များလာပြီဟု ဆိုသည်။ ခွဲစိတ်ကုဆရာဝန်များမှာ ဝတ်ရုံ ခေါင်းအုပ်၊ ပါးစပ်ဖုံးအားလုံး အစိမ်းချည်းဖြစ်ရာ ကြက်တူရွေးဟု ဆိုလည်း ဆိုချင်စရာပင်။ ဤအရာများကိုမြင်လျှင် ဆရာကျော် ကြောက်စိတ်ဝင်သည်။ ဆရာဝန်မလေးကို မေးကြည့်ရသည်။ 'ခွဲမှာလား' ဟု. . .။ ဆရာကျော်မှာ ခွဲစိတ်ကုသမှုကို မခံချင်ပါ။ ၁၉၆၈ ခုနှစ်တွင် အူအတက်ရောင်စဉ်က တစ်ယောက်တည်း ဆေးရုံတက်၍ ခွဲခဲ့ဖူးသော်လည်း ချုပ်ရိုးဖြေချိန်မှစ၍ ကြောက်စိတ်ဝင်သွားသည်။ အခွဲစိတ် မခံချင်တော့။ ဆရာဝန်ကြီး ဦးသိန်းညွှန့်ကို 'တက္ကသိုလ်ဆေးရုံ ပို့ပေးပါ' ဟု ဆရာကျော်က တောင်းပန်သည်။ မရပါ။ "Observation" (စူးစမ်းလေ့လာသည့်သဘော) နှင့် ထားနေတာ' ဟု ဖြေပါသည်။ ဆရာကျော်မှာ ကြက်တူရွေးကိုမြင်လျှင် ကြောက်နေပါသည်။

ဤသို့ဖြင့် သကြန်အကြိုနေ့ ရောက်သောအခါ ဆရာကျော်ဆေးရုံမှ ဆင်းခွင့်ရပါတော့သည်။ ဆရာကျော်မှာ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ အဘယ်ကြောင့်ဆိုသော် ဆရာကျော် ခံစားရသောရောဂါမှာ အသက်အန္တရာယ်နှင့် အလွန်နီးသည်။ ခရီးသွားဖြစ်ပါက ပုဂံ-ညောင်ဦးလောက်တွင် ရောဂါဝေဒနာသည်း၍ သေပွဲဝင်ရမည့်ကိန်း ဖြစ်သည်။ အလောင်းပင် ပြန်မရောက်နိုင်သည့် အနေအထားမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဌာနမှ ဆရာကျော့် လုပ်ဖော်ကိုင်ဖက်များက ဆရာကျော်ကို လူ ရွှတ်၊ လူ့ဂွစာတစ်ယောက်၊ လိုက်ချင်လိုက်၊ မလိုက်ချင်နေဟု ထားသွားကြ ခြင်း ဖြစ်ပါသည်။ သို့သော် ဆရာကျော်ကမူ မခေါ်ဘဲ ထားသွားသည်ကို ပင် အတိုင်းမသိ ကျေးဇူးတင်နေမိသည်။ သူတို့ မခေါ်ဘဲ ထားသွားသဖြင့် လည်း ဆရာကျော်မှာ သေမင်းကျော့ကွင်းမှ လွတ်မြောက်ခဲ့ရခြင်း ဖြစ်ပါ သည်။

ဆရာကျော်သည် သူ့ဖြစ်စဉ်ကို ပြန်လှန်သုံးသပ်ကြည့်သည်ဟု ဆို ပါသည်။

-ခရီးသွားမှာမို့ ကြို၍ ဥပုသ်စောင့်ခြင်း ဖြစ်သည်ဟု သာမန် တွက်ဆ၍ ရသော်လည်း အဘယ်ကြောင့် ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ တော်ကို အမိဌာန်ဖြင့် ရွှတ်ဖတ်ပူဇော်ခဲ့သည်ဆိုသည်ကိုလည်း ကောင်း၊

- တက္ကသိုလ်ဆေးရုံက ဆေးရုံတက်ရန် တိုက်တွန်းပါလျက် ဘာ ကြောင့်ဆေးရုံမတက်ခဲ့သည်ကိုလည်းကောင်း၊

-ဒေါက်တာကျော်မြင့်နှင့်ကျမှ အဘယ်ကြောင့် ဆေးရုံတက်ဖြစ်ခဲ့ရ သည့် အဖြစ်ကိုလည်းကောင်း၊

-အမျိုးသားဆရာတစ်ယောက် ကြီးကြပ်ရန် ပါသင့်သည်မှန်ပါ လျက် အဘယ်ကြောင့် မခေါ်ဘဲ သွားကြသည်ကိုလည်းကောင်း

ဆရာကျော် နားမလည်နိုင်ပါ။ ဝေလည်း မဝေခွဲနိုင်ပါ။

ဆရာကျော့်အပေါ် ကျရောက်မည့် မမြင်နိုင်သော အန္တရာယ် ဆိုးကို ဆရာကျော်ပြုသော သီလကုသိုလ်၊ ဘာဝနာကုသိုလ်နှင့် ပဋ္ဌာန်း ဒေသနာတော်ကို ပူဇော်သည့် ဓမ္မပူဇာကုသိုလ်တို့က တားဆီးခဲ့ဟန် တူသည်ဟုသာ ဆရာကျော် ကောက်ချက်ချမိပါသည်။

ထို့ကြောင့်လည်း မိမိကို မခေါ်ဘဲ သွားကြသဖြင့် ဆရာကျော်မှာ စိတ်မကွက်၊ အထင်မလွဲ၊ ဘာသိဘာသာပင် မထူးမခြား ရှိခဲ့သည်။ သို့ သော် ထိုနေ့မှာပင် ရုတ်တရက် ဝေဒနာပေါ်ပြီး ဆေးရုံရောက်၊ နောက်နေ့

www.burmeseclassic.com



ဆေးရုံတက်ပြီး ကုသမှု ခံယူရသောအခါကျမှ သူတို့မခေါ်ဘဲသွားခြင်းသည် ဆရာကျော်အတွက် ကုသိုလ်ကံကောင်းခြင်းပါလားဟု သိခဲ့ရပါသည်။

ကုသိုလ်ကံထောက်မ၍ ဆရာကျော်တစ်ယောက် သေမင်းကျော့ကွင်းမှ လွတ်မြောက်ခဲ့ရပြန်ပါပြီ။ နောက်တစ်ကြိမ်တွင် ဤသို့ လွတ်ပါဦးမည်လော။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း

## -၄-

ဆရာကျော်တစ်ယောက် ဥပဒ္ဒေဝကကံဖြင့် မသေထိုက်ပြီလော မပြောတတ်ပါ။ ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြေးနေသော ကားပေါ်မှ ပြုတ်ကျခဲ့ရပြန်သည်ဟု သိရပါသည်။ ဆရာကျော့်အပြော အရ ငယ်စဉ်ကလည်း ချောင်းမကြီးထဲ ဝါးတစ်ပြန်လောက်နက်သော ချောက်ထဲ၌ ရေနစ်ဖူးသည်တဲ့။ ရေနစ်စဉ်က ကလေးတစ်ယောက်ကို ကျောပိုး၍ ရေကူးရင်းနစ်သည်ဟု ဆိုပါသည်။ ၆ တန်း၊ ၇ တန်းလောက် တုန်းကလည်း ရင်းဘား (Ringber) ကစားရင်း ဦးခေါင်းဖောက်ထိုး ကျခဲ့ဖူး သည်။ ပထွေးလေး၊ ယောက်ဖ အကူအညီတောင်း၍ လှည်းပေါ် ပြောင်းရိုး ထုံးတင်ပေးရာ လက်ကြားထဲမှ မြွေပွေးထွက်သွားဖူးသည်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျော့် တစ်သက်တာတွင် သေကွင်း သေကွက် အဖြစ်အပျက်များ အတော်စုံသည်။ သို့သော် ယခုတိုင် ဥပဒ္ဒေဒကကာ် မပါ၍ထင့်။ သေမင်းကျော့ကွင်းမှ လွတ်မြောက်နေရသည်။

ယခုလည်း ကားပေါ်က ကျပြန်ပြီ။ ထိုနေ့က ဆရာကျော် မသွားချင်ပါ။ ဆရာဝန်ကြီး ဦးသာလှသမီး မင်္ဂလာဆွမ်းကျွေးရှိသည်။ ဝတ္တရားအရ သွားရမည်။ ကူညီရမည် မှန်သော်လည်း ဆရာကျော် မသွားချင်ပါ။ ယခင်နေ့ ညနေကတည်းက ဦးစံငြိမ်းက မေးသည်။ "နက်ဖြန်လာမလား" တဲ့။ ဆရာကျော်က မလာဟု ဖြေသည်။ မြတ်ဆုမွန်က မေးတော့လည်း အလားတူ အဖြေပေးခဲ့သည်။ သို့သော် ကာယကံရှင် ဆရာကြီးကိုယ်တိုင်က "ခင်ဗျားတို့လာခဲ့ကြ" ဟု အပြန်တွင် မှာလိုက်သဖြင့် မသွားချင်ဘဲ သွားရခြင်းဖြစ်သည်။ သို့သော် တကယ့်တကယ်တွင် လူကိုယ်တိုင်ကား မရောက်တော့ပါ။ အကျိုးအကြောင်း ဖော်ပြသည့်စာသာ ရောက်သွားပါတော့သည်။

ထိုနေ့နံနက်က အိမ်က မထွက်ချင် ထွက်ချင်ထွက်သည်။ အိမ်ကအထွက် အိမ်ရှေ့တွင် ဈေးရောင်းသည့် ခင်လှက "ဆရာ အစောကြီးပါလား" နှုတ်ဆက်သည်။ ဆရာကျော်က "ငါ သွားချင်လို့ သွားရမှာ မဟုတ်ဘူး၊ ငါမသွားချင်ဘူး။ မဖြစ်လို့သာ သွားရတာ" ဟု ပြောမိသေးသည်။ မကြာလိုက်ပါ။ မြောက်ဥက္ကလာ မေဓာဝီလမ်းဆုံမှတ်တိုင်မှ အမှတ် ၄၃ ကားလေးစီးသည်။ ကားထွက်၍ အရှိန်ရချိန် လမ်းဆုံအကျော် ဝေပုလ္လသမဝါယမှတ်တိုင်ရှေ့အရောက်တွင် ဆရာကျော်မှာ ကားနောက်မြီးမှ ပြုတ်ကျပါတော့သည်။

ဆရာကျော်ပြုတ်ကျသည်မှာ အကျတော်၍ ကံကောင်းတော့သည်။ တင်ပါးနှင့်ကျလျှင် တင်ပါးရိုးကျိုးမည်။ ဦးခေါင်းဖြင့်ကျလျှင် ကုလားနတ်ပွဲလှည့်စဉ် အုန်းသီးခွဲသကဲ့သို့ ခေါင်းကွဲပြီး သေရမည်။ ဘယ်ဘက်လက်မောင်းရင်းဖြင့်ကျသဖြင့် လက်မောင်းရင်းက ကျိုးသွားသည်။ ကားပေါ်က ကျ၍ လက်ကျိုးသည့်အတွက် ကားသမားကို ဘာဒုက္ခမှ မပေးပါ။ သူတို့

www.burmeseclassic.com



ဆိက ဘာအကူအညီမှလည်း မလိုချင်ပါ။ သူတို့ကိုလည်း အပြစ်မတင်ပါ။ မိမိကံမကောင်း အကြောင်းမလှ၍သာ ဖြစ်ရသည်ဟု ဆရာကျော် ခံယူသည်။ ၁၉၇၉ ခုနှစ်အတွင်း ကားတိုက်ခံရစဉ်ကလည်း ဤအတိုင်းပင် သဘောထားခဲ့သည်။ လျော်ကြေးဆိုသည်ကို ရွံရှာသည်။ ထို့ကြောင့် ကားနှင့် မဖြစ်စလောက် ခိုက်မိသည်နှင့် သောင်းနှင့် သိန်းနှင့်ချီ၍ ငွေတောင်းသည်ကို ဆရာကျော်ရွံသည်။ ဤနည်းဖြင့် စီးပွားမရှာကောင်းဟုလည်း ခံယူသည်။

ဆရာကျော် ကားပေါ်က မကျခင် ရက်အတန်ကြာကတည်းက ဘာကြောင့်ဟူ၍မသိ၊ ဆရာကျော်သည် ဗောဇ္ဈင်သုတ်နှင့် ပဋ္ဌာန်းသုတ်ကို မပြတ်ရွတ်နေမိသည်။ အထူးသဖြင့် လမ်းသွားရင်းလာရင်း ရွတ်ဖြစ်သည်။ လမ်းသွားသည်နှင့် ထိုသုတ်များသာ အာရုံထဲ ပေါ်လာသည်။ ကားပေါ်မှ ကျသည့်နေ့ကလည်း အိမ်က ထွက်လာကတည်းက ကားဂိတ်ရောက်သည် အထိ ဤနှစ်သုတ်ကိုပင် ရွတ်ပါသည်။

ဤအဖြစ်အပျက်ဖြစ်ချိန်တွင် ဆရာကျော်သည် မြောက်ဥက္ကလာ၊ မရမ်းကုန်း၊ မင်္ဂလာဒုံ သုံးမြို့နယ်၏ အစပ်ဖြစ်သည့် ကျောက်ရေတွင်း မြောက်ပိုင်းတွင် နေနေပြီ ဖြစ်ပါသည်။ ဆရာကျော်က သူ့နေရာကို 'မသုံးလုံးနယ်မြေ' ဟု သုံးလေ့ ရှိပါသည်။ ထိုနေရာလေးတွင် မြေဝယ်၍ အိမ်ဆောက်နေသည်မှာ ၁၉၈၆ ခုနှစ် မေလထဲက ဖြစ်သည်။ ဆရာကျော် အိမ်ကနေ မေဓာဝီလမ်းဆုံထိ ၁၅ မိနစ်ခန့် လမ်းလျှောက်ရသည်။ ဤခရီး အကွာအဝေးသည် ဆရာကျော်အဖို့ ရိုးနေပြီ။ ဝွတ္တလစ်မှာနေတုန်းကလည်း ကုက္ကိုင်းလမ်းဆုံထိ လမ်းလျှောက်လေ့ရှိသည်။ လမ်းလျှောက်ရင်း ပရိတ်ရွတ်သည်။ မေတ္တာပို့သည်။ ဂုဏ်တော်ပွားသည်။ ယခုလည်း ဤသို့ ရွတ်ပွား၍ ကားတက်အစီးမှာ ကားအရှိန်ရကာမှ ကားပေါ်မှကျခြင်း ဖြစ်သည်။

ဆရာကျော်မှာ အန္တရာယ်နှင့် ကြုံရတော့မည်ဆိုလျှင် ကြိုတင်၍ အကာအကွယ်ယူထားပြီး ဖြစ်နေသည်။ ကားတိုက်ခံရစဉ်ကလည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတက်ရစဉ်ကလည်းကောင်း အကာအကွယ်များ ကြိုတင်လုပ်ထားနိုင်ခဲ့သဖြင့် သေမင်းကျော့ကွင်းမှ လွတ်ကင်းခဲ့ရပြီ။ ယခုတစ်ဖန် ကားပေါ်မှကျသည့်အခါလည်း အကာအကွယ် လုပ်ထားမိလျက်သား ဖြစ်နေသည်။ ယခုကိစ္စ၌လည်း ဗောဓိုင်သုတ်နှင့် ပုဗ္ဗဏှသုတ်ကို ဘာကြောင့် ရွတ်နေမိသည်ကို ဆရာကျော် လုံးဝ မသိပါ။ ရွတ်ချင်စိတ်ပေါ်လာ၍သာ ရွတ်ခြင်းဖြစ်ပါသည်။

ဆရာကျော်မှာ ရှေ့ဖြစ်ကို မြင်နိုင်သည့်အစွမ်းလည်း မရှိပါ။ လိမ္မာရေးခြား ရှိလာသည့်အချိန်မှစ၍ ရတနာသုံးပါး ဆည်းကပ်သည်။ ဆရာ၊ မိဘကို ရိုသေလေးစားသည်။ ကြီးသူကို ရိုသေသည်။ ရံဖန်ရံခါ ဉပုသ်စောင့်သည်။ တရားထိုင်သည်။ တက္ကသိုလ်ကျောင်းသားဘဝထဲက တရားထိုင်လာရာ ယနေ့ထိ တစ်ခါမှ သမာဓိ မရဖူးပါဟု ဆရာကျော်က ဝန်ခံပါသည်။ တစ်ခါတစ်ရံ တရားထိုင်ရင်း ငိုက်ပင်ငိုက်နေပါသေးသည်ဟု ဆိုပါသည်။ ထို့ကြောင့် သီလသမာဓိဂုဏ်ကြောင့် ဤသို့ တင်ကြိုပြုထားခြင်း ဖြစ်သည်ဟု မဆိုနိုင်ပါ။

ဆရာကျော် ဇွတ္တလစ်မှာနေစဉ်က မင်္ဂလာသိဒ္ဓိလမ်းထဲမှ ပါကစ္စတန် (ဘုန်းကြီးလူထွက်) အဘိုးကြီးဆီမှာ ဗေဒင်ကြည့်သောအခါ ဆရာကျော်ကို "ဘိုးတော်နှင့် မယ်တော်စောင့်သည်" ဟု ဟောဖူးသည် ဆိုပါသည်။ ဘိုးတော်ဆိုသူကို မည်သူမှန်း မသိပါ။ သိကြားမင်းကို ဆိုလိုသလားမသိပါ။ မယ်တော်နှင့် ပတ်သက်၍ကား သူရဿတီဟု ကွဲကွဲပြားပြားသိခဲ့ရသည်ဟု ပြောပြပါသည်။ သူရဿတီနှင့် ပတ်သက်၍ ဆရာကြီးဦးဆန်းထွန်းနှင့် ဆွေးနွေးသောအခါ "တခြားနာမည်နှင့် ရှိနေလျှင် ဘယ့်နှယ့်လုပ်မလဲ" ဟု ဆရာကြီးဦးဆန်းထွန်း သတိပေးဖူးသည်ဟု ဆိုပါသည်။

အန္တရာယ်ကျရောက်တိုင်း ကျရောက်တိုင်း ဆရာကျော် သက်သာရာရနေခြင်းမှာ အံ့ဩစရာကောင်းသည်။ ဆရာကျော်ကိုယ်တိုင်လည်း အံ့ဩနေသည်။ ဘာကြောင့်ဟူသည်ကို ဆရာကျော် မသိပါ။ တွေးလည်း မတွေးတတ်ပါ။ ဆရာကျော်၏ ဘဝဖြစ်စဉ်တွင် ဤသို့ အထူးအဆန်းများ

www.burmeseclassic.com

www.burmeseclassic.com



များစွာ ရှိနေပါသည်။ (နောင်အကြောင်း ညီညွတ်လျှင် ဆရာကျော်၏ ဘဝ ထဲမှ ထူးဆန်းသောဖြစ်ရပ်များကို တင်ပြပါဦးမည်။)

ဆရာကျော် တက္ကသိုလ်ကျောင်းဆရာဖြစ်ပြီးစက ဘာသာရေးနှင့် ပတ်သက်၍ အများအမြင်တွင် ပေါ့ပျက်ပျက် ဖြစ်ခဲ့ဖူးပါသည်။ တိုးတိုး အမေကဆိုလျှင် ဆရာကျော်ကို ကွန်မြူနစ်ဟု သတ်မှတ်ပါသည်။ အမေ နှင့် ညီမလေးတို့ ရန်ကုန်လာသောအခါများက ဘုရားစုံ လိုက်ပို့ပါသည်။ သို့သော် ဆရာကျော် ဘုရားကို ဦးချချင်မှ ချပါသည်။ ထိုအဖြစ်ကို ညီမလေး မခင်ထွေးက သတိထားမိသည်။ အမေ့ကို ပြောသည်။ "အစ်ကို ကျော်က ဘုရားရောက်ရင် ကလေးချီသလိုလိုနဲ့ ယောင်ပေ ယောင်ပေ လုပ်နေတယ်" တဲ့။ အမှန်လည်း ဆရာကျော် ရှိမခိုးခဲ့ဟု ဆိုပါသည်။ သို့သော် ဆရာကျော်အတွင်းစိတ်ခံ၌ ဘုရားရှိပါသည်။ "ပုံတော်ကို မကျော်နိုင်၊ ဂုဏ်တော်ကို မထင်နိုင်သဖြင့်သာ ရှိမခိုးခြင်းပါ" ဟု ဆရာ ကျော်က ရှင်းပြပါသည်။

ဆရာကျော်၌ ဘာသာရေးအခြေခံ လေးနက်သဖြင့်လည်း ဥပုသ် စောင့်ခြင်း၊ တရားထိုင်ခြင်း၊ ဒုလ္လဘရဟန်းခံခြင်း ပြုခဲ့ခြင်း ဖြစ်ပါသည်။ ဆရာကျော်သည် သူ့အဖြစ်ကို သူ ဆန်းစစ်ကြည့်သောအခါ သဒ္ဓါတရား အားနည်း၍ ဖြစ်ရကြောင်း သိရသည်။ ထို့ကြောင့် ဘုရားဂုဏ်၊ တရား ဂုဏ်၊ သံဃာဂုဏ်ကို အဖန်ဖန်ပွားများသောအခါမှ သဒ္ဓါတရား အား ကောင်းလာကြောင်း၊ သာသနာ့နွယ်ဝင်ဆိုလျှင် ကိုရင်လေးမှအစ ကြည်ညို တတ်လာကြောင်း ဆရာကျော်က ဖြောင့်ချက်ပေးပါသည်။

သဒ္ဓါတရားထက်သန်လာချိန်မှစ၍ ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှုကို တတ်အားသမျှ အားသွန်ခွန်စိုက် လုပ်ခဲ့သည်။ ဤ အကျိုးတရားကို ခံစားရခြင်းလည်း ဖြစ်နိုင်ပါသည်။

မည်သို့ဆိုစေ ဇော်ဗျူင်သုတ်နှင့် ပုဗ္ဗဏှသုတ်၏ တန်ခိုးတော်ကြောင့် ဆရာကျော်တစ်ယောက် သေမင်းကျော့ကွင်းမှ လွတ်မြောက်ခဲ့ရပြီ ဖြစ်ပါ သည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း

## - ၅ -

၁၉၈၂ ခုနှစ်အတွင်း ဆရာကျော် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေတွင် အမှုထမ်းနေစဉ်က အဖြစ်အပျက်ကို ဖော်ပြပါဦးမည်။ တစ်နေ့တွင် ဆရာကျော့်အစ်ကို ကိုခင်မောင် (ဝင်း)ထံမှ တယ်လီဖုန်း ဝင်လာသည်။ "အမေ အသည်းအသန်ဖြစ်နေသည်" တဲ့။ ဆရာကျော့်အစ်ကိုမှာ ကိုခင်မောင် ဖြစ်ပါသည်။ သူ့ဘာသူ ဝင်းထပ်ထည့်သဖြင့် ကိုခင်မောင်ဝင်းဟု ရုံးစာရင်းပေါက် နာမည်ဖြစ်နေပါသည်။ သို့သော် မိသားစုအားလုံးနှင့် ရွာသူရွာသားများက ကိုခင်မောင်ဟုပင် ခေါ်ကြပါသည်။

သူသည် ငယ်စဉ် ကိုရင်လေးဘဝကပင် လူးခင်းကြီး တောကျောင်းသွားနေသည်။ ထို့နောက် လက်နှိပ်စက်သင်သည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးသွားပြီး စာသင်သား လုပ်နေသည်။ မန်းရာပြည့်နှစ်က လူထွက်သည်။ သက်န်းဝတ်နှင့်ရှိစဉ် ဆယ်တန်းဖြေသည်။ ဆရာကျော် ဂုဏ်ထူးတန်း ပထမနှစ်ရောက်မှ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်သည်။ ထိုမှနောက်တွင် ကိုခင်မောင် ရွာပြန်နေသည်။ သူရွာပြန်ရောက်မှ မိသားစုအတော်စိတ်ဆင်းရဲရသည်။ ငယ်စဉ်က မိသားစုနှင့် ခွဲသွားခဲ့သည်ဖြစ်ရာ ယခုကဲ့သို့ မိသားစုနှင့် ပြန်နေရသောအခါ မိသားစုအပေါ် သူချစ်ပုံသည် မိသားစုအဖို့ စိတ်ကျဉ်းကျပ်စရာ ဖြစ်လာခဲ့သည်။ အရွယ်ရောက်နေပြီဖြစ်သည့် ညီမငယ်နှစ်ယောက်ကိုလည်း မျက်စိအောက်က အပျောက်မခံ၊ ရေခပ်သွားလျှင်လည်း ကြာပြန်ပြီ. . . စသည်ဖြင့် ဖြစ်လာသောအခါ သူ့ဆိုလျှင် ကြောက်လည်း ကြောက်ကြသည်။ ရွံ့လည်း ရွံ့ကြသည်။ သို့သော် နောက်ပိုင်းတွင် သူ့အမူအရာ ပြောင်းသွားသည်။ မိသားစုအတွင်း မရှိမဖြစ် အရေးပါသူ ဖြစ်လာခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် မိဘကို ပြုစုရာ၌ သူမတူသော သားလိမ္မာတစ်ယောက် ဖြစ်လာခဲ့သောကြောင့် ဖြစ်ပါသည်။

ဆရာကျော့်အဖေ ၁၉၆၆ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့က ဆုံးပါသည်။ ဆရာကျော့်အဖေ နေမကောင်းဖြစ်နေစဉ်အတွင်း အစစအရာရာ လိုလေသေးမရှိအောင် ပြုစုသူမှာသူပင် ဖြစ်ပါသည်။ သူ့လက်ပေါ်မှာ အဖေမျက်စိမှိတ်ခဲ့သည်။ ယခုအမေကျပြန်တော့လည်း သူပင် ပြုစုပါသည်။ အဖေနှင့်အမေ ကံချင်းမတူပါ။ အဖေ့ကို ပြုစုတုန်းက သူ့မှာ အလုပ်အကိုင် မရှိပါ။ အမေနှင့် ညီမထွေး မခင်ထွေးတို့ ဈေးရောင်းသည့်ဝင်ငွေနှင့် ဆရာကျော်၏ ထောက်ပံ့ငွေပေါ် သာမှီခိုခဲ့ရသည်။ ဆရာကျော့် အမေ ဒေါ်လှယဉ် နေမကောင်းဖြစ်ချိန်တွင်ကား ကိုခင်မောင်မှာ မိတ္ထီလာချည်မျှင်နှင့် အထည်စက် လုံခြုံရေးဌာနတွင် ဝန်ထမ်းတစ်ယောက် ဖြစ်နေပြီ။ အပေါင်းအသင်းလည်း ကောင်းသည်။ ထို့ကြောင့် အကြောင်းရှိလျှင် ရန်ကုန်ရှိ ဆရာကျော့်ထံ တယ်လီဖုန်း အလွယ်တကူ ဆက်ပြီး အကြောင်းကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျော့်အမေကို ဆေးကုသရာတွင်လည်း စက်ရုံဆရာဝန် ဒါဝတ်ဂျီကို အိမ်ခေါ်၍ ကုသည်။ ထိုဆရာဝန်ကလည်း သူ့ဆိုလျှင် ဘယ်လိုခင်မှန်းမသိ။ ဘယ်သူ့ဆီမှလိုက်၍ ဆေးမကုသော ထိုဆရာဝန်သည် ဆရာကျော့်အမေကိုကား လိုက်၍ ကုပေးသည်။ ဆေးဖိုးဝါးခလည်း ဟုတ်တိပတ်တိယူသည်မဟုတ်။ မေတ္တာအရင်းခံနှင့် ကုပေးခြင်းသာဖြစ်သည်။ အစ်ကိုဖြစ်သူ ကိုခင်မောင်ကလည်း အပြုအစုကောင်းသည်။ အမေ့ကို အကျအနထားသည်။ အိပ်ရာခင်းဆိုလျှင် ဖွေးရွှနေသည်။ ကိုယ်လက်သန့်စင်ရန်အတွက်လည်း အဆင်သင့်၊ အမေ့ကို ဆီလိမ်း၊ ခေါင်းဖြီး၊ အဝတ်လဲလှယ်ပေးသည်။ အမေ့အဝတ်များကို ကိုယ်တိုင် လျှော်ဖွပ်သည်။ အနံ့နံ မနံ နမ်းကြည့်သေးသည်။ မီးပူတိုက်သည်။ ကိုယ်တိုင်ချက်ကျွေးသည်။ ကိုယ်တိုင်ဆေးတိုက်သည်။ ကိုခင်မောင့်မှာ ဇနီးရှိသည်။ သူ့ဇနီးမှာ ကျောက်ပေါက်မာလည်းပါသည်။ နှုတ်ခမ်းကလည်း ထော်ရကား အကျည်းတန်သည်ဟု ဆိုရမည်။ အမေက သူချက်လျှင် မစားချေ။ ထို့ကြောင့် အစ်ကို ကိုခင်မောင်က ချက်ကျွေးရခြင်းဖြစ်သည်။ "အမေကလည်း ဤအချက်တွင် လွန်သည်ထင်သည်" ဟု ဆရာကျော်က မှတ်ချက် ပြုပါသည်။

ဆရာကျော့်အမေကလည်း သူ့သားမှမဟုတ်လျှင် ဘယ်သူဆေးတိုက်သည်ကိုမှ မသောက်ပါ။ ဘယ်သူကျွေးတာမှ မစားပါ။ အနားမှာ သမီးတွေ၊ မြေးတွေ၊ တူမတွေရှိသည်။ အမေက ဘယ်သူ့မှ မယုံ၊ ဆရာကျော်အမေ့ထံ ရောက်မှ အကြောင်းစုံ သိရသည်ဟု ဆိုပါသည်။

အစ်ကို ကိုခင်မောင်ထံမှ တယ်လီဖုန်းရလျှင်ရချင်း ဆိုင်ရာကို ခွင့်ပန်၍ ညရထားဖြင့် ဆရာကျော် မိတ္ထီလာပြန်သည်။ ရထားပေါ်ရောက်တော့ ဆရာကျော်စဉ်းစားသည်။ တယ်လီဖုန်းအဆိုအရ အသည်းအသန်ဖြစ်နေသည်ဟုသာ သိရသည်။ သေပြီဟု မသိရသေးရကား ဘာမှန်းမသိရသေးသည့် အမေ့အခြေအနေပေါ် အကြောင်းမဲ့ စိတ်ပူနေရမလား၊ အကြောင်းမဲ့ စိတ်ပူလေ့ ဆရာကျော့်မှာ မရှိချေ။ ဘာရယ်ဟု အတိအကျ

www.burmeseclassic.com



မသိရသေးဘဲ ဆရာကျော် မပူတတ်ချေ။ အသင့်အတင့် နှလုံးသွင်းသည်။ ဤသို့ အသင့်အတင့် နှလုံးသွင်းမှု ယောနိသောမနသိကာရရှိအောင်လည်း လေ့ကျင့်ထားသည်။ ထို့ကြောင့် သူ့အမေအတွက် အကျိုးရှိအောင် လုပ်သွားမည်ဟု ဆရာကျော် ဆုံးဖြတ်ပါသည်။ ထိုအချိန်က ဆရာကျော် အမေမှာ အသက် ၇၆ နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ အမေ့ကို အာရုံပြု၍ ဗောဇ္ဈင်သုတ်ကို အခေါက်ပေါင်း ရှစ်ဆယ်တိတိ ဆရာကျော် ရွတ်ပါသည်။ ထိုသို့ရွတ်ရာ၌

ဧတေန သစ္စဝဇ္ဇေန

သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဟူသော အပိုဒ်တိုင်းတွင် တေ ကို ဌာန်နှင့် မာန်နှင့် ရွတ်ပါသည်။ အမေ့ဆီကို စိတ်ကို ပို့ထားသည်ဟု ဆိုပါသည်။ မနက် ၅ နာရီလောက်တွင် ဆရာကျော် ရွာပြန်ရောက်ပါသည်။ အမေ့မှာ အတော်သက်သာနေပါပြီ။ ချော့ချော့မော့မော့နှင့် ဆန်ပြုတ်တိုက်ရာ အကြမ်းပန်းကန်တစ်လုံး ကုန်အောင် သောက်နိုင်ပါသည်။ ဤအဖြစ်ကို မြင်ရသောအခါ ဆရာကျော် ဝမ်းသာသွားသည်။ အမေ သည်တောင်က ကျော်ပြီဟုလည်း စိတ်ချသွားမိပါသည်တဲ့။

တိုက်ဆိုင်မှုတစ်ခုကို ဆရာကျော်က ပြောပါသေးသည်။ ဆရာကျော်တစ်ယောက် မီးရထားစီးရင်း ဗောဇ္ဈင်သုတ်ကို ရွတ်နေချိန်တွင် အစ်ကို ကိုခင်မောင်က အမေ့ကို ကလေးလေပုပ်ထုတ်ဆေး တစ်မတ်ဖိုး တိုက်သည်ဟု ဆိုပါသည်။ ထိုဆေးတန်ခိုးကြောင့် ဆရာကျော် မရောက်မီအတွင်း အမေ့ကိုယ်တွင်းမှ စမြင်းတုံးများ ကျကုန်သည်ဟု ဆိုပါသည်။ ဤစမြင်းခံနေ၍ သူ့အမေ နေမကောင်းဖြစ်ခြင်း ဖြစ်ပါသည်။ စမြင်းမရှိသောအခါ အမေ့မှာ ကျန်းမာလာခဲ့ရခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ဆရာကျော့်အမေ ဒေါ်လှယဉ်မှာ ဆရာကျော်တက္ကသိုလ်ဆရာဖြစ်ချိန်ထိ ဈေးရောင်းတုန်း ရှိသေးသည်။ ဆရာကျော်ကော အစ်ကို ကိုခင်မောင်ပါ မနည်းနားချရသည်။ နောက်ပိုင်းကျမှ အမေဈေးမရောင်းတော့

www.burmeseclassic.com

www.burmeseclassic.com



ပါ။ အမေ့ကို သိမ်ထဲလိုက်ခိုင်းပါသည်။ သိမ်ထဲလိုက်သည်ဆိုသည်မှာ တောမမွေရုံဆရာတော်က သိမ်အဆောက်အအုံထဲမှာ ယောဂီများကို တသင်ပေးသည်။ တရားဟောသည်။ တရားပြသည်။ ထို့ကြောင့် သိမ်ထဲလိုက်သည်ဟု ဆရာကျော်တို့အရပ်က ခေါ်ဟာရပြုပါသည်။ အမေနေမကောင်းဖြစ်ချိန်မှာ ယောဂီတစ်ဦး ဖြစ်နေပေပြီ။ နေ့စဉ် နေ့ခင်း ၁ နာရီ သံချောင်းခေါက်သည်နှင့် အမေတို့ သိမ်ထဲရောက်ပြီ။ မွေရုံဆရာတော်ကြီး နှုတ်တိုက်ချပေးသော တရားလင်္ကာများ ရွတ်ဆိုကြသည်။ မွေရုံဆရာတော် ကြွလာသောအခါ ဆရာတော့်ထံမှ တရားနာပြီး တရားထိုင်ကြသည်။ ယခုအသည်းအသန်ဖြစ်နေချိန်တွင် အမေ့မှာ ယောဂီသက်တမ်းပင် အတော်ရနေပြီ။

အသည်းအသန်ဖြစ်နေသည့် အမေတစ်ယောက် ဘယ်လိုနည်းနှင့် ညတွင်းချင်း နေကောင်းသွားရပါသနည်း။ ဆရာကျော် မဝေခွဲတတ်အောင်ရှိနေပါသည်။ သူ့အစ်ကို ကိုခင်မောင်က ကလေးလေပုပ်ထုတ်ဆေးကို ဘာရယ်မဟုတ် ရည်ရွယ်ချက် မရှိ တိုက်မိတိုက်ရာ တိုက်လိုက်ခြင်းသာဖြစ်သည်။ သို့သော် ဆရာကျော်က အမေ့အတွက် အထူးပြုရည်စူး၍ ဓာတ်ဖျှင်သုတ်ကို ရွတ်ပေးနေချိန်နှင့် တိုက်ဆိုင်သွားရကား ဆေးစွမ်းပြခြင်းသာ ဖြစ်ဖွယ်ရှိပါသည်။ ဆရာကျော်မှာလည်း အိပ်မပျော်တိုင်း အမေ့အတွက် ဓာတ်ဖျှင်သုတ်ရွတ်လိုက်၊ မေတ္တာပို့လိုက်ဖြင့် တစ်ညလုံး လိုက်လာခဲ့သည်ဖြစ်ရာ ဆရာကျော် သာစည်လောက်ရောက်ချိန်တွင် အမေစမြင်းကျချိန် ဖြစ်နေပါတော့သည်။

အမေ့မှာ အသက်ကြွင်းရှိသေးသဖြင့် ဓာတ်ဖျှင်သုတ်၏ အကျိုးကို ခံစားရကာ သေမင်းကျော့ကွင်းမှ လွတ်မြောက်သွားရခြင်း ဖြစ်သည်ဟု ဆရာကျော်က ပြောပါသည်။ အခြားအကြောင်းရှာ၍ မရရကား ဤပရိတ်တော်ကပင်လျှင် ဆရာကျော့်အမေ ဒေါ်လှယဉ်ကို သေမင်းကျော့ကွင်းမှ လွတ်မြောက်စေခဲ့ပြီဟု မှတ်ယူရပါတော့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# သေမင်းကျော့ကွင်းမှ လွတ်မြောက်ခြင်း

## — ၆ —

ပရိတ်ပဋ္ဌာန်းတန်ခိုးဖြင့် သေမင်းကျော့ကွင်းမှ လွတ်မြောက်ခဲ့ရသော ရဟန်းတော်တစ်ပါးအကြောင်းကို ဆရာကျော်က ပြောပြပြန်ပါသည်။ မြောက်ဥက္ကလာပမြို့နယ်၊ ပရွက်ဆိတ်ကုန်းရပ်ကွက် ရွာဦးလမ်းရှိ စိန်မင်္ဂလာကျောင်းမှ ဆရာတော် ဦးသောဘိတအကြောင်း ဖြစ်ပါသည်။ ထိုရွာဦးလမ်းမှာနေသော ရန်ကုန်မြို့ ၂၅ လမ်းထဲရှိ ကြံတိုင်းအောင်ကုမ္ပဏီမှ မန်နေဂျာ ဦးမျိုးမြင့်၏ ဆက်သွယ်ပေးမှုကြောင့် ၁၉၉၀ ပြည့်နှစ်အတွင်းက စိန်မင်္ဂလာဆရာတော်ကို ဖူးတွေ့ခွင့်၊ သိကျွမ်းခွင့် ရခဲ့သည်ဟု ဆိုပါသည်။

ဆရာတော်သည် ရခိုင်အမျိုးသား ဖြစ်သည်။ အသားညိုသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိပြူးသည်။ အရပ်အမောင်းကောင်းသည်။ ဆရာကျော် ဖူးတွေ့ရချိန်တွင် ဆရာတော် ကျန်းမာရေးကောင်းမွန်ပြီး သာသနာရေးကိစ္စများ၊ ဆွမ်းစား၊ ကွမ်းစားအလှူအတန်းများ၊ ပရိတ်ပဌာန်းနာရန် ပင့်သည့်နေရာများသို့ ထီးထမ်း၍ ကြွလေ့ ရှိပါသည်။ ဆရာကျော် သိကျွမ်းခဲ့ရချိန်မှစ၍ မနေ့တစ်နေ့ကတိုင်အောင် ဆရာတော်က ကြွတုန်းကြွဆဲ ဖြစ်ပါသည်။

ဆရာတော်သည် အဘယ်ရောဂါဝေဒနာကို ခံစားခဲ့ရပြီး အဘယ်ပုံ သေမင်းကျော့ကွင်းမှ လွတ်မြောက်ခဲ့ရသည်ကို ဆရာကျော်က ပြောပါသည်။ လွန်ခဲ့သော အနှစ် ၃၀ ခန့်က စိန်မင်္ဂလာဆရာတော်သည် အသံလည်းမထွက် အစာရေစာလည်း မျိုမရသော ရောဂါဝေဒနာကို ခံစားခဲ့ရသည်ဟု ဆိုပါသည်။ ထို့ကြောင့် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံသို့ သွား၍ ဆေးရုံအုပ်ကြီးဦးသာလှိုင်နှင့် ပြသပါသည်။ ဆရာဝန်ကြီးက လည်ချောင်းကင်ဆာဟု သတ်မှတ်ပြီး ရန်ကုန်ဆေးရုံကြီးကင်ဆာအထူးကုဌာနမှ ဆရာဝန်ကြီး ဦးတင်ဝင်းထံ သွားရန် ညွှန်ကြားထားခဲ့ပါသည်။ ဆရာဝန်ကြီးဦးတင်ဝင်းက ရောဂါကုသရန် ဆရာတော်ကို ဆေးဝယ်ခိုင်းပါသည်။

စိန်မင်္ဂလာဆရာတော်မှာ ခန္ဓာကိုယ် မကျန်းမာပါဘဲလျက် ထီးထမ်း၍ ဆေးရှာထွက်ရသည်မှာ အလွန်ဒုက္ခကြီးရှာပါသည်။ ရောဂါအခြေအနေကို သိနေသော သူနာပြုဆရာမကြီးက "မထူးတော့ပါဘူး ဘုရား၊ အပင်ပန်းခံပြီး ဆေးမရှာပါနှင့်တော့" ဟု ညွှန်ကြားထားပါသည်။ အဘယ်ကြောင့်ဆိုသော် ရောဂါလက္ခဏာအခြေအနေအရ စိန်မင်္ဂလာဆရာတော်မှာ ၆ လသာ အသက်ရှင်တော့မည်ဖြစ်ပါသည်။ ၆ လသာ ခံတော့မည့်အကြောင်းကိုလည်း ဆရာဝန်များက အတည်ပြုကြပါသည်။

နောက်ဆုံးတွင် စိန်မင်္ဂလာဆရာတော်မှာ ဆေးရုံမှ ဆင်းခဲ့ရပါတော့သည်။ ဆေးရုံမှ ဆင်းရသောအခါ "ငါ သေရတော့မှာပါလား" ဟူသော အသိဖြင့် စိန်မင်္ဂလာဆရာတော်မှာ အတော်ကြောက်လန့်တုပ်လှုပ်သွားပါတော့သည်။ သဗ္ဗေ ဘာယန္တိ မစ္စုနော-သတ္တဝါတိုင်း သေရမှာ ကြောက်ကြသည် မဟုတ်ပါလော။ သို့သော် "ငါယောဂီသွားပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဘုရားသားပဲ"ဟု စိတ်ကို တအားတင်းခဲ့ရရှာပါသည်။ ၆ လကျော်လျှင် သေရတော့မည်။ သေခြင်းတရားကို မည်သို့ရင်ဆိုင်ရမည်နည်းဟု စိန်မင်္ဂလာ ဆရာတော် စဉ်းစားခဲ့ပါသည်။ မိမိရနေသော သာသနာ့ဝန်ထမ်း ရှင်ရဟန်းဘဝကိုလည်း ခုံမင်သည်။ ထို့ကြောင့် တတ်စွမ်းသမျှ ဘာဝနာပွားမည်။ ပရိတ်ပဋ္ဌာန်းရွတ်မည်ဟု စိတ်ကို ဆုံးဖြတ်တော်မူခဲ့ပါသည်။

ဤသို့ ဆုံးဖြတ်ချက်ဖြင့် အသံမထွက်ပါဘဲ ပရိတ်၊ ပဋ္ဌာန်းကို ကြိုးစား၍ ရွတ်သည်။ ကြာကြာ မရွတ်နိုင်ရှာပါ။ ဤသို့ သေမင်းနှင့် စစ်ခင်းရင်း သေလိုလည်း သေစေတော့ဟု သာသနာအတွက် အသက်နှင်း၍ ရွတ်ဖတ်ပူဇော်ခဲ့သည်။ ဤသို့ဖြင့် သာသနာအတွက် အသက်ပေးရင်း ရဟန်းတရားကို ပွားများခဲ့သည်။

ဤသို့ နေလာရာမှ တစ်နေ့တွင် မိတ်ဆွေရဟန်းငယ်တစ်ပါး လှူနာမေးကြွလာသည်။ ထိုရဟန်းငယ်က သူကြားဖူးသောနည်းကို စိန်မင်္ဂလာဆရာတော်အား လျှောက်ထားသည်။ ထိုနည်းမှာ ဖယောင်းတိုင်ကို ဖြစ်စေ၊ ဆီမီးကိုဖြစ်စေ ထွန်းပြီး ထိုမီးကိုကြည့်ပြီး မိမိရောဂါကို ရှုမြှက်ရသည့် အိန္ဒိယယောဂနည်းဖြစ်သည်။ စိန်မင်္ဂလာ ဆရာတော်သည် ဘုရားကို ဆီမီးပူဇော်သည်ဟု သဘောထားကာ မီးထွန်းသည်။ ပဋ္ဌာန်းရေအိုးကြီးစီရင်၍ ရေအပြည့်ထည့်သည်။ ဤသို့ စီရင်ပြီးသောအခါ အသံမထွက်သည့်ကြားက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို ကြိုးစား၍ ပူဇော်သည်။ ရောဂါဒဏ်ကြောင့် ပြီးဆုံးအောင် မပူဇော်နိုင်ပါ။ သတိမေ့ပြီး လဲသွားသည်။ သတိရသောအခါ ပဋ္ဌာန်းရေဖြင့် အာကိုဆွတ်ပြီး ဆက်ရွတ်သည်။ ရင်ပူလွန်းသဖြင့် မခံနိုင်အောင်ရှိရကား ပဋ္ဌာန်းအိုးကြီးကို ဖက်ထားရသည်ဟု ဆိုပါသည်။

ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်ကို ၂၄ ပစ္စည်းကို အာရုံပြု၍ ၂၄ ရက် x ၃ ကြိမ် = ၇၂ ရက်၊ ၂ လခွဲခန့်ရှိသောအခါ စိန်မင်္ဂလာဆရာတော်မှာ ရေသောက်လာနိုင်သည်။ ရေကို မျို၍ ရလာသည်။ ရေကို မျိုနိုင်လာသောအခါ အချို့အစားအစာအာဟာရတို့ကို မျိုချလာနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနည်းဖြင့် ကြိုး စားအားထုတ်ခဲ့ရာ ၆-လထက်မကျော်နိုင်ဟု ဆရာဝန်များ ဟောကိန်းထုတ် ထားသော စိန်မင်္ဂလာဆရာတော်မှာ သေရမည့်အချိန်တွင် ကျန်းမာပကတိ ချမ်းသာစွာ ရှိလာခဲ့သည်။

ကျန်းမာလာသောအခါ ကင်ဆာအထူးကုဌာနသို့ ကြွသွားသည်။ မှတ်မိနေသော ဆရာဝန်များ၊ သူနာပြုများက တအံ့တဩ ဖြစ်ကြရပါသည်။ ဇာတိဒေသမှ ဆွေမျိုးသားချင်းများနှင့် ဒကာဒကာမများကလည်း သေမည်ဟု သိထားရာ ဆရာတော် ကြွသွားသောအခါ ယုံပင် မယုံကြပါ။ တစ္ဆေလာခြောက်သည်ဟု ထင်မှားကြသည်။

ဘယ်ပုံဘယ်နည်းဖြင့် စိန်မင်္ဂလာဆရာတော် သေမင်းကျော့ကွင်းမှ လွတ်မြောက်ခဲ့ရပါသနည်း။ ဗုဒ္ဓသာသနာတော်အပေါ်၌ အသက်ပေးဝံ့သောစိတ်ဖြင့် ပရိတ်၊ ပဋ္ဌာန်းကို ရွတ်ဖတ် ပူဇော်ခဲ့သောကြောင့်ဖြစ်သည်။ သေရတော့မည်ဟု သိရချိန်၌ ကြောက်လန့်သွားသလောက် မသေခင်စပ်ကြား အသက်ရှည်စွာ နေရစဉ် ကာလအတွင်း၌ ဤဘဝ ရထားသော လျှာနှင့် ပါးစပ်ကို တန်ဖိုးရှိရှိ အသုံးချသွားနိုင်ခဲ့သည်။ အသံမထွက်ပါဘဲ လျက် သဒ္ဓါတရားသက်သက်ဖြင့် ရွတ်ဖတ်ပူဇော်ခဲ့သည်။ ဤသည်ပင် စိန်မင်္ဂလာ ဆရာတော် မှီဝဲသော ဆေးတော်ကြီး ဖြစ်ပါသည်။

ပြီးခဲ့သောလက ဆရာတော်ကို ဖူးတွေ့ရစဉ် ဆရာတော်မှာ အတော်နုံ့သွားပါသည်။ အသားအရေလည်း ဖျော့တော့တော့ရှိသည်။ ကျန်းမာရေးမကောင်းကြောင်း သိရသည်။ ၆ လသာ အသက်ရှင်တော့မည်ဟု ဟောကိန်းထုတ်ခံရသော စိန်မင်္ဂလာဆရာတော်မှာ လည်ချောင်းကင်ဆာဟူသော ရောဂါကို ပရိတ်ပဋ္ဌာန်းတန်ခိုးဖြင့် ကုစားခဲ့ရာ ပျောက်ကင်းချမ်းသာခဲ့သဖြင့် ကျန်းမာချမ်းသာစွာ သာသနာ့ဝန်ကို ထမ်းလာခဲ့ရာ နှစ်ပေါင်း ၃၀ ခန့်ပင် ရှိလာခဲ့ပြီ ဖြစ်ပါသည်။

ယခုအခါ စိန်မင်္ဂလာဆရာတော်မှာ သက်တော်ခုနစ်ဆယ်တွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီ ဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါကြောင့် ငြိမ်ခံနေရသည့်ဘဝသို့ ရောက်နေပါပြီ။ မိမိကိုယ်တိုင် ခံစားခဲ့ရသော အကျိုးတရား

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြန့်ဖြူးသောအားဖြင့် နေမကောင်း၍ လာပင့်လျှင် ထီးထမ်း၍ ကြွပြီး ပရိတ်ရွတ်ပေး၊ ပဋ္ဌာန်းရွတ်ပေးတော်မူသည်။ ကျန်းမာချမ်းသာကြသူများသည်။ အသက်ကြွင်းရှိသူတိုင်း အကျိုးတရား ခံစားကြရပါသည်။ ဒကာ၊ဒကာမများကလည်း ဆရာတော်အပေါ် ယုံကြည်ကိုးစားကြပါသည်။

စိန်မင်္ဂလာဆရာတော်သည် မကျန်းမာသည့်ကြားကပင် စာချမပျက်၊ ရဟန်းတရားကျင့်မပျက်၊ ပရိတ်ပဋ္ဌာန်းအရွတ်မပျက်၊ မိမိ၏ အသက်ရှည်မှုကို အကျိုးရှိအောင် အသုံးချတော်မူလျက် ရှိပါသည်။

ဘဝတစ်ခုကို ရနေချိန်တွင်

အသက်ရှည်ရှည်နေရအောင်

အသက်ရှည်စွာ တည်နေရစဉ်အတွင်း တန်ဖိုးရှိအောင် နေထိုင်သွားဖို့ အရေးကြီးပါသည်။

စိန်မင်္ဂလာဆရာတော်မှာ သေခြင်းတရားကို ပရိတ်ပဋ္ဌာန်းဖြင့် စစ်ခင်း၍ အောင်မြင်ခဲ့သည်မှာ အနှစ် ၃၀ ခန့် ရှိပါပြီ။ သေမင်းကျော့ကွင်းမှ လွတ်ကင်းခဲ့ရသော စိန်မင်္ဂလာဆရာတော်၏ ထုံးကို နှလုံးမူ၍ ယခုဘဝရနေသော မိမိတို့၏ လျှာနှင့် ပါးစပ်ကို ဘုရားမုခပါဌ် ပိဋကတ်ဒေသနာတော်ကို ရွတ်ဖတ်ပူဇော်နိုင်ကြပါစေသော်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# ရတနသုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ

– ၁ –

ရတနသုတ်ဟူသည် ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို တိုင်တည်၍ သစ္စာပြုသောသုတ် ဖြစ်သည်။ ဤသုတ်နှင့် ပတ်သက်၍ ဇာတ်ကြောင်းကို အကြမ်းဖျင်းအားဖြင့် သိကြပါလိမ့်မည်။ သို့သော် ဤရတနသုတ်၏ ထူးခြားဆန်းကြယ်သော အကျိုးအာနိသင်ကိုကား သိသူ ရှားပါလိမ့်မည်။ ထို့ကြောင့် ဤရတနသုတ်၏ တန်ခိုးအာနိသင်များကို. . .

၁။ ရတနသုတ်၏ တန်ခိုးကြောင့် ဝေသာလီပြည်၌ ဘေးကြီးသုံးပါး ကင်းပုံနှင့် ရတနသုတ်၏အကြောင်း၊

၂။ အန္တရာယ်ကင်း ပရိတ်ဖြစ်ပုံ၊

www.burmeseclassic.com

www.burmeseclassic.com



၃။ ကျန်းမာရေးအတွက် အကျိုးပြုသော သုတ်ဖြစ်ပုံနှင့်
၄။ ရတနသုတ် အနုလုံ ပဋိလုံ တစ်ရာ့ရှစ်နဝင်း အန္တရာယ်ကင်း

ဟူသော မာတိကာလေးရပ်ဖြင့် လေးပိုင်းခွဲ၍ တင်ပြသွားမည် ဖြစ်ပါသည်။

**ရတနသုတ်၏ တန်ခိုးကြောင့် ဝေသာလီပြည်၌ ဘေးကြီးသုံးပါးကင်းပုံနှင့် ရတနသုတ်၏အကြောင်း၊**

ရတနသုတ်ကို ပရိတ်တော်၌ ထည့်သွင်းထားခြင်း၊ ရွတ်ပွားခြင်း၏ ရည်ရွယ်ချက်မှာ ဤရတနသုတ်**၏ တန်ခိုးအာဏာ အရှိန်အဝါ လွန်စွာ** ကြီးမား၍ ဖြစ်ပါသည်။ စကြဝဠာ ကုဋေတစ်သိန်းမှာရှိကြသော နတ်ဗြဟ္မာတို့ ဤရတနသုတ်၏ အာဏာအရှိန်အဝါကို ခံယူကြပါသည်။ အာဏာအရှိန်အဝါ လွန်စွာကြီးသော ပရိတ်ဖြစ်၍လည်း ဤရတနသုတ် ပရိတ်တော်ဖြင့် အကာအကွယ်ပြုကြခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား ပွင့်ထွန်း ပေါ်ပေါက်တော်မူစအချိန်တွင် ဝေသာလီပြည်၌. . .

- ဒုဗ္ဘိက္ခဘေး = အစာရေစာ ခေါင်းပါးသောဘေး
- အ,မနုဿဘေး = မြေဘုတ်ဘီလူးဘေး
- အဟိဝါတရောဂဘေး = ကပ်ရောဂါဘေး

ဤဘေးကြီးသုံးပါး ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုအခါ မှူးမတ်များက အလှည့်ကျအုပ်ချုပ်သည့် လိစ္ဆဝီမင်းတို့ထံ ချဉ်းကပ်၍. . .

**ဤမြို့၌ ဘေးကြီးသုံးပါး ဖြစ်ပေါ်နေပါသည်။**

**ဤအချိန်မှ ရှေးမင်း ခုနစ်ဆက်တိုင် ဤဘေးမျိုး မဖြစ်ဖူးပါ။**

**တရားမစောင့်သော မင်းတို့လက်ထက်မှာ ဤဘေးမျိုး ဖြစ်တတ်ပါသည်။**

ဟု လျှောက်ကြ၏။

ထိုအခါ လိစ္ဆဝီမင်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"မယှံ အ,ဓမ္မိကဘာဝံ ဝိစိနထ'
'ငါ၏ ရာဇဓံဆယ်ပါး မင်းကျင့်တရားနှင့် မညီသည့် အဖြစ်ကို စုံစမ်း စစ်ဆေးကြပါကုန်'

ဟု အခွင့်ပြု၏။

မှူးမတ်တို့က ခုံဖွဲ့၍ စစ်ဆေးကြပါသော်လည်း တရားနှင့်အညီ စီရင် ဆုံးဖြတ်သည့်အဖြစ်ကိုချည်း တွေ့ရပါသည်။ ထို့ကြောင့် ဤဘေး ကြီးသုံးပါး ငြိမ်းမည့်နည်းကောင်းကို ရှာကြံ စဉ်းစားကြပါသည်။ နောက် ဆုံးတွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များက. . .

'သမ္မာသမ္ဗုဒ္ဓေါ လောကေ ဥပ္ပန္နော၊ သော ဟိ ဘဂဝါ သဗ္ဗသတ္တ ဟိတာယ ဓမ္မံ ဒေသေတိ၊ မဟိဒ္ဓိကော မဟာနုဘာဝေါ။ တသ္မိ ဥက္ကမ အာဂတေ ဥက္ကမာနိ ဘယာနိ ဝူပသမေယျုံ။ (ဓမ္မ၊ ၅၊ ဒု၊ ၂၃၃၊ ၂၃၄)

လောက၌ ဘုရားပွင့်တော်မူနေသတဲ့။

ထိုဘုရားသည် သတ္တဝါခပ်သိမ်း၏ နိဗ္ဗာန်ရောက်ကြောင်း စီးပွား ကောင်းဖြစ်စေခြင်းငှာ တရားဟောတော်မူ၏။ တန်ခိုးကြီးတော်မူ၏။ အာနုဘော်ကြီးတော်မူ၏။ ဤတိုင်းပြည်သို့ ထိုဘုရားကြွတော်မူသည် ရှိသော် ဘေးအားလုံး ငြိမ်းရာ၏။

ဟု အဆိုပြုကြ၏။

ဤအဆိုကို အားလုံး သဘောကျ၍ ဝေသာလီပြည်သို့ မြတ်စွာ ဘုရားကို ပင့်ဆောင်ကြပါသည်။ မြတ်စွာဘုရားသည် ဂင်္ဂါမြစ်အတိုင်း ဆန်၍ ကြွလာတော်မူရာ ဝေသာလီပြည် နယ်နိမိတ်အတွင်း ရောက်တော် မူလျှင်ပင် ဝေသာလီပြည်ပေါ်သို့ ပေါက္ခရဝဿမိုး ရွာချပါသည်။ ထိုအခါ ဝေသာလီပြည် အလုံး ရေဖုံးမတတ်ဖြစ်ပြီး လူသေကောင်ပုပ်တွေ မျောပါ ပြီး မကောင်းသော အနံ့အသက်များအားလုံး ကင်းပျောက်ကုန်ပါသည်။

မြတ်စွာဘုရား ဝေသာလီပြည်ပေါ်သို့ ခြေတော်ချမိလျှင်ပင် သိကြားမင်းကလည်း စတုမဟာရာဇ် တာဝတိံသာနတ်များ ခြံရံ၍ မြတ်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားထံ ရောက်လာ၏။ သိကြားမင်း အမှူးရှိသော တန်ခိုးကြီးနတ်များ ရောက်လာသောအခါ ယက္ခနတ်ဘီလူးတို့ တိမ်းရှောင်ထွက်ပြေးလေတော့၏။ ဝေသာလီပြည် မြို့တံခါးသို့ ရောက်တော်မူသောအခါ မြတ်စွာဘုရားက. . .

'ဣမံ အာနန္ဒ ရတနသုတ္တံ ဥဂ္ဂဏှိတွာ လိစ္ဆဝီ ကုမာရေဟိ သဒ္ဓိံ ဝိစရန္တော ဝေသာလိယာ တိဏ္ဏံ ပါကာရာနံ အန္တရေ ပရိတ္တံ ကရောဟိ (ဓမ္မ၊ ၄၊ ၁၊ ၂၇၅)

'အာနန္ဒာ၊ ဤရတနသုတ်ပရိတ်တော်ကို သင်ယူပြီး လိစ္ဆဝီမင်းသားတို့နှင့်အတူ ဝေသာလီပြည် တံတိုင်း သုံးထပ်အတွင်း၌ လှည့်လည်လျက် ပရိတ် အရံအတားပြုလော့'

ဟု မိန့်တော်မူ၏။

မြတ်စွာဘုရား၏ အမိန့်တော်အတိုင်း အရှင်အာနန္ဒာသည် ဝေသာလီပြည် တံတိုင်းသုံးထပ်အကြား လှည့်လည်၍. . .

ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ၊
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။ ။
တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

မြေ၌ တည်ကုန်သော ဘုမ္မစိုး ရုက္ခစိုး အာကာသစိုးနတ်တို့ ဗြဟ္မာမကြွင်း နတ်ခပင်းတို့သည် ဤပရိတ်ရွတ်ရာ ဌာနသို့ အညီအညွတ် ရောက်လာကြပါကုန်ပါလော့။

ထိုနတ်အပေါင်းတို့သည် ဝမ်းမြောက်ကြပါစေကုန်သတည်း။ မြတ်စွာဟောကြား ပရိတ်တရားကို ရိုသေစွာ နာယူကြပါကုန်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သင် နတ်အပေါင်းတို့သည် ရှိသေ လေးမြတ်စွာ မှတ်သား နာခံကြပါ။

လူတို့အပေါ်၌ မေတ္တာထားကြပါ။

လူတို့သည် နေ့နေ့ညည ပူဇော်ပသကြကုန်၏။

ထို့ကြောင့် ထိုလူတို့ကို မမေ့မလျော့ စောင့်ရှောက်ကြပါ။ ။

ဤသို့ နတ်ပြဟ္မာတို့ကို အစောင့်အရှောက် ထားတော်မူပြီးနောက် ရတနသုတ် တရားသားအဖြစ်. . .

ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊

သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။

န နော သမံ အတ္ထိ တထာဂတေန၊

ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊

ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

ဤ လူ့ပြည် နတ် နဂါး ဂဠုန်ပြည် နတ်ပြည်တို့၌ အကြင် ရတနာသည် မြတ်၏။ ဘုရား ရတနာနှင့်တူသော ရတနာမရှိ။ ဤဘုရား ရတနာသည် အမြတ်ဆုံးဖြစ်၏။ ဤသစ္စာစကားကြောင့် ကောင်းကျိုး ချမ်းသာ မင်္ဂလာဖြစ်ပါစေသတည်း။

ဤ ယံ ကိဉ္စိ ဝိတ္တံ ဂါထာဖြင့် ဘုရားရတနာကို၊

ခယံ ဝိရာဂံ ဂါထာဖြင့် နိဗ္ဗာန်တရားကို၊

ယံ ဗုဒ္ဓသေဋ္ဌော ဂါထာဖြင့် အရဟတ္တမဂ် သမာဓိတရားကို၊

ယေ ပုဂ္ဂလာ ဂါထာဖြင့် အရိယာပုဂ္ဂိုလ်ရှစ်ယောက်ကို၊

ယေ သုပ္ပယုတ္တာဂါထာဖြင့် ရဟန္တာအရှင်သူမြတ်ကို၊

ယထိန္ဒခီလောဂါထာ + ယေအရိယ သစ္စာဂါထာ +

သဟာဝဿ + စတူဟပါယေဟိစ ဂါထာ + ကိဉ္စာပိသော ဂါထာ တို့ဖြင့် သောတာပန် အရှင်သူမြတ်တို့၏ ဂုဏ်ကို၊

ဝနပ္ပဂုမ္ဗေ ဂါထာ + ဝရော ဝရညူ ဂါထာဖြင့် ဘုရားရတနာကို၊

ခီဏံ ပုရာဏံ ဂါထာဖြင့် အနုပါဒိသေသ ပရိနိဗ္ဗာန်စံ

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာတည်း ဟူသော သံဃရတနာကို သစ္စာတိုင်ပြီး ဆုတောင်းပါသည်။

ဤရတနသုတ် တရားသားအဆုံး၌ သိကြားမင်းက. . .

ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။ ။
။ပ။ ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတိ။ ။
။ပ။ သံဃံ နမဿာမ သုဝတ္ထိ ဟောတိ။ ။

ဟု နောက်ဆုံးသုံးဂါထာကို ရွတ်ဆို ဆုတောင်းပါသည်။

ဤသို့ အရှင်အာနန္ဒာမထေရ်မြတ် လိစ္ဆဝီမင်းသားများ ခြံရံလျက် ရတနသုတ်တော်ကို တစ်ခေါက်ပြီး တစ်ခေါက် အခေါက်ခေါက် ညလုံးပေါက် ရွတ်တော်မူခဲ့ပါသည်။ "ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ" ဟု အရှင်အာနန္ဒာမထေရ် စတင်ရွတ်လိုက်လျှင် အကြိုအကြားမှာ ကပ်နေကြသော မြေဘုတ်ဘီလူးတို့ ထိုအသံကြားသည်နှင့် ထွက်ပြေးကုန်၏။ တံခါးလေးပေါက်ဖြင့်ပြေး၍ မဆံ့သဖြင့် မြို့တံတိုင်းကို ချိုးဖောက် ထွက်ပြေးကြကုန်၏။

"ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ" ဟူသော ပထမဂါထာဆုံးလျှင်ပင် ကပ်ရောဂါ ဘေးဆိုက်နေကြသော လူမမာများ နေကောင်းပြီး ကျန်းမာသူများ ဖြစ်ကုန်ကြသည်။

ဝေသာလီပြည်သားအပေါင်းတို့သည်. . .

"အရှင်အာနန္ဒာမထေရ် ငါတို့မြို့တံတိုင်း သုံးထပ်အတွင်း လှည့်လှည်၍ ပရိတ်ရွတ်တော်မူနေပြီ၊ မြတ်စွာဘုရားရှင်သည်လည်း ရဟန်း သံဃာနှင့်အတူ မင်းကွန်းမှာ စံနေတော်မူပြီ"

ဟု သိ၍ မြတ်စွာဘုရားထံ သွားရောက်ကြကုန်၏။ ပရိသတ် စည်းဝေးမိချိန်၌ အရှင်အာနန္ဒာမထေရ်နှင့် လိစ္ဆဝီမင်းသားငယ်များလည်း ရောက် လာကြ၏။ အားလုံး ပရိသတ် စုံညီသောအခါ မြတ်စွာဘုရားသည်

www.burmeseclassic.com

www.burmeseclassic.com



ရတန သုတ် ပရိတ်တော်ကို ဟောကြားတော်မူပါသည်။

မြတ်စွာဘုရားလည်း အရှင်အာနန္ဒာကို သင်ကြားပေးတော်မူသည့်အတိုင်း ယာနီဓ ဘူတာနိ ဂါထာကပင် စတင် ဟောကြားတော်မူခဲ့ပါသည်။ သိကြားမင်း ရွတ်ဆိုသော သုံးဂါထာအဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင်ပြီး အချို့သောတာပန် အချို့သကဒါဂါမ်တည်ကြ၏။

ဒုတိယနေ့၌လည်း ဤရတနသုတ်ကိုပင် မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ဤနည်းတူ ခုနစ်ရက်တိုင်တိုင် ဤရတနသုတ်တော်ကို ဟောကြားတော်မူပါသည်။ ထို့ကြောင့် ဝေသာလီပြည်အလုံး ဘေးကင်းပါသည်။ အများအပြား ကျွတ်တမ်းဝင်ကြပါသည်။

ယနေ့ ပရိတ်တော်၌ ထင်ရှားသော ရတနသုတ်အမွှမ်းမှာ ဓမ္မပဒ အဋ္ဌကထာ (ဒုတိယအုပ်)၊ ပကိဏ္ဏကဝဂ္ဂ၊ အတ္တနောပုဗ္ဗကမ္မဝတ္ထု (စာ-၂၃၅၊ ၂၃၆) ထဲမှ အရှင်အာနန္ဒာမထေရ် ဆင်ခြင်ပုံကို ယူငင် ထည့်သွင်းထားခြင်း ဖြစ်ပါသည်။ ဤအမွှမ်းသည် ဗုဒ္ဓဝင် အနှစ်ချုပ် ဖြစ်ပါသည်။

**ပဏိဓာနတော ပဋ္ဌာယ** ။ ဘုရားဆုပန်သည်မှ အစပြုပြီး

**တထာဂတဿ ဒသ ပါရမိယော, ဒသဉပပါရမိယော, ဒသ ပရမတ္ထ ပါရမိယောတိ သမတိံသပါရမိယော** ။ မြတ်စွာဘုရား၏ ပါရမီဆယ်ပါး, ဉပပါရမီဆယ်ပါး, ပရမတ္ထပါရမီဆယ်ပါး အမျှသုံးဆယ်သော ပါရမီတော်။

**ပဉ္စ မဟာ ပရိစ္စာဂေ** ။ ကိုယ်အင်္ဂါ၊ မျက်လုံး၊ ဥစ္စာ၊ တိုင်းပြည်၊ သားမယားတည်းဟူသော စွန့်ခြင်းကြီး ငါးပါး။

**လောကတ္ထစရိယံ** ။အများသတ္တဝါတို့၏ ဘေးကင်းရေး၊ ကြီးပွားချမ်းသာရေး စသော အကျိုးတို့ကို ကျင့်ခြင်း။

**ဉာတတ္ထစရိယံ** ။ ဆွေမျိုးတို့အတွက် ကျင့်ခြင်း။

**ဗုဒ္ဓတ္ထစရိယံ** ။ ဘုရားအဖြစ်ရောက်အောင်ကျင့်ခြင်းတည်းဟူသော

www.burmeseclassic.com

www.burmeseclassic.com



တိသော စရိယာယော = စရိယကျင့်စဉ် သုံးပါး

ပစ္ဆိမဘာဝေ ဂဗ္ဘဝေါက္ကန္တိ = နောက်ဆုံး သိဒ္ဓတ္ထဘဝ၌ မယ်တော်မာယာ ဝမ်း၌ ပဋိသန္ဓေနေတော်မူခြင်း။

ဇာတိ = ဖွားတော်မူခြင်း။

အဘိနိက္ခမနံ = တောထွက်တော်မူခြင်း။

ပဓာနစရိယံ = ပဓာနအလုပ်အဖြစ် ဒုက္ကရစရိယာကို ကျင့်တော်မူခြင်း။

ဗောဓိပလ္လင်္ကေ မာရဝိဇယံ = အ ပရာဇိတ ပလ္လင်တော်၌ မာရ်နတ်ကို အောင်တော်မူခြင်း။

သဗ္ဗညုတညာဏပဋိဝေဓံ = သဗ္ဗညုတဉာဏ်တော်ရ၍ ဘုရားဖြစ်တော်မူခြင်း။

ဓမ္မစက္ကပ္ပဝတ္တနံ = ဓမ္မစကြာတရား ဟောတော်မူခြင်း။

နဝလောကုတ္တရ ဓမ္မေတိ သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ = လောကုတ္တရာကိုးပါးတည်းဟူသော ဗုဒ္ဓဂုဏ်တော် အားလုံးကို ဆင်ခြင်၍ . . .

'ဝေသာလိယံ တိသု ပါကာရန္တရေသု တိယာမရတ္တိံ ပရိတ္တံ ကရောန္တော အာယသ္မာ အာနန္ဒတ္ထေရော ဝိယ'

ဝေသာလီပြည် တံတိုင်း သုံးထပ်အကြား၌ ညဉ့်သုံးယံပတ်လုံး ပရိတ်ရွတ်တော်မူသော အရှင်အာနန္ဒာမထေရ်ကဲ့သို့ ပရိတ်ရွတ်သူတိုင်း နှလုံးသွင်း စံယူနိုင်စေရန် ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဤဖော်ပြပါ ရတနသုတ် အဖွင့်မှာ ပရိတ်တော်၏ ဂုဏ်ကျေးဇူးပြ စကားမျှသာဖြစ်သည်ကို ပရိတ္တဋီကာ၌ ဖော်ပြထားပါသည်။ ပရိတ်ရွတ်မည့် ပုဂ္ဂိုလ်သည် ဝေသာလီပြည် တံတိုင်းသုံးထပ်အကြား၌ ညဉ့်သုံးယံပတ်လုံး ပရိတ်ရွတ်တော်မူသော ရှင်အာနန္ဒာ၏ ထုံးကို နှလုံးမူ၍ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်ပြီးလျှင် သတ္တဝါများအပေါ် သနားကြင်နာစွာဖြင့် ရွတ်ပွားရမည်ဟု ပြဆိုလိုရင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဖော်ပြပြီးမှ အခြားပရိတ်များကဲ့သို့ အမွှန်းနိဒါန်း တိုက်တွန်းသည့်အနေနှင့်. . .

ကောဋိသတ သဟဿေသု၊
စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊
ယဉ္စ ဝေသာလိယာ ပုရေ။ ။
ရောဂါမနုဿ ဒုဗ္ဘိက္ခ၊
သမ္ဘူတံ တိဝိဓံ သယံ။
ခိပ္ပ မန္တရဓာပေသိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။ ။

ဟု ရတနသုတ်၏ အမွှန်းနိဒါန်းအဖြစ် ပြဆိုထားခြင်း ဖြစ်ပါသည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# ရတနာသုတ်ပရိတ်တော်၏တန်ခိုး အကျိုးအာနိသင်များ

# – ၂ –

**အန္တရာယ်ကင်းပရိတ်ဖြစ်ပုံ**

ပရိတ်ကို အန္တရာယ်ကင်း အရံအတားအဖြစ် အသုံးပြုသည်ကို ဘုရားမပွင့်မီကပင် တွေ့ရသည်။ ဝေလပဏ္ဍဇာတ်အလိုရ ပရိတ်ချည်၊ ပရိတ်သဲတို့ကိုပင်သုံးကြောင်း တွေ့ရသည်။ ဓမ္မပဒအဋ္ဌကထာလာ မဃဝတ္ထုတွင်လည်း ပရိတ်ဟူသည်ကို တွေ့ရပါသည်။

သို့သော် ထိုအချိန်က မည်သည့်အရာကို ပရိတ်ခေါ်မှန်း မသိရချေ။ ဘုရားပွင့်တော်မူလာသောအခါ ပရိတ် ပီပီပြင်ပြင်ကို တွေ့လာရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ယခု တင်ပြနေသော ရတနသုတ်ပရိတ်၊ တောအရပ်၌ တရားအားထုတ်ကြသော ရဟန်းတော်များအတွက် မေတ္တသုတ်ပရိတ်၊ ရဟန်းတစ်ပါး မြွေကိုက်ခံရသည်ကို အကြောင်းပြု၍ ခန္ဓပရိတ်၊ အင်္ဂုလိမာလထေရ် ဆွမ်းခံရင်း ခဲ့တုတ်တို့ဖြင့် အပေါက်ခံရသည်ကို အကြောင်းပြု၍ အင်္ဂုလိမာလပရိတ်၊ ရှင်မောဂ္ဂလ္လာန်နှင့် ရှင်မဟာကဿပတို့ ဖျားနာသည့်အတွက် မြတ်စွာဘုရား ဟောကြားတော်မူသော ဗောဇ္ဈင်ပရိတ်တို့ဖြစ် ပါသည်။**

မြတ်စွာဘုရားသည် မိမိ၏ စရိယဂုဏ်ကို ပြတော်မူသောအားဖြင့် မောရသုတ်ပရိတ်၊ဝဋ္ဋသုတ်ပရိတ်တို့ကိုလည်း ဟောကြားတော်မူခဲ့ပါသည်။

ပရိတ်ကို အန္တရာယ်ကင်း အရံအတားအဖြစ် အသုံးပြုခဲ့သည်ကို သရေခေတ္တရာမြို့ဟောင်း တူးဖော်ချက်အရ မောရပရိတ်နှင့် မင်္ဂလသုတ်ပရိတ်တော် ရေးထိုးထားသော ကျောက်ချပ်များကို ရွှေတံခါးမြို့ပေါက်အဝင်အဝမှလည်းကောင်း၊ တွင်းပြဲမြို့ပေါက်အနီးမှ ရတနသုတ်ပရိတ်တော် ရေးထိုးထားသော ကျောက်စာတိုင်အကျိုးကိုလည်းကောင်း တွေ့ရသည်က သက်သေခံနေပါသည်။ ပုဂံခေတ်တစ်လျှောက်လုံး၌လည်း ပရိတ်ရွတ်မှု အစဉ်အလာရှိသည်ကို ကျောက်စာအထောက်အထားအရ သိရပါသည်။

**မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသမိုင်း၌ ပရိတ်တော်များ အရေးပါနေသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါသည်။**

မင်းကွန်းတိပိဋကရေ ဆရာတော်ကြီးတို့သည် မဟိဒ္ဓိကသမှာ ဒေဝနတ်များကို ဖိတ်ခေါ်ပြီးမှသာ ပရိတ်ရွတ်တော်မူလေ့ ရှိပါသည်။ သမှာ **ဒေဝနတ်များ**ကို ပင့်ဖိတ်၍ အစောင့်အရှောက်ယူသည်ကို ကမ္ဘဝါစာပြု လုပ်ထားပါသည်။

ဤကမ္ဘဝါစာ၌ မကောင်းဆိုးဝါးများကို နှင်ထုတ်ခြင်း လုံးဝ မပါပါ။ သဗ္ဗညုဗုဒ္ဓတို့၏ အတိုင်းအဆမရှိသော မဟာကရုဏာတော်ဖြင့် လောကကို စောင့်ရှောက်တော်မူသည့်သဘောကို သုဒ္ဓါဝါသဗြဟ္မာတို့ ကြားရေ

www.burmeseclassic.com

www.burmeseclassic.com



အသိန်းမကသော ပါးစပ်များ ဖန်ဆင်း၍ ရေတွက်ငြားသော်လည်း မရေတွက်နိုင်ပုံ။ ဘုရားတစ်ဆူ၏ ဂုဏ်ကျေးဇူးကို အခြားတရားစကား မပြောကြားဘဲ အခြားဘုရားတစ်ဆူက ထုတ်ဖော် ချီးကျူးငြားသော်လည်း ကမ္ဘာသာကုန်သွားမည် ကျေးဇူးဂုဏ် မကုန်နိုင်ပုံ။

အဆုံးမရှိသော ဉာဏ်တော်၊ တန်ခိုးတော်၊ ဘုန်းတော်၊ အသရေတော်၊ အကျော်အစောရှိတော်မူသော ဘုရားရှင်တို့ ကုဋေသိန်းပေါင်းများစွာသော မိုးကြိုးစက်ကဲ့သို့ ထက်လှစွာသော အာဏာစက် ရှိတော်မူကြပုံ။

နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ၊ ထိုဘုရားရှင်တို့၏ တရားတော်ဆယ်ပါး၊ စင်ကြယ်သော သီလ၊ သမာဓိ၊ ပညာရှိတော်မူကြသော အရိယာ၊ ပုထုဇဉ်၊ သူတော်စင်၊ သာဝက၊ ဥပါသကာ၊ လူ၊ နတ် အထူးသဖြင့် မဟာသမယသုတ် အာဋာနာဋိယသုတ်လာ နတ်ဒေဝါများ စကြဝဠာအနန္တ၌ တည်ကုန်သော သူတော်ကောင်းများ။

ထိုသူတော်ကောင်းတို့၏ ခန္တီ၊ သစ္စာ၊ မေတ္တာ၊ ကရုဏာ စသည်ကို ထီးဖြူဆောင်းသကဲ့သို့ အမြဲတစေ ငါတို့ဦးခေါင်းဖြင့် ခံယူပုံကို ဖော်ပြသည့် ကမ္မဝါစာသာ ဖြစ်ပါသည်။ ဤဘုရား၊ တရား၊ သံဃာ၊ နတ်ဒေဝါတို့၏ တန်ခိုးကြောင့် ရောဂါဘယ ဘေးဥပဒ် ပျက်စီး ဆုံးရှုံးရမှုတို့မှ လွတ်ပါစေကြောင်း စီရင်ထားခြင်းမျှသာ ဖြစ်ပါသည်။

> မင်းကွန်းတိပိဋကရေ ဆရာတော်ကြီးတို့က မဟာသမယသုတ်ကို မြတ်စွာဘုရား ဟောကြားတော်မူရာအခါ၌ တန်ခိုးကြီးနတ်များ ရောက်လာသောအခါ တန်ခိုးငယ်သော နတ်များ ဖယ်ရှားသွားရသလို သူ့အလိုလို ဖယ်ရှားသွားစေသည့်နည်းကို သုံးတော်မူခြင်း ဖြစ်ပါသည်။

ပဋ္ဌာဇနိယကမ္မဝါစာ၏ အားနည်းချက်ကို သိတော်မူသော မြင်းခြံမြို့၊ ကိုးဆောင်တိုက်ဆရာတော်ကြီး အရှင်ဝေပုလ္လသည် မိမိစီရင်တော်မူသော ပရိတ်ကြီးနိဿယစာအုပ်၌ ရတနသုတ်၏ အရေးပါပုံကို ပါဠိဂါထာစီ၍ မှာကြားထားတော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရတနသုတ် နိဂုံးချုပ် အာသိသလတ်ာ

ယံကိဉ္စိ, ခယံ, ယံဗုဒ်, ယေပုဂ်၊
ယေသုပ်, ယထိန်, ယေရိ, သဟာ။
ကိဉ္စာ, ဝနပ်, ဝရော, ခီဏံ၊
ဝန္ဒာမိ သိရသာမဟံ။

အခံမူလ၊ ယာနီစနှင့် အာသိသဝတ်၊ ယွင်းမချွတ်ဘဲ၊ ရွတ်ဖတ်ကြလေ၊ ကပ်သုံးထွေကို၊ ဝေသာလီတွင်၊ နီဒါန်းတင်တိုင်း၊ အလျှင်ဆောစွာ၊ တင်းစေပါလိမ့်၊ ကမ္ဗဝါသော၊ ပဗ္ဗာသော-ဟု၊ နယောပဒေသ၊ နေမကျ အောင်၊ ဖွေဆစမ်းဝါး၊ မဆန်းပြားလင့်၊ ဘုရားရှင်ပင်၊ စီရင်ဓမ္မစက်၊ ရွှေနှုတ်ထွက်ထက်၊ ထက်မြက်ပုံရည်၊ ခုံအတည်ကို၊ ယုံကြည်သူတို့၊ ဂုဏ်ရည်ညို့လိမ့်။

ထို့ကြောင့် အန္တရာယ်၊ စင်ကြယ်လိုသူ၊ များရှင်လူတို့၊ အတူမရဂုဏ်ပေါင်းပြဲသား၊ ရတနသုတ်ခေါ်၊ ပရိတ်တော်ကို၊ ပူဇော်မြတ်နိုး၊ ယုံကြည်ကိုး၍၊ ရိုးရိုး ရွတ်, နာစေကုန်သောဝ်။

ရတနသုတ်ကိုသာ ရိုးရိုးရွတ်နာကြပါဟု အတိအလင်း မှာကြားသွားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့်ပင် ထင်သည်။ ၁၉၉၈ ခု၊ အရေးအခင်းပြီးစက ဆရာကြီး ဦးဆန်းထွန်း (ဆန်းထွန်း မန်းတက္ကသိုလ်) က မိမိကို "ဟော့ကောင်ရတနသုတ်ရွတ်ကွ" ဟု မှာကြားခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ဆရာကြီးကိုယ်တိုင်လည်း ပိဋကတ်တော်ထဲမှ ကောင်းနိုးရာရာသုတ်များ၊ ဂါထာများ၊ ဂုဏ်တော်များကို မပြတ်ရွတ်ဆို ပူဇော်လေ့ ရှိပါသည်။ အရအမိလည်း ရှိလှပါသည်။ မိမိတက္ကသိုလ်မှာရှိစဉ်က ရွတ်ဆိုပူဇော်ပြဖူးသည်ကို ကိုယ်တိုင်ကြားနာဖူးသည်။

မြတ်စွာဘုရား၏ သုဂတဂုဏ်တော်ကို ဇိနာလင်္ကာရဋီကာထဲမှ ထုတ်နုတ်၍ပူဇော်သည်အထိရှိပါသည်။ဘုရား၊တရား၊သံဃာရတနာသုံးပါး၌ ကြည်ညိုသည့် အားလျော်စွာ အချို့ အချို့သော ဂုဏ်တော်များကို

www.burmeseclassic.com



ကိုယ်တိုင်ဂါထာဖွဲ့ဆို၍ ပူဇော်လေ့ ရှိပါသည်။

၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ခရစ္စမတ်နေ့က စာပေ၊ ပန်းချီ၊ ပန်းပု၊ အနုပညာရှင်များ ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကို လေ့လာရင်း ကမ္ဘာအေးသိမ်တော်ကြီးပေါ်၌ ဆုံစည်းမိသည့် အခိုက် ဆရာကြီးသည် သိမ်တော်ပတ်ပတ်လည်ရှိ အသီတိမဟာသာဝက ရှစ်ကျိပ်သော မထေရ်မြတ်များ၏ ဘွဲ့တော်ကို ဖွဲ့သီထားသည့် ဂါထာများ ရွတ်ဆို၍ ပူဇော်သည်ကို မျက်မြင်ဒိဋ္ဌ၊ သုတအားဖြင့် မြင်ရ၊ ကြားရခဲ့ပါ သည်။

ထို့ကြောင့် ကြုံတုန်းကြုံခိုက်၌ ဆရာကြီးကို ခွင့်ပန်၍ ဆရာကြီး ရွတ်ဆိုပူဇော်သော ဂါထာများကို ကူးယူထားခဲ့ပါသည်။ (နောင် ***အကြောင်း ညီညွတ်လျှင် ဖော်ပြပါမည်)***

ဆရာကြီးက ရတနသုတ်ကို ရွတ်သာ ရွတ်ခိုင်းသည်။ ရတနသုတ် ၏ တန်ခိုး အကျိုးအာနိသင်ကို လုံးဝ ပြောမပြပါ။ မိမိသိပြီးသားဟု ယုံ ကြည်၍လည်း ဖြစ်ပါလိမ့်မည်။ **တန်ခိုးနှင့် အကျိုးကို ပြောစရာ မလို၊ သတိပေးတိုက်တွန်းရန်သာလို၍ ပြောခြင်း ဖြစ်ပါလိမ့်မည်။**

မိမိကလည်း အကြောင်းရှိ၍သာ ဆရာကြီး တိုက်တွန်းခြင်း ဖြစ် လိမ့်မည်ဟု ဆရာကြီးအပေါ် ယုံကြည်လေးစားသောအားဖြင့် ထိုအချိန်မှ စ၍ ရတနသုတ်ကို အထူးဝတ်ထား၍ ရွတ်ပွားပူဇော်ခဲ့ပါသည်။

ဤသို့ ရွတ်ပွားပူဇော်ခြင်း၏ အကျိုးတရားကို နောင်သောအခါမှ သတိထားမိပါသည်။ ၁၂ နှစ်၊ ၁၃ နှစ်ကြာသောအခါမှ သတိထားမိခြင်း ဖြစ်ပါသည်။ ဤသို့ သတိထားမိခြင်းမှာလည်း ကိစ္စတစ်ခုကို အကြောင်းပြု ၍ ဖြစ်ပါသည်။

ဤသို့ သတိထားမိသောအခါမှ ၁၂ နှစ်၊ ၁၃ နှစ်တာ ကာလ အတွင်း အခြေအနေကို ပြန်ပြောင်း သုံးသပ်ကြည့်သောအခါ ဤသို့ အကျိုးဖြစ်ထွန်းရခြင်းမှာ ရတနသုတ်၏ တန်ခိုးကြောင့်ပါလားဟု အတိ အကျ ဆုံးဖြတ်ချက် ချနိုင်လောက်သည့် အထောက်အထားများ တွေ့သော

www.burmeseclassic.com

www.burmeseclassic.com



ရပါသည်။

ဤမျှ ဆယ်စုနှစ်ကျော်ကျော် ကာလအတွင်း တစ်မိသားစုလုံး ရောဂါဘယကင်းသည်။ ကုန်ကျစရိတ်တွေ များပါလျက် လောက်သည်။ ကသီလင်တ လုံးဝ မရှိခဲ့ရ။ ပတ်ဝန်းကျင်၏ နှောင့်ယှက်မှုဒဏ်ကို လုံးဝ မခံခဲ့ရပါ။

အကျဉ်းအကျပ် ကြုံရနိုင်ပါလျက် ကင်းလွတ်ခဲ့ရသည်။ အဆုံးစွန်ကို ဆိုရပါလျှင် သေလောက်သည့် အဖြစ်ဆိုးနှင့် ကြုံတွေ့ရပါလျက် အသက်မသေခဲ့ရပါ။ ***(မိမိတို့ အန္တရာယ်ကင်းရသည့် အကြောင်းကို နောင် အကြောင်းညီညွတ်လျှင် အပြည့်အစုံ ဖော်ပြပါမည်)***

ဤရတနသုတ်၏ တန်ခိုး အကျိုးအာနိသင်ကို ကိုယ်တွေ့ ခံစားနေရသည် အားလျော်စွာ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်တွင် စာပေပို့ချရင်း အကြောင်းသင့်သဖြင့် တင်ပြခဲ့ဖူးပါသည်။

ထိုအကျိုးတရားကို ယုံကြည်သော ရဟန်းတော် အရှင်စန္ဒာသီရိသည် မိမိဆီမှ ကြားသိရချိန်မှစ၍ အကောင်အထည်ဖော်၍ ပူဇော်ခဲ့ရာ နေ့ချင်းညချင်း သိသိသာသာ အကျိုးခံစားခဲ့ရသည်ဟု ဆိုပါသည်။

လာဘ်လာဘပေါ်ခြင်း၊ ကျန်းမာခြင်းကား ပစ်မလွဲသော အကျိုးတရား ဖြစ်ပါသည်။ ထူးထူးခြားခြားအားဖြင့် ဘေးကြီးဒဏ်ကြီးမှ ကင်းခဲ့ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အန္တရာယ်ကင်းလိုသူများ ရတနသုတ်ပရိတ်တော်ကို ယုံယုံကြည်ကြည်ဖြင့် သဒ္ဓါတရားထက်သန်စွာ ရွတ်ပွား ပူဇော်နိုင်ကြပါစေ သတည်း။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# ရတနသုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ

## -၃-

**ကျန်းမာရေးအတွက် အထောက်အကူဖြစ်ပုံ (၁)**

ရတနသုတ်ကို အရိုးခံအတိုင်း ရွတ်ဖွားပူဇော်ခြင်းဖြင့် ရောဂါဘေး၊ ဘီလူးဘေး၊ ငတ်မွတ်ခြင်း ဘေးအန္တရာယ်တို့ကို ကာကွယ်နိုင်ကြောင်း ရတနသုတ်သမိုင်းက အထင်အရှား သာဓက ပြနေပါသည်။ ဤရတနသုတ်ကိုပင်လျှင် အစီအရင်သဘောနှင့် အစဉ်လိုက်ရော နောက်ပြန်ပါ (အနုလုံ၊ ပဋိလုံ) ရွတ်ဆို ပူဇော်ပါက. . .

- ရောဂါဝေဒနာ ပျောက်ကင်းသည်။
- နိမ့်ကျသော ပညာရပ်ဖြင့် ပြုလုပ်ခြင်းကို ကာကွယ်နိုင်သည်။
- ခြောက်လှန့်တတ်သည့် မကောင်းဆိုးဝါး ဖမ်းစားခြင်းကို ကာကွယ်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤရတနသုတ် အနုလုံ၊ ပဋိလုံ အစီအရင်ကို မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ကျေးဇူးရှင် ဉပဇ္ဈာယ်ဆရာ ပထမ ဓမ္မနာဒဆရာတော် အရှင်ပညာစက္က နည်းပေးတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ပထမ ဓမ္မနာဒဆရာတော်သည် မင်းကွန်းမှာ သီတင်းသုံးတော်မမူခင်ကတည်းကပင် ကပ်ရောဂါရှောင်ရင်း မန္တလေးမှ မင်းကွန်းဘက်သို့ ကြွလေ့ရှိသည်။ ဓမ္မနာဒတိုက်အနီး ဦးပုကြီးချောင်ရှိ ဦးပုကြီး တောင်ပေါ် ပိဋကတ်တိုက်၌ စာပေ ဖတ်ရှုလေ့လာလေ့ရှိသည်။ ရှေးဟောင်းစာပေကို လေ့လာ ရာမှ ဤနည်းကို ရခဲ့လေသလား မသိရပါ။

**"မကျန်းမမာ ရောဂါဝေဒနာဖြစ်တဲ့အခါ၊ ခြောက်လှန့်တတ်သော ဧကောင်းဆိုးဝါး ဖမ်းစားတဲ့ အခါမျိုးတွေမှာ ရတနသုတ်ကို အနုလုံ၊ ပဋိလုံ ရွတ်ရတယ်"**

ဟု မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးကို မှာထားခဲ့ဖူးပါသည်။

ဆရာသမား၏ မိန့်မှာချက်အတိုင်း ဤအစီအရင်ကို မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး အသုံးပြုတော် မူလေ့ရှိပါသည်။ ဆရာ့စကားကို နားထောင်သောအားဖြင့် မိမိကိုယ်ကို ကာကွယ်ရန် မဟုတ်ဘဲ ရောဂါဝေဒနာကပ်ရောက်နေသူ၊ ခြောက်လှန့်တတ်သည့် မကောင်းဆိုးဝါး ဖမ်း စားခံရသူကို သနားသောအားဖြင့်သာ အရှင်အာနန္ဒာ၏ ထုံးကို နှလုံးမူ ၍ ရတနသုတ်, အနုလုံ၊ ပဋိလုံရွတ်ဖတ် ပူဇော်ပေးခြင်း ဖြစ်ပါသည်။

ဆရာသမား အမိန့်ရှိသည့်အတိုင်း လက်တွေ့ အသုံးပြုကြည့်သော အခါ၌လည်း ထူးခြားသည်ကို တွေ့ရသဖြင့် ဤနည်းကောင်းကို ထပ်ဆင့် နည်းပေးတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ဤရတနသုတ် အနုလုံ၊ ပဋိလုံကို အသုံးပြုတတ်အောင်လည်း. . .

**'ရတနသုတ်ရွတ်သည့်အခါ အနုလုံ (၁) ခေါက်၊ ပဋိလုံ (၁) ခေါက်၊ ပြီးတော့မှ ဓာတ္တမ်ဂုဏ်သုတ်ကို ရွတ်ဆိုရမည်'**

ဟု နည်းပေးတော်မူထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မကောင်းသော ပညာရပ်ဖြင့် ဆောင်ရွက်ထားခြင်း ခံရသူများရော၊ သာမန် ဖျားနာ မကျန်းမမာဖြစ်သူများအတွက်ပါ လောကီလောကုတ္တရာ နှစ်ဖြာအကျိုး ပွားကိုးစေတတ်သော ရတနသုတ် အနုလုံ၊ ပဋိလုံ ပါဠိတော် ကို သာမန်လူတို့ ရွတ်ဖတ်ပူဇော်ရန် မလွယ်ကူလှပါ။

သဒ္ဓါတရားသက်သက်ဖြင့်ဖြစ်စေ၊ အရေးကြုံသောအခါဖြစ်စေ၊ အဖြတ်အရပ် မှန်မှန်ကန်ကန်၊ အစီအစဉ်ကျကျ ရွတ်ဖတ်ပူဇော်တတ်အောင် ရတနသုတ် အနုလုံ၊ ပဋိလုံ ပါဠိတော် အစီအရင်ကို ဖော်ပြလိုက်ပါသည်။

ဤနေရာ၌ ဤသို့ ဖော်ပြပေးမှသာ နောင် ဖော်ပြမည့် "ရတနသုတ် အနုလုံ၊ ပဋိလုံ တရားရှစ်နဝင်း အထူးအန္တရာယ်ကင်း" ပုံကို ဖော်ပြသောအခါ စာဖတ်သူတို့အတွက် အကျိုးများမည် ဖြစ်ပါသည်။

ရတနသုတ် အနုလုံ

ပဏိဓာနတော ပဋ္ဌာယ,တထာဂတဿ ဒသ ပါရမိယော, ဒသ ဥပပါရမိယော, ဒသ ပရမတ္ထ ပရမိယောတိ သမတိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ,လောကတ္ထစရိယံ,ဉာတတ္ထစရိယံ, ဗုဒ္ဓတ္ထစရိယန္တိ , တိဿော စရိယာယော, ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ ,ဇာတိံ ,အဘိနိက္ခမနံ, ပဓာနစရိယံ,ဗောဓိပလ္လင်္ကေ မာရဝိဇယံ ,သဗ္ဗညုတဉာဏပ္ပဋိဝေဓံ , ဓမ္မစက္ကပ္ပဝတ္တနံ, နဝလောကုတ္တရဓမ္မေတိ,သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ,ဝေသာလိယာ တီသု ပါကာရန္တရေသု,တိယာမရတ္တိံ ပရိတ္တံ ကရောန္တော,အာယသ္မာ အာနန္ဒတ္ထေရော ဝိယ, ကာရုည စိတ္တံ ဥပဋ္ဌပေတွာ-

ကောဋိသတသဟဿေသု၊
စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊
ယဉ္စ ဝေသာလိယာ ပုရေ။ ။

www.burmeseclassic.com

www.burmeseclassic.com



ရောဂါ, မနုဿ ဒုဗ္ဘိက္ခ၊
သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ မန္တရဓာပေသိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။ ။
ယာနီ,ဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။ ။
တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။ ။
၁။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၂။ ခယံ ဝိရာဂံ အ,မတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။
၃။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊

www.burmeseclassic.com

www.burmeseclassic.com



ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၄။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၅။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၆။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဘိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။ ။

၇။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၈။ သဟာဝဿ ဒဿနသမ္ပဒါယ၊

www.burmeseclassic.com

www.burmeseclassic.com



တယသ္မုံ မွာ ဇဟိတာ ဘဝန္တိ။
သဏ္ဌာယဒိဋ္ဌိ ဝိစိကိစ္ဆိတဥ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။ ။
စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိ ဌာနာနိ အ,ဘဗ္ဗကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။ ။
၉။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌ ပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။
၁၀။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ၊
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ဝရမံ ဟိတာယ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိဟောတု။
၁၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေဿန သုဝတ္ထိ ဟောတု။
၁၂။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အ,ဝိရူဠှိဆန္ဒာ၊

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။ ။

၁၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။ ။

၁၅။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။ ။

(ရတနသုတ် အနုလုံပြီး၏)

ရတနသုတ် ပဋိလုံ

၁၅။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

၁၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၁၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊

www.burmeseclassic.com

www.burmeseclassic.com



ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။ ။

၁၂။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၁၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၁၀။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ၊
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၉။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆာဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၈။ သဟာဝဿ ဒဿနသမ္ပဒါယ၊

www.burmeseclassic.com

www.burmeseclassic.com



တယ,ဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အ,ဘဗ္ဗကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၇။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၈။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အ,သမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၉။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ခာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အ,မတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၄။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊

www.burmeseclassic.com

www.burmeseclassic.com



စတ္တာရိ တောနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၃။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိမာနန္တရိကညမာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၂။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၁။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

ယာနီ,ဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။
တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊

www.burmeseclassic.com

www.burmeseclassic.com



မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

(ရတနသုတ် ပဋိလုံပြီး၏)

ထို့နောက် ဗောဇ္ဈင်္ဂသုတ်အကျယ်ကို ရွတ်ပွား ပူဇော်ရပါသည်။ ဗောဇ္ဈင်္ဂသုတ်သည် ရှင်မဟာကဿပ မကျန်းမမာ ဖြစ်သဖြင့် ဘုရားရှင် ဟောကြားတော်မူသော ကဿပဗောဇ္ဈင်္ဂသုတ်၊ ရှင်မောဂ္ဂလ္လာန်မထေရ် မကျန်းမမာဖြစ်သဖြင့် ဘုရားရှင် ဟောကြားတော်မူသော မောဂ္ဂလ္လာန ဗောဇ္ဈင်္ဂသုတ်နှင့် ဘုရားရှင်ကိုယ်တော်တိုင် မကျန်းမမာ ဖြစ်တော်မူသော အခါ အရှင်စုန္ဒထေရ် ရွတ်ဆို ဟောကြားသော စုန္ဒဗောဇ္ဈင်္ဂသုတ်ဟူ၍ သုံးမျိုးရှိသည်။

ထိုသုံးမျိုးအနက် ကဿပ၊ မောဂ္ဂလ္လာနဟူသော အာလုပ်ပုဒ်ပါသည့် ဗောဇ္ဈင်္ဂသုတ်တစ်မျိုးမျိုးကို ရွတ်ပွားပူဇော်ရပါမည်။ ထိုသို့ ရွတ်ပွား ပူဇော်ရာ၌ ကဿပ (သို့မဟုတ်) မောဂ္ဂလ္လာနအစား ရဟန်းဖြစ်လျှင်. . .

"ဗုဒ္ဓရက္ခိတ၊ ဓမ္မရက္ခိတ၊ သံဃရက္ခိတ" စသည် ထည့်သွင်း၍ ရွတ်ဆိုပေးရပါမည်။ ရှင်သာမဏေဖြစ်လျှင်"သာမဏေရ ကုသလ" စသည်။

ဆရာဖြစ်ပါက "အာစရိယ"။

တပည့်ဖြစ်ပါက "သိဿ"

လူဒါယကာဖြစ်ပါက "ဥပါသက၊ ဦး. . . မည်သူမည်ဝါ"

ဒါယိကာမဖြစ်ပါက "ဥပါသိက ဒေါ်. . . မည်သူမည်ဝါ" စသည်ဖြင့် အမည်နာမ ထည့်သွင်း၍ ရွတ်ဆိုပူဇော်ပေးရပါမည်။ အမည်နာမ ရွတ်ဆို ပူဇော်ခြင်းအားဖြင့် ဗောဇ္ဈင်တရား များကို နာကြားရသူသည် "မိမိအတွက် ကောင်းကျိုးချမ်းသာ ဖြစ်ပွားအောင် ရွက်ဆောင်နေပါ ကလား" ဟု နှစ်သက် ဝမ်းမြောက်ခြင်း ပီတိဖြစ်ရ၏။ ထိုပီတိမှတစ်ဆင့် တက်၍ ချမ်းသာသုခကို ရ၏။

ချမ်းသာသုခကို အခြေခံ၍ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်းတည်း

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ပဿဒ္ဓိကို ရ၏။ ထို့ကြောင့် ခန္ဓာကိုယ်ထဲက အသွေးအသားများ ကြည်လင်လာ၏။

အသွေးအသားများ ကြည်လင်လာသောအခါ စိတ္တဇရုပ်များလည်း ကြည်လင်လာ၏။ ဤကြည်လင်လာသော ရုပ်ဓာတ်၊ နာမ်ဓာတ်များက မကောင်းဆိုးဝါးများ၊ ရောဂါဘယများကို နှင်ထုတ်ပစ်၏။ သန့်စင်ပစ်၏။ ထို့ကြောင့် ရောဂါဝေဒနာ ခံစားနေရသူသည် ရောဂါဝေဒနာ ပျောက်ကင်းသွားရခြင်း ဖြစ်ပါသည်။

ရတနသုတ် အနုလုံ + ပဋိလုံကို ရွတ်ဆို ပူဇော်ပေးသဖြင့် အကျိုးခံစားရသည့် ဝတ္ထုသာဓကများကို ဆက်လက် ဖော်ပြသွားပါဦးမည်။

◆◆◆

www.burmeseclassic.com

www.burmeseclassic.com

# ရတနသုတ်ပရိတ်တော်၏ တန်ခိုး အကျိုးအာနိသင်များ

## - ၄ -

**ကျန်းမာရေးအတွက် အထောက်အကူဖြစ်ပုံ (၂)**

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် မိမိဘဝတစ်လျှောက်လုံးတွင် မကျန်းမာသူ၊ မကောင်းသောပညာရပ်များဖြင့် နှောင့်ယှက်ခံရသူတို့ကို သနားသောအားဖြင့် ပရိတ်ရွတ်ဖတ် ပူဇော်၍ ချမ်းသာအောင် ကုစားပေးခဲ့ရသည့် အကြိမ်ပေါင်း များကောင်း များနိုင်ပါသည်။ သိမိသူတို့ထံမှ အဆက်အသွယ်မရခြင်း၊ ဆရာတော်ကြီး ထုတ်ဖော်မိန့်ကြားတော်မမူခဲ့ခြင်းကြောင့်သာ မသိရခြင်း ဖြစ်ပါသည်။

ထိုကြားထဲမှ သာကေတစ်ခုကို ကြားရဖူးပါသည်။ ဓမ္မနာဒချောင်းအထက်နား၌နေသော ဒါယကာကြီးတစ်ဦး၊ နေမကောင်းဖြစ်ပြီး အမျောက်

www.burmeseclassic.com

www.burmeseclassic.com



ပယောဂပူးကာ တုတ်ကြီးတယမ်းယမ်းနှင့် ကြမ်းပြနေပါသည်။

ဇနီးနှင့် သမီးဖြစ်သူတို့ ကြောက်လန့်၍ ဆရာတော်ထံ ပြေးလာပြီး ကူညီပါရန် လျှောက်ထားတောင်းပန်သည်။ ထိုလူမမာ ဒါယကာကြီးမှာ "ငါ့အနား ဘယ်သူမှ မကပ်နဲ့နော်" ဟု ပါးစပ်မှ ကြိမ်းဝါးကာ ကြမ်းနေခြင်း ဖြစ်ပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် ထိုဒါယကာကြီးထံသို့ မေတ္တာစာတ် ပို့လွှတ်ပြီး အထူးမေတ္တာပို့ပါသည်။ ထို့နောက် လမ်းတစ်လျှောက်လုံး ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်ကို အစီအရင်အတိုင်း ရွတ်ဖွားပူဇော်၍ ကုစားသွားပါသည်။

ဆရာတော် ထို ဒါယကာကြီးအနားသို့ ရောက်သောအခါ စောစောက ကြမ်းနေသော ဒါယကာကြီးမှာ ငြိမ်ကျနေပြီ ဖြစ်ပါသည်။ သူ့ကို ချော့မော့ပြီး ဆရာတော်က အိမ်ထဲ သွင်းပေးပါသည်။ ဤသာဓကကား အမှတ်မထင် ကြားသိရသော သက်သေတစ်ရပ် ဖြစ်ပါသည်။

လောလောလတ်လတ် ကြုံတွေ့ရသော သာဓကများကိုလည်း ထပ်မံ တင်ပြပါဦးမည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် သက်တော် ၁၉ နှစ် ကိုရင်ကြီးဘဝကတည်းက မင်းကွန်း ဓမ္မနာဒချောင်မှာ သီတင်းသုံးလာခဲ့ရာ တိပိဋကဓရအဖြစ် ၂၅ နှစ်မြောက် ငွေရတုခါသမယတိုင်အောင် ဖြစ်ပါသည်။ တရားဟောကြွသည်မှလွဲ၍ မင်းကွန်းကို ခွာခဲပါသည်။

၁၉၈၂ ခုနှစ်နောက်ပိုင်းတွင် ရန်ကုန်နှင့် မန္တလေးမြို့တို့၌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူဒါန်းရေးတိစွအတွက် အလှူငွေများ ရေစက်ချပေးတော်မူရန်အတွက် ပြည်နယ်၊ တိုင်း၊ မြို့နယ်အသီးသီးသို့ ကြွတော်မူခဲ့ခြင်းသာ ဖြစ်ပါသည်။

ရန်ကုန်တိပိဋကကျောင်းတော်တွင် သီတင်းသုံးရစဉ်တွင်လည်း မင်းကွန်းပြန်ကြွဖို့ ဘူတာဆင်းရန် ကားပေါ်ထိုင်မိလျှင်ပင် "ရောက်ပြီ ရောက်ပြီ" ဟု ကျူးရင့်တော်မူလေ့ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်ကိစ္စအတွက် မည်းမည်း သီတင်းသုံးရခိုက်တွင် ဒကာ၊ ဒကာမအပေါင်းကလည်း ဆရာတော်ကို မိမိတို့အိမ်သို့ ပင့်၍ ဆွမ်းကပ်ကြပါသည်။ သူ့ထက်ငါဦး အလုအယက် ဆွမ်းရက်ယူ၍ ကပ်ကြခြင်း ဖြစ်ပါသည်။

၁၉၈၆ ခုနှစ်တွင် ဆရာတော်နှင့် အလွန်ရင်းနှီးသော ဒကာတစ်ဦး အပြင်းအထန် မကျန်းမမာဖြစ်သဖြင့် သူ့ဇနီးသည်က ဆရာတော်ကို အိမ်သို့ပင့်၍ ကုသိုလ်ဒါနပြုပါသည်။

**ထိုလူမမာဒကာအတွက် ဆရာတော်အပါအဝင် သံဃာတော် ငါးပါးသည် ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်စသော ပရိတ်များ ရွတ်ပေးတော်မူခဲ့ပါသည်။**

ဆရာတော်ကြီးသည် ထိုမျှနှင့် အားရတော် မမူသေးဘဲ တိပိဋက ကျောင်းတော်သို့ ရောက်သောအခါ ဆရာဝန်ကြီးဦးသာလှကို ပရိတ်ရေ စသည် စီမံစေပါသည်။

အစစ ပြည့်စုံအောင် စီမံပြီးသောအခါ ဆရာတော် အမှူးရှိသော သံဃာတော်ငါးပါးသည် ရတနသုတ် အနုလုံ-ပဋိလုံပါဠိတော်နှင့် ဗောဇ္ဈင်္ဂ သုတ်အကျယ်ကို မေတ္တာကရုဏာအပြည့်ဖြင့် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို ပူဇော်ရင်း ရွတ်ပေးတော်မူခဲ့ပါသည်။

ထိုသို့ စီရင်ပြီးသောအခါ ဆရာဝန်ကြီးဦးသာလှကိုခေါ်၍ ထို ပရိတ်ရေစသည်ကို ထိုမကျန်းမာသူ ဒကာထံ ပို့စေပါသည်။ ထိုမကျန်းမာ သူ ဒကာသည် ယုံကြည်လေးစားစွာ သောက်သုံးရာ မကြာမီမှာပင် ရောဂါ ဝေဒနာ ပျောက်ကင်း၍ ကျန်းမာခြင်းသုခကို ခံစားခဲ့ရပါသည်။

၁၉၉၁ ခုနှစ်၊ ဇွန်လအတွင်းတွင် တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့မှ တိ-နိ အနုပညာရှင်အဖွဲ့သည် "ဝါဆိုမိုးဆမ်း ကန်တော့ပန်း" အစီအစဉ်အတွက် မြန်မာ့အသံ ရုပ်မြင်သံကြားဌာန စတူဒီယိုအတွင်း၌ အသံသွင်းကြပါသည်။

ဆရာဝန်ကြီးဦးသာလှကတော့ ဒေါ်ခင်ညွန့်မှာ သုဘဒ္ဒါ အနှိုး

www.burmeseclassic.com

www.burmeseclassic.com



သမီး ခေါင်းဆောင်ဖြစ်သည့်အတိုင်း တိ•နိ အနုပညာရှင် အမျိုးသမီးများကို အားပေးသောအားဖြင့် မြန်မာ့အသံ၊ ရုပ်မြင်သံကြားဌာန စတူဒီယိုအတွင်းသို့ လိုက်ကာ အားပေးပါသည်။

အသက်အရွယ်ကလည်း ရ၊ ဝ,ကလည်း ဝ,သဖြင့် အအေးခန်းနှင့် မသင့်ရကားထိုအအေးခန်းအတွင်းမှာပင် လေဖြတ်ပါတော့သည်။ ကိုယ်တစ်ခြမ်းသေပြီး ပါးရွဲ့သွားပါသည်။

ထိုအချိန်တွင် မင်းကွန်းတိပိဋကရေ ဆရာတော်ကြီးမှာ ရန်ကုန်တိပိဋကကျောင်းတော်ကြီး၌ စံတော်မူနေခိုက်ဖြစ်ရာ ရတနသုတ် အနုလုံ - ပဋိလုံနှင့် ဗောဇ္ဈင်္ဂသုတ် ပရိတ်တော်အကျယ်၏ တန်ခိုး အကျိုးအာနိသင်ကို လက်တွေ့ သိထားသော ဆရာဝန်ကြီးဦးသာလှက မင်းကွန်းတိပိဋကဆရာတော်ကြီးထံမှ ပရိတ်ရေ လျှောက်ထားတောင်းခံပါသည်။

ဆရာတော်ကြီးကလည်း မေတ္တာကရုဏာရှေ့ထား၍ ရွတ်ပွားပေးတော်မူပါသည်။ ဤပရိတ်ရေ၏ တန်ခိုးကြောင့် ဆရာဝန်ကြီးကတော် ဒေါ်ခင်ညွန့်မှာ လူနေကောင်းပြီး လေဖြတ်သည့် ရောဂါများလည်း အတော်သက်သာသွားပါသည်။ ခေတ်မီ တုတ်ကောက်ကိရိယာဖြင့် အတွဲမပါဘဲ အိမ်တွင်းမှာ သွားနိုင်လာနိုင်သည့် အခြေအနေအထိ ကောင်းမွန်သွားပါသည်။

ယခု ၂၀၀၂ ခုနှစ်၊ ဇွန်လ ၉ ရက်၊ တနင်္ဂနွေနေ့က အဖြစ်ကိုလည်း သာဓကေ တင်ပြချင်ပါသေးသည်။ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာနမှ လက်ထောက်စာချဆရာတော်လေး ဦးသုမင်္ဂလမှာ ဓမ္မကထိက ဖြစ်သည်။ ကြည်ညိုသူဒကာ၊ ဒကာမများသည်။ ဆရာတော်လေးကို အကြောင်းပြု၍ စာမေးပွဲရက်တိုင်းတွင် ဗိုလ်ချုပ်ဈေးမှ 'မြဖြိုးခိုင်' မိသားစုက အဆောင်တွင် ဆွမ်းကပ်လေ့ ရှိပါသည်။

တစ်ခါသော် ကျောက်မြောင်း၊ စိတ္တသုခလမ်းမှာနေသော မြဖြိုးခိုင်မိသားစုသည် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်တွင် ပိဋကတ်

www.burmeseclassic.com

www.burmeseclassic.com



သုံးပုံ ရေစက်ချပွဲကို ကြုံတွေ့ခဲ့ရပါသည်။

ဤအတွေ့အကြုံသည် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ရှိ အဆောင် ၁၄ ခု၊ ဌာနကြီး ၇ ခု၊ မော်ကွန်းထိန်းဌာန၊ နာယကဆောင်နှင့် စာကြည့်တိုက် စုစုပေါင်း ၂၄ ဌာန၌ ပိဋကတ်သုံးပုံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ မြန်မာပြန်အစုံကို စာတိုက်ဗီရိုနှင့်တကွ စာကြည့်တိုက် ထူထောင်သောအားဖြင့် လှူဒါန်းရန် စီမံပြီး ဖြစ်နေကြပါသည်။ *(ဤဆောင်းပါး ဖော်ပြချိန်တွင် အားလုံး ၂၄ ဌာနအတွက် လှူဒါန်း ပြီး ဖြစ်နေပြီ ဖြစ်ပါသည်။ ဤဒကာများ အဖွဲ့တဝင်လျှင် ပညာထူးချွန်ဆု ပေးနိုင်အောင် ဆောင်ရွက်နေကြသည်တုလည်း သိရပါသည်)*

ဧပြီလအတွင်း ဆရာတော်လေး ဦးသုမင်္ဂလ နယ်ထွက်နေချိန်တွင် ကိုထွန်းလွင်၊ မညိုမိတို့က ဆရာတော်လေးထံ ဖုန်းဆက်၍ ဆွမ်းပင့်ပါသည်။ သို့သော် ဆရာတော်လေး သီတင်းသုံးသော အဆောင်မှာ တယ်လီဖုန်း မရှိသဖြင့် လက်ထောက်မော်ကွန်းထိန်း ဆရာတော်နှင့် ပါဠိဌာနမှူး ဆရာတော် ဦးထေရိန္ဒတို့ အသုံးပြုသော တယ်လီဖုန်းကိုသာ ဆက်သွယ်ရပါသည်။

ဆရာတော်လေး မရှိသဖြင့် ဆရာတော် ဦးထေရိန္ဒက ဖုန်းလက်ခံရရုံမျှမက ဆရာတော်လေး မရှိလျှင်လည်း ယခု တယ်လီဖုန်း လက်ခံသော ဆရာတော်နှင့်တကွ သံဃာတော်ငါးပါး ဆွမ်းစားကြွပါရန် ပင့်လျှောက်ပါသည်။

ဤဆွမ်းကျွေးပွဲတွင် ကျောက်မြောင်း၊ စိတ္တသုခလမ်း၊ အမှတ် ၅၁ နေ ဒေါ်ရီကလည်း ပိဋကတ်သုံးပုံ ရေစက်ချလှူဒါန်းပွဲအတွက် ဆွမ်းကျွေးအလှူကို ကြွပါရန် ဆက်၍ ပင့်ပါသည်။ ဤအလှူပွဲကိုကား ၂၀၀၂ ခုနှစ်၊ ဧွန်လ ၉ ရက်နေ့တွင် ကျင်းပပါသည်။

ဤဆွမ်းကျွေးပွဲသို့ ကြွရောက်သော ဆရာတော် ဦးထေရိန္ဒကို ဒေါ်ရီက လွန်ခဲ့သော သုံးလခန့်ကတည်းက သွားနုတ်ခဲ့ရာ အနာမပျောက်

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ယခုတိုင် ခံစားနေရကြောင်း လျှောက်ထားပါသည်။ သို့အတွက် ဆရာတော် ဦးထေရိန္ဒနှင့် သံဃာတော်များက ဒေါ်ရီအတွက် ရတနသုတ် အနုလုံ- ပဋိလုံနှင့် ဗောဇ္ဈင်္ဂသုတ်အကျယ်ကို ရွတ်ပေးတော်မူခဲ့ပါသည်။

ဤကာလမတိုင်ခင်က ရတနသုတ် အနုလုံ-ပဋိလုံအကြောင်းကို ဆရာတော် ဦးထေရိန္ဒ မသိသေးပါ။ ၂၀၀၂ ခု၊ မေလ ၂၄ ရက်နေ့ ညနေက တက္ကသိုလ်ဖွင့်အမီ ကျင်းပသည့် အစည်းအဝေးသို့ ကြွရန် ရှိပါလျက် လက်ထောက်မော်ကွန်းထိန်း ဆရာတော်၏ ညီမများ၏ အရေးပေါ် ကျန်းမာရေးကိစ္စ ပေါ်လာ၍ မကြွရောက်နိုင်ဘဲ ရှိခဲ့ပါသည်။

သို့အတွက် ကျောင်းဖွင့်ပြီး နောက်တစ်ရက်တွင် တွဲဖက်ဌာနမှူး ဆရာကြီးက လာရောက်တွေ့ဆုံ ဖူးမြော်ပါသည်။ ဤတွင် ဆရာတော်က မကြွနိုင်သည့်အကြောင်းကို မိန့်ကြားပါသည်။ ထိုအကြောင်းကို စိတ်ဝင်စားသဖြင့် နောက်တစ်ရက် ထပ်မံ တွေ့ဆုံပြီး လေ့လာစူးစမ်းပါသည်။

အဆုံးတွင် ထိုဆရာကြီးက ရတနသုတ် အနုလုံ-ပဋိလုံ ရွတ်ပွားပူဇော်၍ ကုစားရန် အကြံပေး လျှောက်ထားပါသည်။ ဤအကြံအတိုင်း ကုစားရာ ပျောက်ကင်းချမ်းသာသဖြင့် ဆရာတော် ဦးထေရိန္ဒက ဒကာမကြီး ဒေါ်ရီကို. . .

**'ဒကာမကြီး ဦးပဥ္စင်းတို့ကတော့ ပရိတ်ပဲ ရွတ်ပေးနိုင်တယ်။ အခုရွတ်ပေးမှာကတော့ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးပေးတဲ့နည်း ဖြစ်ပါတယ်။ ဆရာတော်ကြီးကိုလည်း သူ့ရဲ့ ကျေးရွာရှင် ဆရာက နည်းပေးမှာကြားထားခဲ့တာလို့ ဆရာတော်ကြီးက သမားစဉ်အတိုင်း နည်းပေးထားတာ ဖြစ်ပါတယ်။**

ဦးပဥ္စင်းတို့ အမိကထားပြီး ရွတ်ပေးမှာက အဲဒီဆရာတော်ကြီး နည်းပေးထားတဲ့ ရတနသုတ် အနုလုံ- ပဋိလုံနဲ့ ဗောဇ္ဈင်္ဂသုတ် အကျယ် ဖြစ်ပါတယ်။ ရိုရိုသေသေ နာယူပါ'

ဟု ပြောကြားပြီး ရွတ်ပွား ပူဇော်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ဤ ရတနသုတ် အနုလုံ- ပဋိလုံတန်ခိုးကြောင့် ခဲတစ်လုံးတည်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ငှက်နှစ်ကောင် မှန်သည်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ထို ပရိတ်ရေကို သောက်သုံးရာ ဒေါ်ရီခမျှာ သုံးလကြာ ခံစားနေရသော ရောဂါ ဝေဒနာ ပျောက်ကင်းသည်။

တရားနာပရိသတ်ထဲမှ ဒကာမကြီးတစ်ဦးမှာလည်း ဒူးနာရောဂါ ပျောက်ကင်းသွားသည်ဟု နောက်နေ့တွင် ဒေါ်ရီ၏ သားက ဆရာတော် ဦးထေရိန္ဒထံသို့ လာရောက် လျှောက်ထားလာပါသည်။

(ဒေါ်ရီခံစားရသည့် ဝေဒနာမှာ အပေါက်ဆိုးဆိုး ပြောမိသဖြင့် မလိုမုန်းထားသူများ၏ စနက်မကင်းဟု သိရပါသည်။)

မကောင်းသော ပညာရပ်များ၏ ဒုက္ခပေးမှုကြောင့် ကိုယ့်ကိုယ် ကိုယ်လည်ပင်းညှစ်ပြီး သတ်သေချင်ရုံမျှမက သွေးပါအန်သော ရောဂါ ဝေဒနာသည်ကို ဤရတနသုတ် အနုလုံ- ပဋိလုံဖြင့် ကုစားသေးသဖြင့် ပျောက်ကင်းချမ်းသာခဲ့ပါသေးသည်။

မှတ်ချက်-

(တိပိဋကဓနိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌကြီး ဆရာ ဝန်ကြီး ဦးသာလှသည် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ပျံလွန်တော်မူသည့် ၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှစ၍ ၁၉၉၃ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ထိ ၄၉ ရက်ကြာ ဖွင့်လှစ်ပြသသော "မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ဈာပနအထိမ်းအမှတ် ပူဇော်ပွဲနှင့် ထေရုပ္ပတ္တိ သာသနာပြု မော်ကွန်းပြခန်း" အလှူတော်နေ့တွင် ရတန သုတ်အနုလုံ- ပဋိလုံပါဠိတော်ကို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။)

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# ရတနသုတ်ပရိတ်တော်၏ တန်ခိုး အကျိုးအာနိသင်များ

## - ၅ -

**ရတနသုတ် အနုလုံ ပဋိလုံ တစ်ရာ့ရှစ်နဝင်း အထူးအန္တရာယ်တင်း**

ရတနသုတ် ပရိတ်တော်ကို အနုလုံ၊ ပဋိလုံ ရွတ်သည့်နည်း နောက် တစ်မျိုး ရှိပါသေးသည်။ ဤနည်းမှာ တစ်ရာ့ရှစ်နဝင်း ကိုက်အောင် ရွတ် ရသည့်နည်း ဖြစ်ပါသည်။ ဤနည်းကိုလည်း မင်းကွန်းတိပိဋကရေ ဆရာ တော်ကြီးပင် ပေးတော်မူပါသည်။ ဤနည်းမှာ ကျယ်ကျယ်ပြန့်ပြန့် မရှိ သေးပါ။

ဤနည်းကို သိသူလည်း ရှားပါသည်။ မြင်းခြံမြို့၊ မင်းကျောင်းတိုက် ဆရာတော် ဦးနန္ဒိယတစ်ပါးသာ သိမည် ထင်ပါသည်။ မြင်းခြံမင်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တိုက်မှာ မင်းကွန်းတိပိဋကရေ ဆရာတော်လောင်းလျာမောင်ခင်၊ နောင်ရှင်ဝိစိတ္တသာရ ပညာရှင်နို့ သောက်စို့ခဲ့ရာ ဌာနဖြစ်ပါသည်။

ယခုဤကျောင်းတိုက်ကို မင်းကွန်းမိုးမိတ်ကုန်းမြေ တိပိဋက နိကာယ ကျောင်းတော်၏ အနုနာယကဟောင်း ဒီယဘာဏက အရှင်နန္ဒိယက အုပ်ချုပ်နေပါသည်။

ရတနသုတ် အနုလုံ + ပဋိလုံ ပါဠိတော် စာအုပ်ငယ်လေး ပေါ်ထွက်လာသောအခါ ဆရာတော် ဦးနန္ဒိယက "သူ့မှာ ဆရာတော်၏မူ ရတနသုတ် အနုလုံ + ပဋိလုံရှိသည်" ဟု မိန့်တော်မူပါသည်။

ဤမိန့်ကြားချက်ကို အခြေခံ၍ တက္ကသိုလ်ဆရာကြီး မြင်းခြံ ရောက်စဉ် ၁၉၉၇ ခု၊ စက်တင်ဘာ ၂၄ ရက်နေ့ ည၇ နာရီ၊ မိနစ် ၄၀ အချိန်တွင် ဆရာတော်ဦးနန္ဒိယထံမှ "ရတနသုတ် အနုလုံ + ပဋိလုံ တစ်ရာ့ရှစ်နဝင်း အထူးအန္တရာယ်ကင်း" နည်းကောင်းကို မှတ်သားခဲ့ပါသည်။ ယခု ဤနည်းကို အများအကျိုးအတွက် ဖော်ပြပေးလိုက်ပါသည်။

ရတနသုတ်အနုလုံ

**ပဏိဓာနတော ပဋ္ဌာယ, တထာဂတဿ ဒသ ပါရမိယော , ဒသ ဥပ ပါရမိယော, ဒသ ပရမတ္ထ ပါရမိယောတိ သမတ္တိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ, လောကတ္ထစရိယံ, ဉာတတ္ထစရိယံ , ဗုဒ္ဓတ္ထစရိယန္တိ တိဿော စရိယာယော, ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ,ဇာတိံ,အဘိနိက္ခမနံ , ပဓာနစရိယံ, ဗောဓိ ပလ္လင်္ကေ မာရဝိဇယံ, သဗ္ဗညုတညာဏပ္ပဋိဝေဓံ ဓမ္မစက္ကပ္ပဝတ္တနံ, နဝလောကုတ္တရဓမ္မေတိ, သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇိတွာ ဝေသာလိယာ တီသု ပါကာရန္တရေသု တိယာမရတ္တိံ ပရိတ္တံ ကရောန္တော အာယသ္မာ အာနန္ဒတ္ထေရော ဝိယ ကာရုည စိတ္တံ ဥပဋ္ဌပေတွာ။**

**ကောဋိသတသဟဿေသု၊**
**စက္ကဝါဠေသု ဒေဝတာ။**

www.burmeseclassic.com

www.burmeseclassic.com



ယဿာဏံ ပဋိဂ္ဂဏှန္တိ၊
ယဋ္ဌ ဝေသာလိယာ ပုရေ။ ။
ရောဂါ, မနုဿ ဒုဗ္ဘိက္ခ၊
သမ္ဘူတံ တိဝိဓံ ဘယံ။
ခိပ္ပ, မန္တရဓာပေသိ၊
ပရိတ္တံ တံ ဘဏာမ ဟေ။ ။
ယာနီ,ဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။ ။
တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။ ။
၁။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။
၂။ ခယံ ဝိရာဂံ အ,မတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။
၃။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိမာနန္တရိကညမာဟု။

www.burmeseclassic.com

www.burmeseclassic.com



သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၅။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အ,မတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၆။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အ,သမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၇။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမမာဒိယန္တိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊

www.burmeseclassic.com

www.burmeseclassic.com



ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၈။ သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။ ။
စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အ,ဘဗ္ဗကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။
၉။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အ,ဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အ,ဘဗ္ဗတာ ဒိဋ္ဌ ပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၀။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ၊
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၂။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊

www.burmeseclassic.com

www.burmeseclassic.com



ဝိရတ္တ စိတ္တာ ယကိကေ ဘဝသို့။
တေ ခိဏာ ဗီဇာ အ,ဝိရုဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

၁၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၁၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၁၅။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

(ရတနသုတ် အနုလုံပြီး၏)

ရတနသုတ်ပဋိလုံ

၁၅။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

၁၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။

www.burmeseclassic.com

www.burmeseclassic.com



တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။
၁၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။
၁၂။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အ,ဝိရူဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁၀။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ၊
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၉။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အ,ဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အ,ဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။

www.burmeseclassic.com

www.burmeseclassic.com



ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၈။ သဟာဝဿ ဒဿနသမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။
စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အ,ဘဗ္ဗကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၉။ ယေ.အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမမာဒိယန္တိ၊
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၆။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဟိ အ,သမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၅။ ယေ သု,ပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိပတ္တာ အ,မတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။

www.burmeseclassic.com

www.burmeseclassic.com



ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၄။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ၊
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၃။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိက ည မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၂။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။
၁။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

www.burmeseclassic.com

www.burmeseclassic.com



၁။ "ပဏ္ဏာဝေနတော" မှသည် "သံယံ နမယာမ သုဝတ္တိ ဟောတု" ထိ။

(အနုလုံ)

၂။ ဂါထာ ၁၅ "ယာနီဝ ဘူတာနိ။ ပ။ သံယံ နမဿာမ သုဝတ္တိ ဟောတု" မှ ဂါထာ ၁ "ယံ ကိဉ္စိ ဝိတ္တံ" ထိ၊

(ပဋိလုံ)

၃။ ဂါထာ ၁ "ယံ ကိဉ္စိ ဝိတ္တံ" မှ ဂါထာ ၁၅ "ယာနီဝ ဘူတာနိ။ ပ။ သံယံ နမဿာမ သုဝတ္တိ ဟောတု" ထိ။

(အနုလုံ)

၄။ ဂါထာ ၁၅ "ယာနီဝ ဘူတာနိ။ ပ။ သံယံ နမဿာမ သုဝတ္တိ ဟောတု" မှ ဂါထာ ၁ "ယံ ကိဉ္စိ ဝိတ္တံ" ထိ၊

(ပဋိလုံ)

၅။ ဂါထာ ၁ "ယံ ကိဉ္စိ ဝိတ္တံ" မှ ဂါထာ ၁၅ "ယာနီဝ ဘူတာနိ။ ပ။ သံယံ နမဿာမ သုဝတ္တိ ဟောတု" ထိ။

(အနုလုံ)

၆။ ဂါထာ ၁၅ "ယာနီဝ ဘူတာနိ။ ပ။ သံယံ နမဿာမ သုဝတ္တိ ဟောတု" မှ ဂါထာ ၁ "ယံ ကိဉ္စိ ဝိတ္တံ" ထိ၊

(ပဋိလုံ)

၇။ ၃။ ဂါထာ ၁ "ယံ ကိဉ္စိ ဝိတ္တံ" မှ ဂါထာ ၁၅ "ယာနီဝ ဘူတာနိ။ ပ။ သံယံ နမဿာမ သုဝတ္တိ ဟောတု" ထိ။

(အနုလုံ)

www.burmeseclassic.com

www.burmeseclassic.com



အနုလုံ ၁၅ ဂါထာ၊ ပဋိလုံ ၁၅ ဂါထာ၊ စုစုပေါင်း ၇ ခါဖြစ်၍ ၁၅ x ၇ ၁၀၅ ရပါသည်။ ပြီးမှ. . .

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ မနာပေါ သကုဏဿ သဒ္ဒေါ၊
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဗုဒ္ဓါနုဘာဝေန ဝိနာသ-မေန္တု။ ။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ မနာပေါ သကုဏဿ သဒ္ဒေါ၊
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
ဓမ္မာနုဘာဝေန ဝိနာသ-မေန္တု။ ။

ယံ ဒုန္နိမိတ္တံ အဝမင်္ဂလဉ္စ၊
ယော စာ မနာပေါ သကုဏဿ သဒ္ဒေါ၊
ပါပဂ္ဂဟော ဒုဿုပိနံ အကန္တံ၊
သံဃာနုဘာဝေန ဝိနာသ-မေန္တု။ ။

ဟု ဤ ယံဒုန္နိမိတ္တံ သုံးဂါထာဖြင့် နိဂုံးချုပ်ပါက တစ်ရာ့ရှစ်နဝင်း ဖြစ်ပါတော့သည်။

ဤတစ်ရာ့ရှစ်နဝင်းသည် အထူးအန္တရာယ်ကင်းသည်ဟု ဆရာတော် ဦးနန္ဒိယက အမိန့်ရှိပါသည်။ သို့သော် ဤတစ်ရာ့ရှစ်နဝင်းနှင့် ပတ်သက်၍ လက်တွေ့အသုံးမချဖူးသေး၍ တန်ခိုးတရားအကျိုးသွားကို မသိရှိရသေးရာ မကြာမတင်မှာပင် ကောင်းကျိုးတရားကို ကောင်းစွာ သိခွင့်ရလိုက်ပါသည်။

ကုန်သည်လင်မယားမိသားစုကို ဤရတနသုတ် အနုလုံ+ ပဋိလုံ တစ်ရာ့ရှစ်နဝင်းဖြင့် အန္တရာယ်ကင်းအောင် ပြုလုပ်ပေးခဲ့ရ၍ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ဦးထေရိန္ဒကို ကြည်ညိုသော ကုန်သည်လင်မယား ရှိပါသည်။ ထိုလင်မယားမှာ သက်လတ်ပိုင်းမှာသာ ရှိသေးသည်။ ကုန်သည်လောကတွင် ထင်ရှားကျော်ကြားသည်။ လင်ယောကျ်ားမှာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ပင် ရရှိထား သည်။ ဇနီးဖြစ်သူမှာ အကြောင်းမညီညွတ်သဖြင့် အကျဉ်းအကျပ်ထဲသို့ ကျရောက်ခဲ့ပါသည်။ ထိုအခါ လင်ယောကျ်ားဖြစ်သူက ဆရာတော်ဦးထေရိန္ဒထံ အကျိုး အကြောင်း လျှောက်ထား၍ အန္တရာယ်ကင်း ပရိတ်ရွတ်ပေးပါရန် လျှောက် ထားသည်။

ထိုအခါ ဆရာတော် ဦးထေရိန္ဒနှင့် သံဃာတော်များက ဤရတနသုတ် အနုလုံ + ပဋိလုံ တစ်ရာ့ရှစ်နဝင်းကို အထူးပြုရွတ်ဖတ် ပူဇော်ပေးကြပါသည်။ ဤရတနသုတ် အနုလုံ + ပဋိလုံ၏ ကျေးဇူးကြောင့် ဇနီးဖြစ်သူမှာ နှစ်ရက်တည်းနှင့် အကျဉ်းအကျပ်ထဲမှ လွတ်မြောက်ခဲ့ရပါသည်။ ပို၍ထူးခြားသည်မှာ ထိုဇနီးသည် ခံစားနေရသော ရောဂါဝေဒနာများလည်း ပျောက်ကင်းချမ်းသာသွားသည်ကို အံ့ဩဖွယ်ရာ တွေ့ရခြင်း ဖြစ်ပါသည်။

*(နောင်အကြောင်းညီညွတ်လျှင် အသေးစိတ် ဖော်ပြပါဦးမည်)*

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ရတနသုတ်ပရိတ်တော်၏ တန်ခိုး အကျိုးအာနိသင်များ

## - ၆ -

**ထင်ပေါ်ကျော်ကြား လာဘ်လာဘ ပေါများပုံ**

ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာနၷ နယဒေသက (နည်းပြ) ဆရာတော်လေးတစ်ပါး ရှိခဲ့ဖူးပါသည်။ အရှင်စန္ဒာသီရိဟု ဘွဲ့အမည် ရှိပါသည်။ ဆရာတော်လေးသည် တက္ကသိုလ်မှာ ပညာသင်ယူစဉ် တစ်လျှောက်လုံး၌ စာကြိုးစားသည်။ အတန်းတိုင်းမှာ ဂုဏ်ထူးတွေနှင့် အောင်သည်။

ဆရာကြီးဦးတင်လွင် (ပါမောက်လွင်) ၏ ပညာသင်ဆုကိုပင် ရခဲ့သူ ဖြစ်ပါသည်။ ဆရာတော်လေးသည် မဟာဓမ္မာစရိယတန်း အောင်မြင်သည်ထိ ၆ နှစ်တာ ပညာသင်ပြီးသောအခါ တက္ကသိုလ်မှာ ဆရာအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အရွေးချယ်ခံရပါသည်။

ထိုဆရာတော်လေးသည် ပိဋကတ်ဆိုင်ရာ ပါဠိစာပေဌာနမှ သက္ကတဘာသာပြ ဆရာကြီးကို လေးစားသည်။ တက္ကသိုလ်မှာ ဆရာဖြစ်လာသောအခါလည်း သက္ကတဘာသာပြရန်အတွက်ပင် ရွေးချယ်ခံရသည်။

ထို့ကြောင့် ထိုဆရာတော်လေးသည် ထိုဆရာကြီး ပို့ချသမျှ အတန်းတိုင်းကို လိုက်တက်၍ ပညာယူသည်။ စာသင်သားဘဝနှင့် ၆ နှစ် လေ့လာခဲ့စဉ်က ကုန်း၍ ကျက်ခဲ့ရသော စာများ ယခုဆရာအဖြစ်နှင့် လေ့လာလိုက်စားသောအခါ ပို၍ သဘောပေါက် နားလည်လာသည်ဟု ဆိုပါသည်။

သက္ကတဘာသာပြဆရာကြီးမှာ ဘုန်းကြီးလူထွက် မဟုတ်ပါ။ သို့သော် ပိဋကတ်စာပေ နှံ့စပ်သည်။ အရအမိလည်း ရှိသည်။ အမှတ်အသားလည်း များသည်။ ဆရာကောင်းထံ နည်းခံခဲ့ရ၍လည်း ဝိနည်းတော်နှင့် ပတ်သက်၍ နှံ့စပ်သည်။ ငယ်စဉ်တက္ကသိုလ်ကျောင်းသားဘဝက ဝိနိစ္ဆယစီရင်ချက်ကိုပင် ရေးခဲ့ဖူးသည်။

သူ့ဆရာ မိတ္ထီလာမြို့ တောမဝမ္မာရုံဆရာတော်မှာ ဝိနည်းခိုင်ရဲ ဆရာတော်ဖြစ်ပါသည်။ ပဋ္ဌာနပါရာဇိကမှုနှင့် ပတ်သက်၍ အတွေ့အကြုံ အတော်ရှိသည်။ ဤသို့ ဗဟုသုတများသဖြင့် စာလေပို့ချရင်း သင်တန်းသား ကိုယ်တော်လေးများ ဗဟုသုတရပေပည့် အကြောင်းအရာများကို စကားစပ်လျှင် စပ်သလို ဟောပြောလေ့ ရှိပါသည်

သုတ္တန် သုတ္တန်မို့၊ ဝိနည်း ဝိနည်းမို့၊ အဘိဓမ္မာ အဘိဓမ္မာမို့ ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ဟောပြောပေးလေ့ ရှိရကား ဆရာတော်လေး ဦးစန္ဒာသီရိသည် ဆရာဖြစ်လာလင့်ကစား ထိုဆရာကြီး၏အတန်းကို စုံစုံ မက်မက် လိုက်၍ တက်လေ့ ရှိပါသည်။

ထိုဆရာတော်လေးမှာ တက္ကသိုလ်ဆရာသာမက သာသနာရေးဝန်ကြီးဌာနက ဖွင့်လှစ်သော လူများအတွက် ရည်ရွယ်သည့် ပထမပြန်ဆိုင်ရာသင်တန်းမှာလည်း ဆရာတစ်ဦး ဖြစ်ပါသည်။ ဆရာတော်လေး၏

www.burmeseclassic.com

www.burmeseclassic.com



သူများ မပို့ချချင်သည့် သဒ္ဒါဘာသာရပ်ကို နောက်ဆုံး အချိန်ကျမှ ပို့ချရ ရှာပါသည်။

သို့သော် ဆရာတော်လေးမှာ သက္ကတဘာသာပြု ဆရာကြီးဆီမှ တစ်ပတ်အကွင်း ရထားသည့်နည်းတွေထဲမှ ဆိုင်ရာဆိုင်ရာကို လက်တွေ့ အသုံးချပြီး ပို့ချရာ ဆရာတော်လေးမှာ အထူးအောင်မြင်သည့် ဆရာတော် လေး ဖြစ်နေပါသည်။

တစ်ခါသော် သက္ကတဘာသာပြု ဆရာကြီးက ရတနသုတ်ပရိတ် နှင့် ပတ်သက်၍ ဆရာကြီးဆန်းထွန်းက "ဟော့ ရတနသုတ်ရွတ်ကွဲ" ဟု အမိန့်ရှိခဲ့ပုံ၊ ဆရာကြီးတိုက်တွန်းသည့်အတိုင်း ရွတ်လာရာ ဘေးအန္တရာယ် ကင်းပုံကို ကိုယ်တွေ့အဖြစ် စာသင်ခန်းထဲမှာ ပြောပြဖူးပါသည်။

ဤပြောပြချက်ကို ကြားနာရသည့် အချိန်မှစ၍ ဆရာတော်လေး သည် ရတနသုတ်ကို အထူးစိတ်ဝင်စားခဲ့ပါသည်။ စိတ်ဝင်စားသည့် အလျောက် အားထုတ်ရွတ်ရာ သိသိသာသာ ထူးခြားလာခဲ့သည်ဟု သိရပါ သည်။

ဆရာတော်လေးသည် ရတနသုတ်ကို ကိုးခေါက် ကိုးခေါက် ရွတ် သည်ဟု ဆိုပါသည်။ ဤအကျိုးဆက်ကြောင့် ထူးထူးခြားခြား လူချစ်လူခင် ပေါ်များလာပါသည်။ နယ်ထွက်၍ ဗုဒ္ဓသာသနာပြုတရားများလည်း ဟော ကြားခဲ့ရပါသည်။ လူမျိုးပေါင်းစုံ၊ ဘာသာဝင်ပေါင်းစုံ ပါဝင်သော မအူပင် မြို့ တရားပွဲ၌ လူငယ်ကျောင်းသားများနှင့် သက်ဆိုင်ရာ တရားကို ထိထိ မိမိ ဟောနိုင်ခဲ့သည်။ ထိုသို့ ဟောရာတွင် ကျောင်းသားဘဝက လေ့လာ ခဲ့ရသော ဟိတောပဒေသ ဖတ်စာထဲမှ. . .

ပညာရှိသည်. . .

အတတ်ပညာနှင့် ဥစ္စာစီးပွားကို မအိုမသေတော့မည့်ကဲ့သို့ (သဘောထားပြီး) ကြံစည်ရာ၏။

သေမင်းက ဆံပင်ကို ဆွဲခေါ်နေသကဲ့သို့ (သဘောထား၍) တရားကို ကျင့်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူသော ဂါထာကို အကွက်ကျကျ အသုံးပြု၍ ဟောနိုင်ခဲ့သဖြင့် လူငယ်ထုအသည်းစွဲ ဖြစ်ခဲ့ရ၏။

ကွယ်လွန်သူ နှစ်ဖက်လှဦးကျော်လွင်၊ ဓမ္မာစရိယ ဦးဌေးလှိုင်တို့နှင့် အတူ နယ်လှည့်တရားပွဲများကိုလည်း လှည့်လည်ဟောကြားခဲ့သည်။ စာရေးဆရာ ကျော်နန္ဒအောင်၏ အစီအစဉ်ဖြင့် ဗိုလ်တထောင်မြို့နယ်မှာ တရားပွဲကြီးတစ်ခု နွှဲခဲ့ဖူးပါသေးသည်။

အမျိုးဘာသာ သာသနာအတွက် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ဘာသာသာသနာစိတ် နိုးကြားရုံမျှမက ဗုဒ္ဓဘာသာ မှေးမှိန်မသွားရအောင် ဆောင်ရွက်ရမည့် နည်းကိုလည်း ဟောကြားခဲ့ပါသည်။

တက္ကသိုလ်မှာ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ကျောင်းပိတ်ရက်များ၌ ပဲခူးနွယ်ကုန်းမြို့ရှိ ဦးလေးဘုန်းကြီး ဦးစန္ဒာဝရ၏ မဟာစည်သာသနာ့ရိပ်သာ၌ တရားပွဲများကို တာဝန်ယူ ဟောကြားပေးရသည်လည်း ရှိပါသေးသည်။ ဦးလေးဘုန်းကြီးမှာ ရန်ကုန်မဟာစည် သာသနာ့ရိပ်သာမှာ တာဝန်ကျနေချိန်ဖြစ်၍ ပဲခူးနွယ်ကုန်းရိပ်သာကို ဆရာတော်လေးပင် တာဝန်ယူရသည်။

တရားပွဲမှ အနာမာသ ဝတ္ထုငွေ သောင်းနှင့်ချီ၍ ရပါသည်။ ထိုဝတ္ထု ငွေအားလုံးကို ဆရာတော်လေးက လုံးဝမထိပါ။ ထိုရိပ်သာရှိ လက်ထောက် ဆရာတော်လေးကို ပုံ၍ လှူခဲ့ပါသည်။ နောက်တစ်ကြိမ် ထိုရိပ်သာမှာပင် တရားစခန်းဖွင့်သောအခါ ဆရာတော်လေးပင် တာဝန်ယူရသည်။

ဤအချိန်တွင် နဝကမ္မဝတ္ထုငွေ သိန်းချီ၍ ရပါသည်။ ထိုငွေဖြင့် တရားစခန်းဖွင့်စဉ်တစ်လျှောက် ဆွမ်း၊ ကွမ်း တာဝန်ယူပါသည်။ လမ်း၊ တံတား၊ အဆောက်အအုံထဲတွင် ထည့်ဝင် လှူဒါန်းသည်။ အဟောအပြော၊ အစည်းအရုံးကောင်းသဖြင့် မြို့၏ မျက်နှာဖုံး လူကြီးလူငယ် ယောကျ်ား မိန်းမ အသီးသီးတို့ ဝေယျာဝစ္စဟူသမျှကို အားပါးတရ လုပ်ဆောင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့လုံးကို စည်းရုံးနိုင်သဖြင့် ရိပ်သာဖွံ့ဖြိုးတိုးတက်လာသည်။ ရာသက်ပန် ဆွမ်း အလှူရှင်များ ပေါ်ပေါက်လာသည်။ လမ်း၊ တံတားနှင့် အဆောက်အအုံအတွက် ငွေကြေးပြည့်စုံလာသည်။

ရတနသုတ် ပရိတ်တန်ခိုးကြောင့် ဆရာတော်လေးမှာ လာဘ် လာဘ ရွှင်သည်။ ဆွမ်း၊ သင်္ကန်း၊ ဆေးပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေ ပြည့်စုံ လာသည်။ တစ်ခါက စာအုပ်စာတမ်းများအတွက် ဝတ္ထုငွေ လိုအပ်နေချိန် တွင် ရတနသုတ်ကို အားကိုးတကြီး ရွတ်ရာ ဝတ္ထုငွေ သောင်းနှင့်ချီ၍ ဖြစ်ပေါ်လာသည်။ ချုပ်၍ဆိုရလျှင် ရတနသုတ် ပရိတ်တန်ခိုးကြောင့် ပစ္စည်းလေးပါးအတွက် အခက်အခဲ မရှိတော့ချေ။

တက္ကသိုလ်မှထွက်ပြီး ပဲခွယ်ကုန်းရိပ်သာမှာ တာဝန်ယူရသောအခါ မဟာစည်နယ်လှည့် ဓမ္မကထိက ရွေးပွဲဝင်ရသည်။ အလွယ်တကူ အောင် မြင်သည်။ ပထမဆုံး ဓမ္မခရီးအဖြစ် မြစ်ကြီးနားဘက်မှာ တာဝန်ကျသည်။ ယခင်က ဟောနေကျ ဆရာများ သူ့အလျင်က ဟောကြသည်။ သူက နောက်မှ ဟောရသည်။

သို့သော် သူ့ကို အများက သဘောကျကြသည်။ ဤမြစ်ကြီးနား ဓမ္မခရီးစဉ်တွင် မိုးကောင်း၊ မင်းဘောတို့မှာလည်း ဟောရသည်။ ထို ဒေသမှ အချို့ဆရာတော်များက ရိပ်သာဖွင့်ရန် ဆရာတော်လေးကို ကျောင်းအပ်ကြသည်။ ဤမျှ အောင်မြင်သည်။

ဤသို့ အောင်မြင်သည်မှာ ရတနသုတ်ကို ကိုးခေါက်ကိုးခေါက် ရွတ်ဆိုနေရာမှ ကိုးခေါက်ထက် ပို၍ အခေါက်ပေါင်းများစွာ ရွတ်ဆို ပူဇော် သည့် အကျိုးတရားဖြစ်သည်။ နတ်ကောင်းနတ်မြတ်များကိုလည်း အမျှဝေ သည်။ ဤအစီအရင်၏ အကျိုးကြောင့် ဆရာတော်လေးမှာ အကျိုးတရား များ အံ့သြစရာ တွေ့ကြုံလာရပါတော့သည်။

အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၌ လောကချမ်းသာဘုရား ကျောင်း အမည်ဖြင့် မဟာစည်ရိပ်သာခွဲရှိသည်။ တာဝန်ခံဆရာတော်မှာ အရှင်ကုန္ဒက ဖြစ်ပါသည်။ ရန်ကုန်မဟာစည်ရိပ်သာက သတ်မှတ်သည့်

www.burmeseclassic.com

www.burmeseclassic.com



မဟာဂန္ဓာရုံသင်တန်းဆင်းဖြစ်သူ မည်သူ့ကိုမဆို ထိုရိပ်သာသို့ကြွရန် အတွက် လျှောက်ထားခွင့် ရှိပါသည်။ အတော်များများလည်း လျှောက်ထား ကြပါသည်။

ဆရာတော်လေး ဦးစန္ဒာသီရိမှာ ထိုနယူးယောက်ဆရာတော်နှင့် တစ်ကြိမ်သာ တွေ့ဖူးသည်။ လွန်ခဲ့သော ငါးနှစ်ခန့်က ဖြစ်သည်။ အမျိုး ဘာသာ သာသနာရေးကိစ္စမှင့် ပတ်သက်၍ ဆုံဖူးခြင်း ဖြစ်သည်။ ထိုအချိန် ကတည်းက ဆရာတော်ကြီးက ဆရာတော်လေးကို သဘောကျနေသည်။ အခွင့်သင့်လျှင် အမေရိကန်ခေါ်ချင်သည်။

ထိုစဉ်အတွင်း ဆရာတော်လေးမှာ တက္ကသိုလ်မှ ထွက်ပြီး မဟာ စည် နယ်လှည့်ဓမ္မကထိက ဖြစ်လာရာ ဆရာတော်ကြီးက ဝမ်းသာသွား သည်။ ဆရာတော်လေး၏ ရိုးသားမှု၊ ကြိုးစားမှု၊ စည်းရုံးလုပ်ဆောင်နိုင်မှု ကြောင့် ဆရာတော်လေးကို အမေရိကန်မှာ သာသနာပြုဖို့ ၁၃၆၄ ခု၊ နယုန်လပြည့်နေ့က ကမ်းလှမ်းလာသည်။

ဆရာတော်ကြီးမှာ ဆရာတော်လေး၏ ငယ်ဆရာလည်းမဟုတ်။ ဂန္ဓာရုံဆင်းလည်း မဟုတ်ရကား ထိုအခွင့်အလမ်းနှင့် ကင်းကွာလှသည်။ သို့သော် အ,ကနိဋ္ဌ က ချသော အပ်နှင့် မြေပြင်က အပ်တို့ အပ်ဖျားချင်း ထိကြလေပြီ။

အမေရိကန်က ဆရာတော်ကြီးက ပြတ်သည်။ ဆရာတော်လေး သာ တက္ကသိုလ်ရှိနေလျှင် မည်မျှ သဘောကျကျ မခေါ်ရေးချ မခေါ်ပါ။ ဆရာတော်လေး၏ ပရဟိတလုပ်ရပ်နှင့် ဗုဒ္ဓသာသနာပြုစိတ်ဓာတ်ကို အားကျ ကြည်ညိုသဖြင့်သာ ခေါ်ချင်ခြင်းဖြစ်သည်။ ယခုအခါ မဟာစည် ရိပ်သာနှင့် ဆက်နွယ်နေသဖြင့် ခေါ်ခွင့်သာသွားခြင်း ဖြစ်ပါသည်။

မကြာမီရက်ပိုင်းအတွင်းမှာ ဆရာတော်လေး ဝတ္တုငွေ ပြတ်သွား သည်။ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း တက်ထားပါဟု အမေ ရိကန်ရှိ ဆရာတော်က မှာထားသဖြင့် တက်နေရာ အသုံးပြတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးရိုးဘုန်းကြီးဆီ တောင်းမည် ကြံသေးသည်။ အလိုက်သိသိ ပေးလာမှပဲ ကောင်းသည်ဟု ယူဆပြီး ရတနသုတ်ကိုသာ နာနာဖိရွတ်တော့သည်။

ရတနသုတ်တန်ခိုး ချက်ချင်း ပြပါသည်။ သာသနာရေးဝန်ကြီးဌာနက ဖွင့်သည့် သင်တန်းမှ သင်တန်းသားဟောင်းနှစ်ဦးက ဆရာတော်လေး အင်္ဂလိပ်စာလေ့လာရာတွင် အသုံးဝင်မည့် တိပ်ခွေ လှူလို၍ ဆရာတော်လေးကို လာရောက်ဖူးရင်း ဝတ္ထုငွေတစ်သောင်းစီ လှူသွားသည်။

ယခုအခါ ဆရာတော်လေးမှာ ဟောရင်း၊ ပြောရင်း ရတနသုတ်၏ တန်ခိုးအကျိုးအာနိသင်များကို ကြုံလျှင် ကြုံသလို ဟောပြောလျက်ရှိပါသည်။

ထို့ကြောင့် အန္တရာယ်၊ စင်ကြယ်လိုသူ၊ များရှင်လူတို့၊ အတူမရဂုဏ်ပေါင်းပြသား၊ ရတနသုတ်ခေါ်၊ ပရိတ်တော်ကို ပူဇော်မြတ်နိုး၊ ယုံကြည်ကိုး၍၊ ရိုကျိုးရွတ်နာစေကုန်သောဝ်။

(ယခုအခါ ဆရာတော်လေး ဦးစန္ဒာသီရိမှာ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ရှိ လောကချမ်းသာဘုရားကျောင်းတွင် သီတင်းသုံးရင်း သာသနာပြုလျက်ရှိပါသည်)

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ဗောဓိရှင်သုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ

– ၁ –

ပရိတ်တော်၏ တန်ခိုးအာနိသင်များကို ထိုထိုပရိတ်တို့၏ အမွှန်းများ၌လည်းကောင်း၊ ပရိတ်စာသား၌လည်းကောင်း ဖော်ပြလေ့ ရှိပါသည်။ ဗောဇ္ဈင်သုတ်ပရိတ်တော်ကလည်း ပရိတ်အမွှန်းဖြင့်လည်းကောင်း၊ ပရိတ်စာသားဖြင့်လည်းကောင်း မိမိ၏ တန်ခိုးတေဇော်နှင့် အကျိုးသွားကို ဖော်ပြထားပါသည်။

သံသရာ၌ ကျင်လည်ကြကုန်သော သတ္တဝါတို့၏ ဒုက္ခခပ်သိမ်းကို ပျောက်ငြိမ်းစေတတ်သော၊ မာရ်စစ်သည်တို့ကို နှိမ်နင်းနိုင်စွမ်းသော၊ ဗောဇ္ဈင်တရားခုနစ်ပါးတို့ကို၊ ပုဂ္ဂိုလ်မြတ်တို့ သိသောကြောင့်၊ ဘဝသုံးပါးမှ လွတ်မြောက်ကြရပြီ။ အို နာ သေခြင်း မရှိသော၊ ဘေးတင်း

www.burmeseclassic.com

www.burmeseclassic.com



သော နိဗ္ဗာန်သို့ ရောက်ကြတုန်ပြီ။

ဤသို့ စသော အကျိုးဂုဏ်အင် အာနိသင်တို့နှင့် ပြည့်စုံသော၊ ဂုဏ်ပေါင်းများစွာ သိမ်းယူရာဖြစ်သော၊ ဆေးသဖွယ် မန္တန်သဖွယ်ဖြစ်သော၊ ဗောဇ္ဈင်သုတ်ကို ရွတ်ကြပါတုန်စို့။

ဤသည်ကား အမွန်းဂါထာ၌ ဖော်ပြထားသော အကျိုးသွား ဖြစ်ပါသည်။

ပရိတ်စာသားကလည်း ရှင်မောဂ္ဂလ္လာန်နှင့် ရှင်မဟာကဿပတို့ မကျန်းမမာ ဖြစ်တော်မူကြသောအခါ မြတ်စွာဘုရားက ဗောဇ္ဈင်ခုနစ်ပါးကို ဟောကြားတော်မူသည်။ ထိုတရားကို နှစ်သက်ကြသဖြင့် ခဏချင်းပင် ရောဂါမှ ကင်းဝေးတော်မူကြပါသည်။

ထို့ပြင် အခါတစ်ပါး၌ မြတ်စွာဘုရားကိုယ်တော်တိုင် မကျန်းမမာ ဖြစ်တော်မူသောအခါ ဤဗောဇ္ဈင်တရားကို စုန္ဒထေရ်က ဟောပြရပါသည်။ ထိုတရားကို နှစ်သက်တော်မူသဖြင့် မြတ်စွာဘုရား ထိုရောဂါမှ ထမြောက် တော်မူခဲ့ရသည်ဟု ဆိုထားပါသည်။

ဤဝတ္ထုသာဓကများကို ထောက်ထား၍ နာဖျားမကျန်းဖြစ်သောအခါ၊ ရောဂါဝေဒနာ ကပ်ရောက်သောအခါ ဗောဇ္ဈင်သုတ်ကို နာရလျှင် ကျန်းမာသည်၊ ရောဂါပျောက်သည်ဟု ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်ယူဆကြပါသည်။ ယုံကြည်ယူဆသည့်အတိုင်းလည်း ဗောဇ္ဈင်သုတ်ကို ရွတ်ဖတ်ပူဇော်လေ့၊ နာယူလေ့ရှိကြပါသည်။

အချို့ဆိုလျှင် ဤဗောဇ္ဈင်သုတ်ကို 'ထောင့်ပြည့်' ရွတ်ဖတ်ပူဇော်ပါက ကျန်းမာသည်ဟု ယုံကြည်ယူဆကြပါသည်။ အချို့ကမူ ဤဗောဇ္ဈင်သုတ်လာ ဗောဇ္ဈင်ခုနစ်ပါးတရားသည် ကျင့်ကြံရမည့် တရားသာ ဖြစ်သည်။ ရွတ်ဖတ်ပူဇော်ရုံ နာကြားရုံနှင့် ကျေနပ်မများနိုင်ဟု မှတ်ယူကြပါသည်။

မည်သို့ပင်ဆိုစေ ကျန်းမာအောင်၊ ဘေးရန်ကင်းအောင် ရွတ်ဖတ်ပူဇော်ကြရာ၌ ဗောဇ္ဈင်သုတ်မှ မဟုတ်ပါ။ ဘုရားဟော ဒေသနာဖြစ်ခဲ့လျှင်

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်သုတ်၊ မည်သည့်တရားကိုမဆို ရွတ်ဖတ် ပူဇော်ပါက ကျန်းမာမည်၊ ဘေးရန်ကင်းမည်သာ ဖြစ်ပါသည်။

ဗောဇ္ဈင်သုတ်ကြောင့် ကျန်းမာသည်ဆိုရအောင် ဗောဇ္ဈင်သုတ်၌ ကျန်းမာရေးနှင့် ပတ်သက်၍ ဘေးရန်ကင်းရေးနှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ မပါပါ။ မောဂ္ဂလ္လာန ဗောဇ္ဈင်သုတ်ကိုပဲကြည့်ကြည့်၊ ကဿပ ဗောဇ္ဈင်သုတ်ကိုပဲကြည့်ကြည့် မြတ်စွာဘုရားက. . .

"မောဂ္ဂလ္လာန (သို့မဟုတ် ကဿပ) ဗောဇ္ဈင်ခုနစ်ပါးတရားကို ငါဘုရား ဟောတော်မူ၏။ ထိုဗောဇ္ဈင်တရားတို့ကား သတိ၊ ပညာ (ဓမ္မဝိစယ)၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာတရားတို့တည်း။

ထိုတရားတို့ကို ပွားများလျှင်၊ ကြိမ်ဖန်များစွာ အလေ့အလာပြုလျှင် ထူးသောဉာဏ်ဖြင့် သိခြင်းငှာ၊ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ခြင်းငှာ၊ နိဗ္ဗာန်အကျိုးငှာ ဖြစ်၏"

ဟု ဟောကြားတော်မူခဲ့ခြင်းသာ ဖြစ်ပါသည်။ ကျန်းမာဖို့၊ ဘေးရန်ကင်းဖို့ တစ်လုံးတစ်ပါဒမျှ မပါချေ။

ဤဗောဇ္ဈင်သုတ်မှုသာ မဟုတ်ချေ။ အခြားတရားတော်များမှာလည်း ဤသဘောတရား မပါချေ။ ဥပမာ ဘေးရန်ကင်းအောင် ပဌာန်းနှစ်ဆယ့်လေးပစ္စည်းဖြင့် စည်းချသူများ ရှိသည်။ ဘေးရန်လည်း အမှန်ကင်းသည်။ ပဌာန်းတရားတော်ကို အမြဲမပြတ် ရွတ်ဖတ်ပူဇော်လျှင် ဘေးရန်ကင်းသည်။ အန္တရာယ်ကင်းသည်။ မင်္ဂလာကျက်သရေ တိုးသည်ဟု ယူဆကြပါသည်။

မြန်မာနိုင်ငံတွင် တစ်ချိန်က ရခိုင်လေဘေး၊ ပုသိမ်လေဘေး စသည်ဖြင့် မကြာခဏလေဘေးနှင့် ကြုံတွေ့ခဲ့ရသည်။ ယခုအခါ ဤလေဘေးများနှင့် လုံးဝမကြုံရတော့ပါ။ ဤသို့ မကြုံရခြင်းမှာ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသံမစဲမဟာပဌာန်းပူဇော်ပွဲများ ကျင်းပပူဇော်ကြသောကြောင့်ဟု ယုံကြည်ယူဆရပါသည်။ ပဌာန်းဒေသနာ၏ တန်ခိုးကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လေမုန်တိုင်းဘေးမှ ကင်းဝေးရကြောင်း မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ယုံလည်း ယုံတော်မူသည်။ ပဋ္ဌာန်းဒေသနာကို ရွတ်ဖတ်ပူဇော်ကြရန်လည်း တိုက်တွန်းတော်မူပါသည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ယုံကြည်ထိုက်သည့် အထောက်အထား သာဓကကောင်းလည်း ရှိပါသည်။

တစ်ချိန်က သက်ပန်းဆရာတော်ကြီးသည် ဟင့်ပ်ရှိုင်းယား (Hempshire) သင်္ဘောဖြင့် သီဟိုဠ် (သီရိလင်္ကာ) သို့ ဘုရားဖူး ကြွတော်မူပါသည်။ ပင်လယ်ပြင်တွင် လေမုန်တိုင်း မိရတော့မည့် အခြေအနေကြောင့် သင်္ဘောကပ္ပတိန်ခမျာ ပျာယာခတ်နေပါတော့သည်။

ထိုအချိန်တွင် သက်ပန်းဆရာတော်ကြီးသည် သင်္ဘောဦးသို့ကြွ၍ တည်ငြိမ်သော လင်္ကာသံဖြင့် ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ဖတ်ပူဇော်ပါတော့သည်။

တစ်နာရီလောက် ကြာသောအခါ မိမိတို့ ကြုံတွေ့ရမည့် မုန်တိုင်းနှင့် ကင်းဝေးသွားသဖြင့် သင်္ဘောကပ္ပတိန်မှာ အလွန်တရာ အံ့သြခဲ့ရပါတော့သည်။ ဤအကြောင်းကို မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး မိန့်ကြားတော်မူဖူးပါသည်။

၁၃၁၄ ခုနှစ်၊ ပဌမအကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် မင်းကွန်းတိပိဋကဓရ ဆရာတော်လောင်းလျာ အရှင်ဝိစိတ္တသာရာဘိဝံသသည် အဘိဓမ္မာနောက်ပိုင်း ပဋ္ဌာန်းကျမ်းကြီးကို အာဂုံပြန်ဆိုတော်မူပါသည်။

ထိုအချိန်တွင် လေမုန်တိုင်းကျမည့်အကြောင်း မိုးလေဝသဌာနက ကြေညာထားပါသည်။ သို့သော် ဓမ္မပါလ စာပေမျိုးပဌမကျော် ဆရာဦးခင်မောင်ကြီးကမူ ဤလေမုန်တိုင်းဘေးကို လုံးဝ မစိုးရိမ်ပါ။ မိမိ မစိုးရိမ်သည့်အပြင် မိမိတပည့်တက္ကသိုလ်ကျောင်းသားများကိုလည်း မစိုးရိမ်ရန် ပြောပြပါသည်။ အဘယ်ကြောင့် ဆရာဦးခင်မောင်ကြီး မစိုးရိမ်ရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com



မဟာစည်သာသနာ့ရိပ်သာ၌ မင်းကွန်းမဓမ္မနာဒတိုက်မှ ဦးဝိစိတ္တသာရာဘိဝံသဆရာတော်သည် ပဋ္ဌာန်းဒေသနာတော်ကို နှုတ်လွတ်ပြန်ဆို၍ တိပိဋကဓရ စာတော်ပြန်ပွဲဝင်နေသည်။ ထို့ကြောင့် လေမုန်တိုင်းအတွက် စိုးရိမ်စရာ မရှိဟု အခိုင်အမာ ယုံကြည်၍ ဖြစ်ပါသည်။

အမှန်ပင် ဖြစ်ပါသည်။ ထိုလေမုန်တိုင်းသည် မြန်မာပြည်သို့ ရောက်မလာတော့ဘဲ ဖိလစ်ပိုင်ဘက် ဝင်သွားသည်ဟု သိရပါသည်။ ဤအကြောင်းကိုလည်း မင်းကွန်းတိပိဋကဓရဆရာတော်ကြီး မိန့်ကြားတော်မူဖူးပါသည်။

အချို့က ပြောကြမည်။

“ဘေးရန်အန္တရာယ် ကင်းသည်ဟု ဆိုသည့် ဤတရားတော်များ၌ ဘေးကင်းဖို့၊ ရန်ကင်းဖို့၊ ကျန်းမာဖို့ ဘာအချက်မှ မပါပါလား”

ဟု စကားဆိုစရာ ရှိပါသည်။ ဤအချက်နှင့် ပတ်သက်၍ ပရိတ်ကြီး နိဿယသစ်ကို စီရင်တော်မူသည့် သပြေကန်ဆရာတော်ကြီး အမိန့်ရှိဖူးသည်ကို တင်ပြလိုပါသည်။

“ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် ပခုက္ကူ မဟာဝိဇယာရာမဆရာတော်ကြီးအဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီး တစ်ခါက အမိန့်ရှိတာ ကြားဖူးတယ်။

အမှန်က အန္တရာယ်ကင်းတာက “အန္တရာယ်ကင်းပါစေ” ဆိုတဲ့ အသုံးအနှုန်းပါမှ မဟုတ်ဘူး။ မပါလည်းဘဲ အန္တရာယ်ကင်းနိုင်တာပဲ။ ရှေးတုန်းကတော့ အထက်မှာတော့ လူနေမကောင်းဘူးဆိုရင် ကမ္မဝါဖတ် ပင့်လို့ရှိရင်ဖြင့် ရဟန်းခံကမ္မဝါကြီးတွေ ဖတ်ကြတယ်။ အန္တရာယ်ကင်းဖို့နဲ့ ရဟန်း ခံကမ္မဝါနဲ့ ဘာဆိုင်လို့လဲဆိုတဲ့ ဒီလိုပြဿနာက ပေါ်လာတယ်။

အဲဒါကြောင့် ဆရာတော်ကြီးက အန္တရာယ်ကင်းတာ... အန္တရာယ်ကင်းပါစေဆိုတာ ပါမှ မဟုတ်ဘူး။ တရားတော်ရဲ့ တန်ခိုး၊ တရားတော်၏ အရှိန်အဝါကြောင့် အန္တရာယ်ကင်းတာ။

www.burmeseclassic.com

www.burmeseclassic.com



တရားတော်တွေမှာ တန်ခိုးရှိတယ်။ အစွမ်းရှိတယ်။ အရှိန်အဝါ ရှိတယ်။ အဲဒီတရားတော်တွေရဲ့ အစွမ်း၊ တန်ခိုး၊ အရှိန်အဝါ ကြောင့် အန္တရာယ်ကင်းတာလို့ အမိန့်တော်ရှိဖူးတယ်"

မြတ်စွာဘုရား၏ တရားတော်မုန်သမျှ တန်ခိုးကြီးပုံ၊ အစွမ်းထက်ပုံ၊ အရှိန်အဝါရှိပုံကိုလည်း သပြေကန်ဆရာတော်ကြီး ဆက်လက်၍ မိန့်ကြားတော်မူထားပါသေးသည်။

'ဘုရားရှင်ကိုယ်တော်မြတ်ရဲ့ တရားတော်မှန်သမျှမှာ အရှိန်အဝါ ရှိတာချည်းပဲ။ ဘာကြောင့် ဒီတရားတော်တွေ အာနုဘော် ရှိသတုံးဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကိုယ်တော်တိုင် ပူဇော်ခဲ့တဲ့ တရားတွေမို့လို့။ မှီဝဲခဲ့တဲ့တရား၊ အသုံးပြုခဲ့တဲ့တရား ပူဇော်ခဲ့တဲ့ တရားတွေမို့လို့။

ဘုရားရှင်ကိုယ်တော်မြတ်ဟာ ဘုရားဖြစ်တော်မူပြီးနောက် ရတနာဃရသတ္တာဟမှာ အဘိဓမ္မာ ခုနစ်ကျမ်းကို ဆင်ခြင်တော်မူ ခဲ့တယ်။ကြွင်းတဲ့ပလ္လင်္ကသတ္တာဟ စသော သတ္တာဟတွေမှာ လည်းပဲ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဝိမုတ္တိရသဆိုတဲ့ အရဟတ္တဖိုလ် ချမ်းသာ ခံစားတော်မူခဲ့တယ်။

ခံစားတော်မူပြီး အခြား အခြားမှာလည်းပဲ ဘုရားရှင် ကိုယ်တော်မြတ်ဟာ မိမိသိတော်မူခဲ့တဲ့ တရားတော်တွေ ဆင်ခြင် တော်မူခဲ့တယ်။ နောင်အခါလည်း ဘုရားရှင်ကိုယ်တော်မြတ်က တရားတော်တွေဟောကြားတော်မူခြင်းဖြင့် လည်းကောင်း၊ အာဂုံပြုသောအားဖြင့်လည်းကောင်း အသုံးပြုတော်မူခဲ့တယ်။

အဲဒီတော့ ဘုရား တရားတော်တွေဟာ ဘုရားရှင်ကိုယ်တော် မြတ် အသုံးပြုခဲ့တဲ့ တရားတွေ၊ ဘုရားရှင် ဂေါစရသေဝနခေါ်တဲ့ အာရုံပြုသောအားဖြင့် မှီဝဲခြင်း၊ ဘာဝနာသေဝနဆိုတဲ့ မိမိသန္တာန် မှာ ဖြစ်စေခြင်းအားဖြင့် မှီဝဲခြင်း၊ မှီဝဲခြင်း နှစ်မျိုးဖြင့် မှီဝဲအပ်၊ ပူဇော်အပ်တဲ့ တရားတော်တွေချည်းပဲ။

www.burmeseclassic.com



အဲဒါကြောင့်မို့လို့ ဘယ်တရားဟာဖြင့် မစွမ်းဘူးလို့ မရှိဘူး။ ဘယ်တရားဟာဖြင့် အရှိန်အဝါ မရှိဘူးလို့ မရှိဘူး။ အားလုံး တရားတွေဟာ အရှိန်အဝါရှိလျက်ပဲ၊ အာနုဘော်ရှိလျက်ပဲ၊

ဒါကြောင့်မို့လို့ ဒီတရားတွေဟာ အန္တရာယ်ကို ကင်းပျောက် စေတတ်တယ်ဆိုတာ ဓမ္မသတ္တိ-တရားတော်ရဲ့ အစွမ်းသတ္တိ၊ ဓမ္မ တေဇာ-တရားတော်ရဲ့ အရှိန်အဝါကြောင့် ပျောက်ကင်းနိုင်တဲ့ အာနုဘော် ရှိကြတယ်"

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ဗောဇ္ဈင်သုတ်ပရိတ်တော်၏ တန်ခိုးအကျိုးအာနိသင်များ

- ၂ -

တန်ခိုးတေဇော် အရှိန်အစော် ကြီးမားသော ဗောဇ္ဈင်သုတ်သည် ပရိတ်ကြီးပါဠိ၌ပါသည့် ဗောဇ္ဈင်သုတ်၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်၌လာသော ကဿပဗောဇ္ဈင် (ပဌမဂိလာန) သုတ်၊ မောဂ္ဂလ္လာနဗောဇ္ဈင် (ဒုတိယဂိလာန) သုတ်၊ စုန္ဒဗောဇ္ဈင် (တတိယဂိလာန) သုတ်နှင့် ရှေးဆရာတို့ စီရင်သော ဂိလာနဗောဇ္ဈင်သုတ်ဟူ၍ အမျိုးမျိုးရှိသည်။

ဤအမျိုးမျိုးသော သုတ်တို့ကို မည်သို့သော အစီအရင်ဖြင့် ရွတ်ရပါသနည်း။ ရွတ်ပုံရွတ်နည်း မှန်ကန်မှုလည်း လိုသောအကျိုး ပြီးပါသည်။ ထို့ကြောင့် နည်းမှန်လမ်းမှန် ရွတ်တတ်ကြစေရန် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး နည်းပေးတော်မူချက် ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လိုရာအကျိုး ပြီးအောင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး နည်းပေးတော်မူသည့်အတိုင်း ရွတ်ဆို ပူဇော်ကြရန် ဖြစ်ပါသည်။ မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ပရိတ်ကြီးပါဠိလာ ဇောဇ္ဈင်သုတ်တွင် မဟာဝဂ္ဂသံယုတ်ပါဠိတော်လာ ဗောဇ္ဈင် (ဂိလာန) သုတ်တို့ကို သွင်းနေရာ နှင့်သူ အဆင်ပြေအောင် ထည့်သွင်း ရွတ်ဆို ပူဇော်နိုင်အောင် နည်းပေးတော်မူထားခြင်း ဖြစ်ပါသည်။

'ဗောဇ္ဈင်သုတ်နှင့် စပ်၍ မှာတမ်းဆိုသည်မှာ ပရိတ်ကြီးပါဠိ၌လာသည်ကား အမြွက်မျှ ဖြစ်သည်။ အပြည့်အစုံဖြစ်အောင် ဤဆိုလတ္တံ့သောအတိုင်း ရွတ်ဆိုလျှင် ပို၍ ပြည့်စုံပြီး အာနုဘော်လည်း ထက်သန်သည်ကို လက်တွေ့ ကြုံရပါသည်။

ထို့ကြောင့် လူမမာ မကျန်းမာ၍ ဗောဇ္ဈင်သုတ်ကို ရွတ်လိုလျှင် ရှေးဆရာတော်တို့နည်းရော၊ ပါဠိတော်နည်းရော ပြည့်ပြည့်စုံစုံ ဖြစ်စေရန် ဤဆိုလတ္တံ့သောအတိုင်း ရွတ်ဆိုကြပါလေ။

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

**သံသာရေ သံသရန္တာနံ၊**
**သဗ္ဗဒုက္ခဝိနာသနေ။**
**သတ္တ ဓမ္မေစ ဗောဇ္ဈင်္ဂေ၊**
**မာရသေနာ ပမဒ္ဒနေ။**

**ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ၊**
**တိဘဝါ မုတ္တကုတ္တမာ။**
**အ,ဇာတိ မ,ဇရာ ဗျာဓိ၊**
**အ,မတံ နိဗ္ဘယံ ဂတာ။**
**ဧဝ မာဒိ ဂုဏူပေတံ**
**အနေက ဂုဏ သင်္ဂဟံ။**
**ဩသဓ္ခ ဣမံ မန္တံ၊**

www.burmeseclassic.com

www.burmeseclassic.com



ဗောဇ္ဈင်္ဂ ဘာဏာမဟော။

ဗောဇ္ဈင်္ဂေါ သတိ သင်္ခါတော၊
ဓမ္မာနံ ဝိစယော တထာ။
ဝီရိယံ ပီတိ ပဿဒ္ဓိ၊
ဗောဇ္ဈင်္ဂါ စ တထာ ပရေ။

သမာဓုပေက္ခာဗောဇ္ဈင်္ဂါ၊
သတ္တေတေ သဗ္ဗဒဿိနာ။
မုနိနာ သမ္မဒက္ခာတာ၊
ဘာဝိတာ ဗဟုလီ ကတာ။

သံဝတ္တန္တိ အဘိညာယ၊
နိဗ္ဗာနာယ စ ဗောဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။ ။

မောဂ္ဂလ္လာနဗောဇ္ဈင်

သတ္တိ + မေ (မောဂ္ဂလ္လာန) ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ. . .

သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ သမ္မဒက္ခာတော ဘာဝိ တော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ သမ္မဒက္ခာတော ဘာဝိ တော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

www.burmeseclassic.com

www.burmeseclassic.com



ဝိရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ (မောဂ္ဂလ္လာန) မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ (မောဂ္ဂလ္လာန) မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကဿပဗောဇ္ဈင်

အထက်ပါ မောဂ္ဂလ္လန ဗောဇ္ဈင်သုတ်ပါ လက်သည်းကွင်းဖြင့် ဖော်ပြထားသော (မောဂ္ဂလ္လာန) နေရာတွင် (ကဿပ) ဟု ပြောင်းလဲရွတ်ဆို ပူဇော်ရန် ဖြစ်ပါသည်။

ဧကသ္မိံ သမယေ နာထော၊
မောဂ္ဂလ္လာနဉ္စ ကဿပံ၊
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊
ဗောဇ္ဈင်္ဂေ သတ္တ ဒေသယိ။

www.burmeseclassic.com



တေ စ တံ အဘိ နန္ဒိတွာ၊
ရောဂါ မုစ္စိသု တင်္ခဏေ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

စုန္ဒဗောဇ္ဈင်

သတ္တိ + မေ (ဘန္တေ) ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မာဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ. . .

သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ သမ္မဒက္ခာတော

www.burmeseclassic.com

www.burmeseclassic.com



ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ (ဘန္တေ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ (ဘန္တေ) ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ဧတဒ ဝေ့ ရော

တေဒါ ဓမ္မရာဇာပိ၊
ဂေလညေနာ + ဘိပီဠိတော။
စုန္ဒတ္ထေရေန တံ ယေဝ၊
ဘဏာပေတွာန သာဒရံ။
သမ္မောဒိတွာန အာဗာဓာ၊
တမှာ ဝုဋ္ဌာသိ ဌာနသော။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ပဟီနာ တေ စ အာဗာဓာ၊
တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊
ပတ္တာ + နုပ္ပတ္တိ ဓမ္မတံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဂိလာနဝုဋ္ဌာန်

သတ္တိ + မေ (ဂိလာန) ဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မာဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ

www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် စုန္ဒတေဓ္ဆုင်သုတ်တွင် ကွင်းသွင်းထားသော (ဘန္တေ) နေရာတွင် (ဂိလာန) ကို အစားထိုး၍ ရွတ်ဆို ပူဇော်ရန် ဖြစ်ပါသည်။

အထူးမှာကြားချက်

မကျန်းမာသူတစ်ဦးဦးအတွက် ဤဂိလာနဗောဇ္ဈင်ကို ရွတ်ဆိုသော အခါ "ဂိလာန" ဟူ၍ အာလုပ်ပုဒ်ကို ရွတ်ဆိုတိုင်း မကျန်းမာသူ ရဟန်း ပုဂ္ဂိုလ်၊ ရှင်သာမဏေ၊ လူပုဂ္ဂိုလ်ကို အနက်ထင်မြင်အောင် ဉာဏ်မျက်စိ ဖြင့် ကြည့်၍ ရွတ်ဆိုရန် ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဂိလာန ပုဒ်အစား. . .

(က) မကျန်းမာသူက ရဟန်းဖြစ်ခဲ့လျှင် ဂိလာနပုဒ်အစား မကျန်းမာသူ ရဟန်း၏ ဘွဲ့အမည်ကို ထုတ်ဖော်၍ (ဘန္တေ ဇုဒ္ဓရက္ခိတ)၊ (အာဝုသော ဇုဒ္ဓရက္ခိတ) ဟု ရွတ်ဆိုလျှင်လည်းကောင်း၊ (သို့မဟုတ်) (ဘန္တေ) သက်သက်၊ (အာဝုသော) သက်သက် ရွတ်ဆိုလျှင်လည်း ကောင်း။

(ခ) မကျန်းမာသူက သာမဏေဖြစ်ခဲ့လျှင် ဂိလာနပုဒ်၏ နေရာ၌ (အာဝုသော သာမဏေရ) သို့မဟုတ် (အာဝုသော) သက်သက် ရွတ်ဆိုလျှင်လည်းကောင်း။

(ဂ) မကျန်းမာသူက လူ ဥပါသကာဖြစ်လျှင် "ဂိလာန" အာလုပ်ပုဒ် နေရာ၌ (ဥပါသက) ဟူ၍လည်းကောင်း၊ မကျန်းမာသူက လူဒါယိ ကာမဖြစ်ခဲ့လျှင် ဂိလာနအာလုပ်ပုဒ်၏ နေရာ၌ (ဥပါသိကေ) ဟူ ၍ ရွတ်ဆိုလျှင်လည်းကောင်း အနက်ပိုထင်၍ ဉာဏ်အမြင် သန့်ရှင်းနိုင်ပါသည်။ ရွတ်ဆိုတော်မူကြပါ အရှင်ကောင်းတို့။

ဟု မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး အမှာတော်ပြုထားပါ သည်။

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မှာထားတော်မူချက်၌ မကျန်းမာသူ ရဟန်းကို ဘွဲ့အမည်ဖော်၍ ရွတ်ဆိုသင့်ကြောင်း ဖော်ပြထား

www.burmeseclassic.com

www.burmeseclassic.com



ရကား မကျန်းမာသူ လူယောက်ျားကိုလည်း ဂိလာန "မောင်" မည်သူ မည်ဝါ၊ "ကို" မည်သူမည်ဝါ၊ "ဦး" မည်သူမည်ဝါ ဟူ၍လည်းကောင်း။

မကျန်းမာသူ လူမိန်းမကိုလည်း ဂိလာန "မ" ဘယ်သူဘယ်ဝါ၊ "ဒေါ်" ဘယ်သူဘယ်ဝါဟူ၍လည်းကောင်း ထည့်သွင်းရွတ်ဆိုလျှင် ရွတ်ဆိုသူလည်း အနက်ထင်၍ နာရသူ ဂိလာနပုဂ္ဂိုလ်အဖို့လည်း မိမိအတွက် ရွတ်ဆို ပူဇော်ပေးနေပါလားဟု နာကြားရင်း အနက်ထင်နိုင်ပါသည်။

မိမိအတွက် ရွတ်ပေးနေကြောင်း သိရသဖြင့်လည်း စိတ်ရွှင်လန်း တက်ကြွနိုင်ပါသည်။ ပီတိသုခကို ရနိုင်ပါသည်။

ဤသို့ဖြစ်လျှင် လူနာအဖို့ ကျန်းမာဖို့ အခွင့်အလမ်း အများကြီး ရှိပါသည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးပေးသည့်နည်းကို မှီ၍ ရွတ်ဆို ပူဇော်ကြရန် ဖြစ်ပါသည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# ဗောဇ္ဈင်သုတ်ပရိတ်တော်၏တန်ခိုး အကျိုးအာနိသင်များ

## - ၃ -

ဗောဇ္ဈင်သုတ်သည်. . .

သံယုတ်ပါဠိတော်လာ မောဂ္ဂလ္လာန ဗောဇ္ဈင်သုတ်၊ ကဿပဗောဇ္ဈင်သုတ်နှင့် စုန္ဒဗောဇ္ဈင်သုတ်အားဖြင့် ပါဠိတော်သုံးသုတ်၊ ထိုပါဠိတော်သုံးသုတ်ကိုမှီ၍ ရှေးဆရာတို့ စီရင်သည့် ဗောဇ္ဈင်သုတ်ဟူသော ပရိတ်ကြီးပါဠိလာ ဗောဇ္ဈင်သုတ်၊ သံယုတ်ပါဠိတော်လာ စုန္ဒဗောဇ္ဈင်သုတ်ကို မှီ၍ ရှေးဆရာတို့ စီရင်သော ဂိလာနဗောဇ္ဈင်သုတ်အားဖြင့် ဗောဇ္ဈင်သုတ်ပေါင်း ငါးမျိုးရှိသည်ကို သိရပြီး ဖြစ်ပါသည်။

မောဂ္ဂလ္လာန ဗောဇ္ဈင်သုတ်သည် ရှင်မဟာမောဂ္ဂလ္လာန် မကျန်းမမာ ဖြစ်သဖြင့် မြတ်စွာဘုရားက ဗောဇ္ဈင်တရား ခုနစ်ပါးကို ဟောကြားတော်

www.burmeseclassic.com

www.burmeseclassic.com



မူပါသည်။ ထိုတရားကို နာရသဖြင့် ရှင်မဟာမောဂ္ဂလ္လာန် မထေရ်ကြီး ကျန်းမာသွားပါသည်။

ကဿပ ဗောဇ္ဈင်သုတ်သည်လည်း ရှင်မဟာကဿပမထေရ်မြတ်ကြီး အပြင်းအထန် မကျန်းမမာဖြစ်သောအခါ မြတ်စွာဘုရားက ဗောဇ္ဈင်တရား ခုနစ်ပါးကို ဟောကြားတော်မူပါသည်။ ဤတရားကို နာရသဖြင့် ရှင်မဟာကဿပမထေရ်မြတ်ကြီးလည်း ကျန်းမာခဲ့ရပါသည်။

တစ်ခါသော် မြတ်စွာဘုရား ကိုယ်တော်တိုင် မကျန်းမမာ ဖြစ်တော်မူပါသည်။ ထိုအခါ မြတ်စွာဘုရားက စုန္ဒမထေရ်ကို ဗောဇ္ဈင်တရား ဟောကြားခိုင်းပါသည်။ စုန္ဒမထေရ် ဟောကြားသော ဗောဇ္ဈင်တရား ခုနစ်ပါးကို မြတ်စွာဘုရား နာကြားတော်မူပါသည်။

ထို့ကြောင့် မြတ်စွာဘုရား ကျန်းမာတော်မူခဲ့ရပါသည်။ စုန္ဒမထေရ် ဟောကြားသော ဗောဇ္ဈင်သုတ်ကို စုန္ဒဗောဇ္ဈင်ဟု သင်္ဂါယနာ တင်ခဲ့ကြပါသည်။

မထေရ်မြတ်ကြီးနှစ်ပါးနှင့် ဘုရားရှင်တို့ ရောဂါရှင်းရှင်း ပျောက်သွားပုံကို ပရိတ်ကြီးပါဠိ၌. . .

ပဟီနာ တေ စ အာဗာဓာ၊
တိဏ္ဏန္နမ္ပိ မဟေသိနံ၊
မဂ္ဂဟတာ ကိလေသာဝ၊
ပတ္တာ နုပ္ပတ္တိ ဓမ္မတံ၊
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

ဗောဇ္ဈင်တရား နာကြားရသော မထေရ်မြတ်ကြီးနှစ်ပါး + ဘုရားရှင် = ဤအရှင်မြတ်သုံးဆူတို့သည် မိမိသန္တာန်မှာရှိသော ကိလေသာတွေ နောင်ဘယ်တော့မှ ပေါ်မလာဘဲ တစ်ခါတည်း မပြတ်ငြိမ်း အပြီးငြိမ်းသကဲ့သို့ အရှင်မြတ်တို့၏ ရောဂါ ဝေဒနာသည်လည်း အပြတ်ရှင်း အပြီးရှင်းခြင်းသို့ ရောက်ခဲ့ရ၏။ "ဤသစ္စာစကားကြောင့် သတ္တဝါအားလုံး ချမ်းသာ

www.burmeseclassic.com

www.burmeseclassic.com



ပါစေ” ဟု သစ္စာပြုထားပါသည်။

အရှင်မြတ်ကြီးနှစ်ပါးနှင့် မြတ်စွာဘုရားရှင်တို့ ရောဂါကင်းရှင်း ကျန်းမာခြင်းဖြစ်ရပုံနှင့် ပတ်သက်၍ ပရိတ်ကြီးနိဿယသစ် ဆရာတော် သပြေကန်ဆရာတော်ကြီး၏ ရှင်းလင်းဟောပြချက်ကို ဖတ်နာကြစေချင်ပါ သည်။

“ဘုရားရှင်ကိုယ်တော်မြတ်နှင့်တကွ ရဟန္တာကြီးနှစ်ပါး ရောဂါ ပြင်းပြင်းထန်ထန် ခံစားနေရတဲ့ ရောဂါပျောက်ကင်းတာဟာ ဘာ ကြောင့်တုံးဆိုတော့ သူတို့မှာက တရားအာနုဘော်ကြောင့်လည်း ပါတာ ပေါ့လေ။

တစ်မျိုးအားဖြင့် သူတို့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်၊ နာမ်တွေ ကြည်လင်လာလို့ ဓာတ်ခံကောင်းလာလို့ မကောင်းတဲ့ ဓာတ်တွေ ပျောက်လွင့်တာလည်း ဖြစ်နိုင်တယ်။ ဗောဇ္ဈင်တရား နာရတော့ ရှင် မဟာကဿပ မထေရ်မြတ်က. . .

‘ငါဟာ ရဟန်းပြုပြီးတော့ ခုနစ်ရက်အကြာမှာ သစ္စာလေးပါး သိမြင်တယ်။ အဲဒီသစ္စာလေးပါး သိမြင်တဲ့အခါမှာ ငါ့သန္တာန်မှာ ဗောဇ္ဈင်တရားတွေ ပေါ်လာတယ်။

ဩော် ဘုရားရှင်ကိုယ်တော်မြတ် သာသနာတော်ကြီးဟာ တကယ်ပဲ နိယျာနိက = သံသရာမှ ထွက်မြောက်ကြောင်း သာသနာတော်ကြီးပါလား။ အလွန်မြတ်တဲ့ သာသနာတော်ကြီး ပါလားလို့’ ဝမ်းသာတယ်။

ဒီတရားတော်ကို အကြောင်းပြုပြီး ချမ်းသာမှုဟာ ကိုယ်တွေ့ ကြုံရ၊ သံသရာဝဋ်ဆင်းရဲတွေ ကင်းကွာမှုဟာ ကိုယ်တွေ့ကြုံရ၊ ကိုယ်တွေ့ကြုံရတော့ တရားတော်ရဲ့ နိယျာနိက = သံသရာမှ လွတ်မြောက်မှုကို အာရုံပြုပြီးတော့ အင်မတန် နှစ်သက်၊ အင် မတန် ရွှင်လန်းလာတယ်။

ရွှင်လန်းလာတော့ ခန္ဓာကိုယ်ထဲက အသွေးအသားတွေ ကြည်

www.burmeseclassic.com

www.burmeseclassic.com



လင်လာတယ်။ အသွေးအသားတွေ ကြည်လင်လာပြီးတော့ စိတ္တဇ ရုပ်တွေဟာလည်း ကြည်လင်လာတယ်။

အဲဒီကြည်လင်လာတဲ့ ရုပ်ဓာတ်တွေ၊ နာမ်ဓာတ်တွေက မကောင်းဆိုးဝါးရောဂါတွေကို နှင်ထုတ်ပစ်လိုက်တာပဲ။ သန့်စင်ပစ်လိုက်တာပဲ။ ဒါကြောင့် မထေရ်မြတ်ကြီးတွေမှာ ရောဂါတွေကင်းသွားတယ်။ ကင်းတာမှ တစ်ခါတည်း နောက်ဘယ်တော့မှ ပေါ်မလာတော့ဘူး။

ဒါကြောင့် ဗောဇ္ဈင်တရားတွေဟာ ယက်တွေ့ရကြတဲ့ ပုဂ္ဂိုလ်တွေ အဖို့မှာတော့ အဲဒီ ဗောဇ္ဈင်တရားတွေ ကြားရနာရတယ်ဆိုရင် မိမိရဲ့ ယက်တွေ့ ဒီဗောဇ္ဈင်တရားတွေရပြီး၊ ဒီဗောဇ္ဈင်တရားတွေရဲ့ အကျိုးတရား တွေ ခံစားရတာဖြစ်တော့ အင်မတန် ဝမ်းမြောက်ပြီးတော့၊ ဝမ်းမြောက်မှု အကြောင်းပြုပြီးတော့ ရုပ်ကောင်း၊ နာမ်ကောင်းတွေ ဖြစ်လာပြီး မကောင်း တဲ့ ရုပ်ဆိုး၊ နာမ်ဆိုးတွေ နှင်ထုတ်ပစ်တာပဲ။

အဲဒါကြောင့်မို့ ဗောဇ္ဈင်တရားတွေဆိုတာဟာ ကိုယ်တွေ့ ဗောဇ္ဈင် ရှိတဲ့ ပုဂ္ဂိုလ်တွေ အဖို့ကျတော့ ကိုယ်တွေ့ဗောဇ္ဈင် အောက်မေ့ရင်းနဲ့ အသွေးအသားတွေ ကြည်လင်လာပြီး ရောဂါပျောက်ကြတယ်"

ဗောဇ္ဈင်တရား နာကြားမှုကြောင့် မဟုတ်ဘဲ ဗောဇ္ဈင်သုတ်မှာပါသော တရားတွေကို အားထုတ်သဖြင့် ရောဂါပျောက်ပုံကိုလည်း ဆရာတော်ကြီးက ရှင်းလင်း ဟောပြထားတော်မူပါသေးသည်။ ဖတ်နာ ကြည်ညို ကြည့်စေချင်ပါသည်။

'အခု ဗောဇ္ဈင်ခုနစ်ပါးဆိုတာက တခြားမဟုတ်ဘူး။ သတိသမ္ဗော ဇ္ဈင် = သတိတရား။ သတိတရားဆိုတာ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေကို ကပ်ပြီးတော့ ရှုမှတ်တဲ့တရား။ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ် တရား၊ နာမ်တရားတွေကို

www.burmeseclassic.com

www.burmeseclassic.com



ကပ်ရှုပွားများတဲ့ တရားကို သတိတရား = သတိ သမ္ဗောဇ္ဈင်၊ ဗောဇ္ဈင်ဆိုတာ မဂ်၏ အစိတ်အပိုင်းလို့ ဆိုတယ်။ ဒီတရား ခုနစ် ပါး ပေါင်းမိရင် အဲဒါ မဂ်ပေါ်တာပဲ။ ဒီတရား ခုနစ်ပါး အစိတ်အစိတ်ဟာ ဗောဇ္ဈင်၊ အဲဒီ ဗောဇ္ဈင်အစိတ်အစိတ် ပေါင်းမိတော့ မဂ်တရားဖြစ်တယ်။

ဒါကြောင့် မဂ်ဆိုတာဟာ တခြားမဟုတ်ဘူး။ ဒီဗောဇ္ဈင်ခုနစ်ပါး ပေါင်းမိပြီးတော့ အဲဒီတရားအပေါင်းကို ဗောဇ္ဈင်၊ ပုဒ်ဖြတ်တော့ ဗောဓိ + အင်၊ ဗောဓိ = မဂ်၏၊ အင် = အစိတ်အပိုင်းတွေ၊ မဂ်ဖြစ်လာတယ် ဆိုရင် ဒီတရား ခုနစ်ပါးဟာ ပါလာတာပဲ၊ ဒါကြောင့် မဂ်၏ အစိတ်အပိုင်း တွေလို့ဆိုတယ်။

ဒါကြောင့် အဲဒီခုနစ်ပါးဟာ အရိယမဂ်အဖြစ်သို့ရောက်တဲ့ ဗောဇ္ဈင်လည်း ရှိတယ်။ ပုဗ္ဗဘာဂ = ဆိုတဲ့ မဂ်မရောက်ခင် ရှေးအခါက ကျင့်ရတဲ့၊ အားထုတ်ရတဲ့ ဗောဇ္ဈင်တွေလည်း ရှိတယ်။

အဲဒီ ရှေးအခါက အားထုတ်ရတဲ့ ဗောဇ္ဈင်တရားတွေနဲ့ နောက်ကျတော့ အရိယမဂ်ဆိုတဲ့ မဂ်ဆိုက်သွားတယ်။ ဒါကြောင့် ဗောဇ္ဈင်တွေဆိုတာ ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်တရား၊ နာမ်တရားတွေကို ဆင်ခြင်ရှုမှတ်တဲ့ သတိတရားဟာ သတိသမ္ဗောဇ္ဈင်ပဲ။

သတိက ရှုမှတ်ပြီးတော့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတဲ့ ပညာတရား ဟာ အဲဒီတရားတွေကို သူက စိစစ်မှုကိစ္စနဲ့ ဖြစ်လာရတယ်။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်က တရားတွေကို စိစစ်ပေးတဲ့အခါကျတော့ ဝီရိယသမ္ဗောဇ္ဈင် က သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်တို့ လုပ်အားကောင်းအောင် တွန်းအားပေးမှုကိစ္စနဲ့ ဆောင်ရွက်ပေးတယ်။

အဲဒီလို သတိက ရုပ်၊ နာမ်တရားတွေ ရှုမှတ်၊ ပညာက ရုပ်နာမ် တရားတွေ စိစစ်၊ ဝီရိယက တွန်းအားပေးလို့ တရားတွေ

www.burmeseclassic.com

www.burmeseclassic.com



တော်တော် ကောင်းလာတဲ့အခါ ရှုအားကောင်းလာတဲ့အခါ၊ ဉာဏ်အားကောင်းလာတဲ့ အခါ ပီတိဆိုတာ ဖြစ်လာတယ်။

ပီတိက အဲဒီတရားတွေ လုပ်အားကောင်းအောင် နှစ်သက်မှုနဲ့ ပါဝင်ပြီးတော့ ဆောင်ရွက်ပေးရတယ်။ ပီတိအားရကောင်းပြီဆိုရင် ပဿဒ္ဓိ ပေါ်လာတာပဲ။ ငြိမ်းအေးမှုဆိုတာ ပဿဒ္ဓိ ပေါ်လာရင် သမာဓိ စိတ်တည်ကြည်မှု ဖြစ်လာတာပဲ။ သမာဓိပေါ်လာလို့ရှိရင် ဗောဇ္ဈင်တရားတွေ ကို အညီအမျှ ရှုမှု၊ ဥပေက္ခာတရားဟာ ပေါ်လာတယ်။ အဲဒီတော့ ဗောဇ္ဈင် ခုနစ်ပါးဆိုတဲ့ တရားတွေဟာ ရုပ်၊နာမ်တစ်ခုခု ရှုတိုင်း ရှုတိုင်း သူတို့ခုနစ် ပါးဟာ အတူပါပြီးတော့ အတူတူပေါင်းပြီး အလုပ်လုပ်ကြတယ်။

- သတိက ရှုမှတ်ပေးတယ်။
- သတိရှုမှတ်ပေးတဲ့ အာရုံကို ဓမ္မဝိစယက စိစစ်ပေးတယ်။
- ဓမ္မဝိစယ စိစစ်အားကောင်းအောင် သတိရှုမှတ်မှု အားကောင်းအောင် ဝီရိယက တွန်းအားပေးတယ်။
- ဝီရိယတို့၊ သတိတို့၊ သမာဓိတို့ ကောင်းကောင်း အလုပ်လုပ်နိုင်အောင် ပီတိက နှစ်သက်မှုနဲ့ ကူပေးတယ်။
- ပဿဒ္ဓိက ငြိမ်းအေးမှုနဲ့ ကူပေးတယ်။
- သမာဓိက သူတို့ ကောင်းကောင်း အလုပ်လုပ်နေတဲ့အခါ တည် ကြည်မှုရအောင် တည်ကြည်မှုကိုစွနဲ့ ကူညီပေးတယ်။
- ဒီနောက် အဲဒီတရားတွေ အညီအမျှ ကောင်းကောင်း အလုပ်လုပ် နိုင်အောင် ဥပေက္ခာဆိုတဲ့ တရားက အညီအမျှ ရှုမှုနဲ့ ဆောင်ရွက် ပေးပါတယ်။

ဒါ ဗောဇ္ဈင်ခုနစ်ပါးရဲ့ လုပ်ငန်း။

✧✧✧

www.burmeseclassic.com

www.burmeseclassic.com

# ဗောဇ္ဈင်သုတ်ပရိတ်တော်၏တန်ခိုး အကျိုးအာနိသင်များ

## - ၄ -

ရှင်မဟာမောဂ္ဂလ္လာန်၊ ရှင်မဟာကဿပမထေရ်မြတ်ကြီးနှစ်ပါးနှင့် မြတ်စွာဘုရားရှင်တို့ ဗောဇ္ဈင်ခုနစ်ပါးတရားဒေသနာကြောင့် ရောဂါဝေဒနာမှ ပျောက်ကင်းရခြင်းမှာ ထိုအရှင်မြတ်ကြီးသုံးပါးမှာ ကိုယ်တွေ့ ဗောဇ္ဈင်ရှိသောကြောင့် ဖြစ်ပါသည်။

ထိုအရှင်မြတ်ကြီးသုံးပါးသည် ထိုကိုယ်တွေ့ဗောဇ္ဈင်ကို အောက်မေ့ခြင်းဖြင့် အသားအသွေး ကြည်လင်ပြီး ရောဂါဝေဒနာပျောက်ကင်းခြင်း ဖြစ်ပါသည်။

သို့ဖြစ်လျှင် ဗောဇ္ဈင်သုတ်ကို နာကြားသူတို့မှာ အဘယ်ကြောင့် ရောဂါဝေဒနာ ပျောက်ကင်းချမ်းသာခြင်း ဖြစ်ရပါသနည်း။ မြတ်စွာဘုရား

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်မြတ်သည် မိမိသိတော်မူသော တရားတော်တို့ကို ဆင်ခြင်တော်မူခဲ့၏။

ထိုသို့ ဆင်ခြင်တော်မူရာတွင် ဟောကြားတော်မူခြင်းဖြင့်လည်းကောင်း၊ အာရုံပြုသောအားဖြင့်လည်းကောင်း၊ အသုံးပြုတော်မူခဲ့ပါသည်။ ထို့ကြောင့် တရားတော်၏ အရှိန်အဝါ ဓမ္မတေဇာကြောင့် ရောဂါဝေဒနာ ပျောက်ကင်းရခြင်းဖြစ်၏။ ဓမ္မသတ္တိကြောင့် ရောဂါဝေဒနာကို ပျောက်ကင်း စေနိုင်သော အစွမ်းရှိ၏။

တရားအားထုတ်သော ယောဂီတို့သည် သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို ပွားမိပါ၏လော။ ပွားမိလျှင် ထိုဗောဇ္ဈင်တရားများ ဘယ်အခါ၌ ထင်ရှားလာကြပါသနည်း။

အချို့ယောဂီများသည် တရားအားထုတ်သဖြင့် ဧရာဂါဝေဒနာ ပျောက်ကင်းသည်ဟု ကိုယ်တွေ့ပြောဆိုမှုများလည်း ရှိပါသေးသည်။ ဤသို့ ရောဂါဝေဒနာ ပျောက်ကင်းရသည်မှာ အဘယ်ကြောင့်ပါနည်း။ ဤပြဿနာတို့၏ အဖြေကိုလည်း သပြေကန်ဆရာတော်ကြီးက ရှင်းလင်းဟော ကြားထားတော်မူခဲ့ပါသည်။

"ယနေ့ ယခု ကမ္မဋ္ဌာန်းကို အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေ၊ အမှန်ကတော့ မဂ္ဂင်အလုပ် လုပ်တယ်ဆိုရသလို ဗောဇ္ဈင်အလုပ် လုပ်တယ်လို့လည်း ဆိုရတယ်။ သို့သော် အဲဒီ ဗောဇ္ဈင်တရားတွေဟာ တရားအားထုတ်စမှာ ပါဝင်နေကြတယ်။ ဒါပေမဲ့ ပထမ သူတို့ အထူးအားမကောင်းခင် သူတို့ မပေါ်သေးဘူး။ ပမာအားဖြင့် နာမရူပပရိစ္ဆေဒဉာဏ် အစအဆုံးဉာဏ်၊ ဉာဏ်ဆယ်ပါးမှာ နာမရူပပရိစ္ဆေဒဉာဏ်ဟာ နာမ်ရုပ်တရားတွေကို ပိုင်းခြားပြီးတော့ သိမြင်အောင် ရှုဆင်ခြင်တဲ့ဉာဏ်၊ အဲဒီအခိုက်မှာ ဒီဗောဇ္ဈင်တရားတွေ ပါတယ်။ သို့သော် သူတို့ မထင်ရှားသေးဘူး။ အားကောင်းကောင်း မရှိသေးဘူး။

ပစ္စယပရိဂ္ဂဟဉာဏ် - အကြောင်းကို ရှုဆင်ခြင်တဲ့ ဉာဏ်အခိုက်

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း ဒီတရားတွေ ပါတာပဲ။ ဒါပေမဲ့ သိပ်အားမကောင်းသေးဘူး။

သမ္မသနဉာဏ် ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တအဖြစ်ဖြင့် သုံးသပ်ဆင်ခြင်တဲ့ ဉာဏ်အခိုက်မှာလည်း ဒီတရားတွေ ပါတာပဲ။ ဒါပေမဲ့ ဒီတရားတွေ အားမရှိသေးဘူး။ အား မကောင်းလာသေးဘူး။

အဲ ဥဒယဗ္ဗယဉာဏ်ကျမှ ဒီတရားတွေ အားရှိလာတယ်။ အဲဒီတရားတွေ တကယ်ထက်ထက်သန်သန်နဲ့ အားရှိလာတယ်။ အဲဒီ အားရှိလာတဲ့ အခါမှာ သမ္ဗောဇ္ဈင်ဆိုတဲ့ အမည်ရတယ်။ ဥဒယဗ္ဗယဉာဏ် နှစ်ပိုင်းခွဲပြီး တော့ နောက်ပိုင်းမှာ ဒီဗောဇ္ဈင်တရားတွေဟာ အင်မတန် ထက်မြက်လာ တယ်။ အင်မတန် ကောင်းလာတယ်။ အင်မတန် တိုးတက်လာတယ်။

အဲဒီအခါမှာ တကယ့်ယောဂီပုဂ္ဂိုလ်ဟာ အာရဒ္ဓဝိပဿကဆိုတဲ့ အမည်ရသွားတယ်။ ဝိပဿနာ အားထုတ်မှု စတင်ပြီး ပုဂ္ဂိုလ်လို့ဆိုတယ်။

အဲဒီအခိုက်မှာ ဗောဇ္ဈင်လို့ အမည်ရတယ်။ တကယ့်ဗောဇ္ဈင်၊ တကယ့်ဗောဇ္ဈင်။ ရှေးရှေးက ဗောဇ္ဈင်တရားလည်း ဗောဇ္ဈင်အမည်ရတယ်။ အခု ဒီအခိုက်မှာ ထူးခြားတဲ့ ဗောဇ္ဈင်မို့လို့ ဗောဇ္ဈင် အမည်ရတယ်။

အဲဒီတော့ ကြားလည်း ကြားဖူးကြမှာပေါ့။ ဥဒယဗ္ဗယဉာဏ် ရောက်ပြီဆိုရင် တရားတွေအားလုံး အားကောင်းလာတယ်။ သတိတွေလည်း သိပ်ကောင်း၊ ဉာဏ်တွေကလည်း သိပ်ထက်မြက်၊ ဝီရိယကလည်း အလွန်ကောင်း ပညာကလည်း တကယ် ထက်ထက်သန်သန် အလွန်ကောင်းနေ၊ အဲဒီလို တရားတွေ သိပ်ကောင်း လာတဲ့အခါကျတော့ တစ်ခါတည်း ခန္ဓာကိုယ်ထဲမှာ ပီတိတွေဖြစ်လာ၊ ပဿဒ္ဓိ ငြိမ်းအေးမှုတွေ ဖြစ်လာ၊ သမာဓိတွေကလည်း ကောင်းလာ။

အဲဒီလို ဖြစ်လာပြီဆိုရင် ဩဘာသ အလင်းရောင်တွေ ဘာတွေ ထွက်လာတယ်။ အဲသလောက်ကောင်းနေတဲ့ အချိန်မှာ တော်ရုံရောဂါ

www.burmeseclassic.com

www.burmeseclassic.com



တွေဟာ ပျောက်ကင်းတယ်လို့ ဆိုတာပဲ။ တော်ရုံ ရောဂါတွေဟာ မနေနိုင်တော့ဘူး။ အတုန်လုံး ရုပ်တွေက ကြည်၊ စိတ်တွေက ထက်သန်၊ အတုန်လုံး ကောင်းနေတဲ့ အခါကျတော့ ရောဂါတွေဟာ ပြောင်းပြောင်းပြေး ကြရတယ်။

ဒါကြောင့် တချို့ကမ္မဋ္ဌာန်းအားထုတ်ကြတဲ့ ယောဂီတွေ ဒီအခိုက်မှာဆိုရင် ရောဂါတွေဘာတွေ ပျောက်ကင်းလို့၊ ကျန်းကျန်းမာမာဖြစ်လို့ ဒါကြောင့် ဗောဇ္ဈင်တရားတွေဟာ တရား၏ တန်ခိုးကြောင့်လည်း ရောဂါဝေဒနာ ကင်းနိုင်တယ်။ ပြီးတော့ အဲဒီတရားအကြောင်းပြုပြီးတော့ ပီတိ စသည်ဖြစ်လို့လည်း ရောဂါဝေဒနာတွေ ကင်းနိုင်တယ်။

ဒီတရားတွေကို နာရုံကြားရုံ မဟုတ်ဘဲနဲ့ လက်တွေ့ အားထုတ်လို့ ရောဂါဝေဒနာတွေ ကင်းနိုင်တယ်။ ဒါကြောင့်မို့လို့ ဗောဇ္ဈင်တရားတွေဟာ မိမိတို့ရဲ့ ရောဂါဝေဒနာကို နာရုံကြားရုံနဲ့တောင် တရားတန်ခိုးကြောင့် ဓမ္မတေဇာ-တရားတန်ခိုးကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ဓာတ်ငွေ့ သွင်းပေးတဲ့ တရားတွေမို့လို့ တရားတန်ခိုးကြောင့် ရောဂါဝေဒနာတွေ ကင်းရုံ မျှမက. . .

တကယ် လက်တွေ့အားထုတ်ပြီဆိုရင် အဲဒီတရားတွေရဲ့ အရှိန်အဝါကြောင့် အဲဒီတရားတွေ ကိုယ်တွင်းမှာ တကယ်ဖြစ်နေတာမို့လို့ ပီတိ၊ ပဿဒ္ဓိ စသောတရားတွေ အရှိန်အဝါကြောင့် ရောဂါအမျိုးမျိုး တင်း ပျောက်စေနိုင်ခြင်းအကျိုး ရနိုင်တယ်လို့ ကိုယ်တွေ့သမားတွေက ပြောပြ ကြတယ်။

ဒါကြောင့် ဗောဇ္ဈင်တရားတွေဟာ နာရင်လည်းပဲ ရောဂါဝေဒနာ တင်းပျောက်ကြောင်း၊ ကိုယ်တိုင် ကျင့်ကြံအားထုတ်လို့ ဒီတရားတွေ ဖြစ် လာတယ်။ ဒီတရားတွေ ဖြစ်လာပြီဆိုရင်တော့ ခန္ဓာကိုယ်ထဲမှာ ရှင်မဟာ ကဿပ၊ ရှင်မဟာမောဂ္ဂလ္လာန်တို့လိုရုပ်ကောင်းတဲ့၊ ကြည်လင်တဲ့ ရုပ်တွေ၊ အေးချမ်းတဲ့ ရုပ်တွေ၊ သာယာတဲ့ ရုပ်တွေဖြစ်ပြီးတော့ အဲဒီရုပ်တွေက မကောင်းတဲ့ ရောဂါတွေကို နှင်ပစ်လိုက်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



နှင်ပစ်လိုက်လို့ ကျန်းမာခြင်း သုခရနိုင်ကြတာ။ ဒါကြောင့် ကိုယ်တိုင်ကျင့်ခြင်းအားဖြင့်လည်း ဗောဇ္ဈင်တရားတွေဟာ ရောဂါဝေဒနာတွေကို ကင်းပျောက်စေတတ်တယ်။

ဒါကြောင့် ဗောဇ္ဈင်တရားလည်း နာကြရ၊ ကိုယ်တိုင်လည်း နှလုံးသွင်းကြရတယ်။ ကိုယ်တိုင် တရားနှလုံးသွင်းဖို့ဟာလည်းပဲ ရောဂါပျောက်ကင်းခြင်းအကြောင်း ဖြစ်တယ်။ ဒါကြောင့် ဝတ်နိုင်သမျှ ဗောဇ္ဈင်တရားတွေလည်း ပွားများရတယ်။

ဗောဇ္ဈင်တရား ပွားများတယ်ဆိုတာ ခန္ဓာငါးပါးတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားပွားများရင် ဗောဇ္ဈင်တရား ပွားများတာပဲ။ သို့သော် ခုနပြောသလို ဗောဇ္ဈင်အမည် ရတာကတော့ တော်တော်နဲ့ မရဘူး။ တရားရှုလို့ ပိုင်ပိုင်နိုင်နိုင် တကယ့်ထူးထူးခြားခြား အမြင်သန်လို့ တရားတွေအကုန်လုံး သွက်သွက်လက်လက် ဖြစ်လာမှ ဗောဇ္ဈင် အမည်ရတယ်။

ဗောဇ္ဈင်ခေါ်ရတယ်။ အဲဒါကြောင့် အဲဒီထိအောင်ရောက်ပြီး အားထုတ်ရင်း ရောဂါတွေ ပျောက်နိုင်တယ်။

အဲဒါကြောင့် ဗောဇ္ဈင်ရဲ့ အစွမ်းသတ္တိဟာ ဒီလိုရှိပါသလားလို့ အားလုံး ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ နာလည်း နာနိုင်ကြပါစေ၊ ကြိုး စားရှုဆင်ခြင်ခြင်းဖြင့် ပွားလည်း ပွားများနိုင်ကြပါစေ၊ ပွားများနိုင်ကြ၍ ပကတိရောဂါတွေ၊ ကိလေသာရောဂါတွေ၊ ရောဂါခပ်သိမ်း အေးငြိမ်း ပပျောက်ခြင်းသို့ ရောက်ကြပါစေ၊

ရောဂါမရှိတဲ့ ပုဂ္ဂိုလ်တွေဟာလည်း တစ်နေ့တခြား ကျန်းမာသထက် ကျန်းမာပြီးတော့ လောကီအကျိုး၊ ဓမ္မအကျိုး၊ သံသရာအကျိုး၊ အကျိုးတရားတွေ တိုးပွားအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ၊

*(ဤဆောင်းပါးများ ရေးနိုင်အောင် ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ စိန်ရတနာရွှေဆိုင်မှ သဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်က သပြေကန်ဆရာတော်ကြီး၏ တရားတော်ဖြင့် ကူညီပါသည်။ အထူးကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ပါသည်။)*

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# ဟောရှင်သုတ်ပရိတ်တော်၏တန်ခိုး အကျိုးအာနိသင်များ

## - ၅ -

ဟောရှင်သုတ်ပရိတ်တော်၏ တန်ခိုးကြောင့် ပြေးနေသော ကားပေါ်မှ လိမ့်ကျပါလျက် အသက်မသေ၊ ခန္ဓာကိုယ် ဒွတ်ယွင်းခြင်း မရှိသည့် အဖြစ်ကိုလည်း တင်ပြချင်ပါသည်။

ဆရာကျော်၏ ဘဝတွင် ဥပစ္ဆေဒကကံ တော်တော်ကြုံဖူးသည်။ ငယ်စဉ်က ချောင်းမကြီး၏ ရေသေချောက်ထဲတွင် ရေနစ်ဖူးသည်။ ထိုသို့ ရေနစ်စဉ်က သူ့အောက်ငယ်သော ကလေးတစ်ယောက်ကို ကျောပိုးထားသည်။ ရေက ဝါးတစ်ပြန်လောက် နက်သည်။ အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။

တစ်ဖန် ၆ တန်း၊ ၇ တန်းလောက်တွင် ရင်းဘား (Ring-bar)

www.burmeseclassic.com

www.burmeseclassic.com



ကစားရင်း ဦးခေါင်းဖောက်ထိုး ကျခဲ့ဖူးသည်။ ပထွေးလေးလည်း တော်၊ ယောက်ဖလည်းတော်သည့် ပထွေးလေးယောက်ဖ အကူအညီတောင်း၍ လှည်းပေါ် ပြောင်းရိုးထိုး တင်ပေးစဉ်ကလည်း မြွေပွေးငယ်တစ်ကောင် လက်ကြားထဲမှ ထွက်သွားဖူးသည်။

၁၉၇၉ ခု၊ ဇူလိုင်လ ၁၅ ရက်နေ့ကလည်း ကားတိုက်ခံရဖူးသည်။ ဘယ်ဘက်နံရိုး လေးချောင်းကျိုးသည်။ သို့သော် မသေခဲ့။ ကားတိုက်ခံရချိန်ကမူ ဂုဏ်တော်တစ်သောင်းစိပ်မည်ဟု အဓိဋ္ဌာန်၍ စိပ်ချိန်ဖြစ်ပါသည်။

နောက်ဆုံး ၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင်ကား ပြေးနေသော ကားပေါ်မှ ပြုတ်ကျရပြန်သည်။ ဤနောက်အခါကား သေလောက်သည့် အဖြစ်အပျက်ဖြစ်ပါသည်။ အဘယ်ကြောင့် မသေရပါသနည်း။

ထိုရက်မတိုင်မီ တစ်ပတ်လောက်အလိုကတည်းက ဗောဇ္ဈင်သုတ်နှင့် ပုဗ္ဗဏှသုတ်ကို သွားရင်းလာရင်း အမြဲနှလုံးသွင်း၍ ရွတ်ဖြစ်သည်။ အဘယ်ကြောင့် ဤသို့ဖြစ်ရသည်ကိုကား မမှတ်မိတော့ပါ။ သို့သော် လမ်းထွက်လိုက်သည်နှင့် ဤဗောဇ္ဈင်သုတ်နှင့် ပုဗ္ဗဏှသုတ်ကို ရွတ်မိလျက်သား ဖြစ်တော့သည်။

ဆရာကျော် ကားပေါ်မှ ပြုတ်ကျသည့်နေ့က ဆရာဝန်ကြီး ဦးသာလှ၏သမီး မင်္ဂလာဆွမ်းကျွေးရှိသည်။ ဝတ္တရားအရ သွားရမည်။ ကူညီရမည် မှန်သော်လည်း ဆရာကျော် မသွားချင်ပါ။ ယခင်နေ့ ညနေကတည်းက ဦးစံငြိမ်းက မေးသည်။ "နက်ဖြန် လာမလား" တဲ့။

ဆရာကျော်က "မလာ" ဟု ဖြေသည်။ မြတ်ဆုမွန်က မေးတော့လည်း အလားတူ ဖြေလိုက်သည်။ သို့သော် ကာယကံရှင် ဆရာဝန်ကြီးကိုယ်တိုင်က "ခင်ဗျားတို့ လာခဲ့ကြ" ဟု အပြန်တွင် မှာလိုက် သဖြင့် မသွားချင်ဘဲ သွားရခြင်းဖြစ်သည်။

သို့သော် တကယ့်တကယ်တွင် လူကိုယ်တိုင်ကား မရောက်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါ။ အကျိုးအကြောင်း ဖော်ပြသည့်စာသာ ရောက်သွားပါတော့သည်။

ဆရာကျော်နေသည်က မြောက်ဥက္ကလာ၊ မရမ်းကုန်း၊ မင်္ဂလာဒုံ သုံးမြို့နယ်၏ အစပ်ဖြစ်သည့် ကျောက်ရေတွင်း မြောက်ပိုင်းတွင် ဖြစ်သည်။ ဆရာကျော်က သူ့နေရာကို 'မသုံးလုံးနယ်မြေ' ဟု သုံးလေ့ ရှိပါသည်။

ထိုနေရာလေးတွင် မြေဝယ်၍ အိမ်ဆောက်နေသည်မှာ ၁၉၈၆ ခုနှစ်၊ မေလကတည်းက ဖြစ်သည်။ ဆရာကျော့်အိမ်ကနေ မေဓာဝီ လမ်းဆုံထိ ၁၅ မိနစ်ခန့် လမ်းလျှောက်ရသည်။

ဤခရီး အကွာအဝေးသည် ဆရာကျော်အဖို့ ရိုးနေပြီ။ ဝတ္တုလစ်မှာ နေတုန်းကလည်း ကုက္ကိုင်းလမ်းဆုံထိ လမ်းလျှောက်လေ့ရှိသည်။ လမ်း လျှောက်ရင်း ပရိတ်ရွတ်သည်။ မေတ္တာပို့သည်။ ဂုဏ်တော်ပွားသည်။

ထိုနေ့နံနက်က ဆရာကျော်မှာ မထွက်ချင် ထွက်ချင်နှင့် အိမ်က ထွက်သည်။အိမ်က အထွက်တွင် အိမ်ရှေ့မှာ ဈေးရောင်းနေသည့် ခင်လှ က "ဆရာ အစောကြီးပါလား" နှုတ်ဆက်သည်။ ဆရာကျော်က "ငါ သွားချင်လို့ သွားရမှာ မဟုတ်ဘူး၊ ငါမသွားချင်ဘူး။ မဖြစ်လို့သာ သွားရ တာ" ဟု ပြောမိသေးသည်။

အိမ်ကထွက်ကတည်းက မေဓာဝီလမ်းဆုံ မရောက်မချင်း ဇောတ္တိုင် သုတ်နှင့် ပုဗ္ဗဏှသုတ်ကို တစ်လမ်းလုံး ရွတ်သွားသည်။ အခေါက်ပေါင်း မည်မျှရှိသည်မသိ။

မေဓာဝီလမ်းဆုံရောက်တော့ အမှတ် (၄၃) ကား ဆိုက်လာသည် နှင့် တက်လိုက်သွားသည်။ ရှေ့က တက်သူများ နေရာမှာထိုင်သည်ကို စောင့်ရင်း ကားနောက်မြီးမှ လိုက်သွားရာ ကားအရှိန်လည်းရရော ဆရာကျော်လည်း ကားနောက်မြီးမှ ပြုတ်ကျပါတော့သည်။

ဆရာကျော်ပြုတ်ကျသည်မှာ အကျတော်၍ ကံကောင်းတော့သည်။ လွယ်ထားသည့် လွယ်အိတ်၊ ကိုင်ထားသည့် ထီး၊ စီးထားသည့်ဖိနပ် တစ်ခုမှ ဖရိုဖရဲ မဖြစ်ပါ။ ဘယ်ဘက်လက်မောင်းရင်းက ကျိုးသွားပါသည်။ တင်ပါး

www.burmeseclassic.com

www.burmeseclassic.com



နှင့်ကျလျှင် တင်ပါးခွက်ရိုးကျိုးမည်။ ဦးခေါင်းဖြင့်ကျလျှင် ဟိန္ဒူနတ်ပွဲလှည့် စဉ် အုန်းသီးခွဲသကဲ့သို့ ခေါင်းကွဲပြီး သေရမည်။ ယခုမူ အကျတော်၍ ဆရာကျော် ခံသာသည်။

ဤသို့ကားပေါ်မှ ကျသည့်အတွက် ကားသမားကိုရော၊ နောက်လိုက်ကိုပါ ဘာဒုက္ခမှ မပေးပါ။ သူတို့ကိုလည်း အပြစ်တင်စရာ မရှိပါ။ မိမိ၏ ကံမကောင်း အကြောင်းမလှသဖြင့်သာ ယခုကဲ့သို့ ပြုတ်ကျရခြင်း ဖြစ်သည်။ လျော်ကြေးဆိုသည်ကို ဆရာကျော် ရှုံသည်။

၁၉၇၉ ခုနှစ်တုန်းက ကားတိုက်ခံရစဉ်ကလည်း ဤအတိုင်းပင် သဘောထားခဲ့သည်။ ကားနှင့် မဖြစ်စလောက် ခိုက်မိသည်ကို အကြောင်း ပြု၍ သောင်း၊သိန်းနှင့်ချီ၍ လျော်ကြေးတောင်းသည်ကို ဆရာကျော် အလွန်စက်ဆုပ်သည်။ တမင် ငွေရှာသည်ဟု ဆရာကျော် ယူဆသည်။ ဤနည်းဖြင့် စီးပွားမရှာကောင်းဟု ဆရာကျော်က ခံယူသည်။

ဆရာကျော်မှာ အန္တရာယ်နှင့် ကြုံရတော့မည်ဆိုလျှင် အကာ အကွယ်ကို ကြိုတင်၍ ယူထားပြီး ဖြစ်ဖြစ်နေသည်။ ကားတိုက်ခံရစဉ်က လည်းကောင်း၊ ဆေးရုံတက်ရစဉ်ကလည်းကောင်း အကာအကွယ်များ ကြိုတင်လုပ်ထားနှင့်ပြီး ဖြစ်နေသဖြင့် သေမင်းကျော့ကွင်းမှ လွတ်ကင်းခဲ့ ရသည်။

ယခုတစ်ခါ ကားပေါ်မှကျသည့်အခါလည်း အကာအကွယ် လုပ် ထားမိလျက်သား ဖြစ်နေသည်။ ယခုကိစ္စ၌လည်း ဇောတ္ထိုင်သုတ်နှင့် ပုဗ္ဗဏှ သုတ်ကို ဘာကြောင့် ရွတ်နေမိသည်ကို ဆရာကျော် လုံးဝ မသိပါ။ ရွတ် ချင်စိတ်ပေါ်လာ၍သာ ရွတ်ခဲ့ခြင်း ဖြစ်ပါသည်။

ဆရာကျော်မှာ ရှေ့ဖြစ်ကို မြင်နိုင်သည့်အစွမ်းလည်း မရှိပါ။ လိမ္မာ ရေးခြား ရှိလာသည့်အချိန်မှစ၍ ရတနာသုံးပါး ဆည်းကပ်သည်။ ဆရာ၊ မိဘကို ရိုသေလေးစားသည်။ ကြီးသူကို ရိုသေသည်။ ရံဖန်ရံခါ ဥပုသ် စောင့်သည်။ တရားထိုင်သည်။ တက္ကသိုလ်ကျောင်းသားဘဝကတည်းက တရားထိုင်လာရာ ယနေ့တိုင်ပင် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် တစ်ခါမှ သမာဓိ မရဖူးပါ။ တစ်ခါတစ်ရံ တရားထိုင်ရင်း ငိုက်ပင် ငိုက်တတ်ပါသေးသည်။ ထို့ကြောင့် သီလ၊ သမာဓိဂုဏ်ကြောင့် ဤသို့ ကြိုတင်ပြင်ဆင်ထားခြင်း ဖြစ်သည်ဟု မဆိုနိုင်ပါ။

မည်သို့ပင်ဆိုစေ ဆရာကျော်မှာ ကံမကောင်း၊ အကြောင်းမလှသဖြင့် ကားပေါ်မှ ပြုတ်ကျပြီး လက်မောင်းရင်းကျိုးခဲ့ရပြီ။ သို့သော် ဗောဇ္ဈင်သုတ်နှင့် ပုဗ္ဗဏှသုတ်၏ တန်ခိုးကြောင့် အသက်ကို အန္တရာယ် မပေးခဲ့ချေ။ ဤသည်မှာ ကံကောင်းခြင်းပင် ဖြစ်ပါသည်။ ဗောဇ္ဈင်သုတ်နှင့် ပုဗ္ဗဏှသုတ်၏ ကျေးဇူးကြောင့် အသက်အန္တရာယ်ကင်းတာပဲဟု ဆရာကျော်က စိတ်ချ ယုံကြည်ထားပါသည်။

ကျိုးသွားသည့် လက်မောင်းရင်းကို ဆေးကုဖို့အတွက် ရန်ကုန်မြို့ ၂၉လမ်း၊ စံလှစာပေမှ ကွယ်လွန်သူကိုစံလှနှင့် သူ့သားကြီးက အကူအညီပေးပါသည်။ ဓာတ်မှန်ရိုက်သည့်နေရာ၊ တရုတ်ဆေးစည်းသည့်နေရာတို့ကို ကိုစံလှတို့ သားအဖ ကားနှင့် ပို့ပေး ကူညီပါသည်။

ဆရာကျော် ထိခိုက်ဒဏ်ရာရသည်ဟု သိရသောကြောင့် ရွှေမြန်မာကုမ္ပဏီ (Golden Myanmar Co.,) မှ ဦးကျော်သိန်းကလည်း ဆေးဖိုးဝါးခအဖြစ် ငွေကြေးဖြင့် ထောက်ပံ့ ကူညီသည်။

ဤအကူအညီများကို ဆရာကျော် လုံးဝ မျှော်လင့်မထားပါ။ သို့သော် မိတ်ဆွေများက ဝတ္တရားကျေပွန်စွာ ကူညီသွားကြသည်သာ ဖြစ်ပါသည်။ ဤကိစ္စသည်လည်း ဗောဇ္ဈင်သုတ်နှင့် ပုဗ္ဗဏှသုတ်၏ ကျေးဇူးပင်ဟု ဆရာကျော်က ထင်နေပါသည်။

ဆန်းကြယ်သည့် ကိစ္စတစ်ခု ကျန်ပါသေးသည်။ ဤထိခိုက်ဒဏ်ရာရမှု မဖြစ်ခင်က ခရစ်ယန်မိတ်ဆွေ ဦးမြင့်အောင်က ဟောဖူးသည်။ ဆရာကျော်ကို "ဣန္ဒနီလာကျောက်ကို ကိုယ်နှင့်မကွာ ဆောင်ရမည်" တဲ့။ ထို့ကြောင့် ရွှေဘုံသာလမ်း စိန်ရတနာဆိုင်မှ သဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်ကို အကူအညီတောင်းသည်။

ဤသို့ ရှာခိုင်းထားစဉ်အတွင်း ဆရာကျော် ထိခိုက်ဒဏ်ရာ ရ

www.burmeseclassic.com



သည်။ ဤသို့ ဖြစ်ရသည်ကို စိတ်မကောင်းရှာ၍ထင့်၊ ဦးကျော်ခင်မြင့်က ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဣန္ဒနီလာကျောက်ကို ငွေနှင့်ကွင်း၍ လက်စွပ်တစ်ကွင်း ဆရာကျော်ကို လက်ဆောင်ပေးလာပါသည်။

ဤကိစ္စအားလုံး ဗောဓိရှင်သုတ်၏ တန်ခိုးကြောင့်သာလျှင် အဆင်ပြေ ချောမွေ့ခြင်းပင် ဖြစ်ပါတော့သည်။

ဗောဓိရှင်သုတ်ကို နာရသည်လည်းမဟုတ်၊ကိုယ်တိုင် ရွတ်ဖတ်ပူဇော်ရသည်လည်း မဟုတ်ပါဘဲလျက် သားဖြစ်သူက ရည်စူး၍ ရွတ်ပေးသည်နှင့် ကျန်းမာသွားရသူ တစ်ဦးအကြောင်းကို တင်ပြလိုပါသည်။

၁၉၈၂ ခုနှစ်အတွင်း ဆရာကျော် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေတွင် အမှုထမ်းနေစဉ်က ဖြစ်ပါသည်။ တစ်နေ့တွင် ဆရာကျော့်အစ်ကို ကိုခင်မောင်ဝင်းထံမှ တယ်လီဖုန်း ဝင်လာသည်။ 'အမေ အသည်းအသန် ဖြစ်နေသည်' တဲ့။

ဆရာကျော့်အစ်ကိုမှာ ကိုခင်မောင် ဖြစ်ပါသည်။ သူ့ဘာသူ "ဝင်း" ထပ်ထည့်သဖြင့် ကိုခင်မောင်ဝင်းဟု ရုံးစာရင်းပေါက်နာမည် ဖြစ်နေပါသည်။ သို့သော် မိသားစုအားလုံးနှင့် ရွာသူရွာသားများက ကိုခင်မောင်ဟုပင် ခေါ်ကြပါသည်။

သူသည် ငယ်စဉ် ကိုရင်လေးဘဝကပင် လူ့ခင်းကြီး တောကျောင်းသွားနေသည်။ ထို့နောက် လက်နှိပ်စက်သင်သည်။ ထို့နောက် မန္တလေးသွားပြီး စာသင်သား လုပ်နေသည်။ မန်းရာပြည့်နှစ်က လူထွက်သည်။ သက်န်းဝတ်နှင့်ရှိစဉ်ကတည်းက ဆယ်တန်းဖြေရာ ဆရာကျော်ဂုဏ်ထူးတန်း ပထမနှစ်ရောက်မှ ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်သည်။

ထို့နောက် ကိုခင်မောင် ရွာပြန်နေသည်။ သူရွာပြန်ရောက်မှ မိသားစု အတော်စိတ်ဆင်းရဲရသည်။ ငယ်စဉ်က မိသားစုနှင့် ခွဲသွားခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ ယခုကဲ့သို့ မိသားစုနှင့် ပြန်နေရသောအခါ မိသားစုအပေါ် သူချစ်ပုံသည် မိသားစုအဖို့ စိတ်ကျဉ်းကျပ်စရာ ဖြစ်လာခဲ့သည်။

အရွယ်ရောက် နေပြီဖြစ်သည့် ညီမငယ်နှစ်ယောက်ကိုလည်း မျက်စိ အောက်က အပျောက်မခံ၊ ရေခပ်သွားလျှင်လည်း "ကြာပြန်ပြီ" စသည်ဖြင့် ဖြစ်လာသောအခါ သူ့ဆိုလျှင် ကြောက်လည်း ကြောက်ကြ သည်။ ရွံ့လည်း ရွံ့ကြသည်။

နောက်ပိုင်းတွင် သူ့အမူအရာ ပြောင်းသွားသည်။ စိုက်ပျိုးရေး သင်တန်းတက်ပြီး တခြားသွား၍ အမှုထမ်းရသောအခါ အိမ်နှင့် မခွဲနိုင် သဖြင့် မိသားစုသံယောဇဉ်ကြီးသဖြင့် အလုပ်မှထွက်သည်။ နောက်ပိုင်း တွင် အစ်ကိုကိုခင်မောင်သည် မိသားစုအတွင်း အရေးပါသူ ဖြစ်လာခဲ့ရ သည်။ အဘယ်ကြောင့်ဆိုသော် မိဘကို ပြုစုရာ၌ သူမတူသော သားလိမ္မာ တစ်ယောက် ဖြစ်လာခဲ့သောကြောင့် ဖြစ်ပါသည်။

ဆရာကျော့်အဖေ ၁၉၆၆ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့က ဆုံးပါသည်။ ဆရာကျော့်အဖေ နေမကောင်းဖြစ်နေစဉ်အတွင်း အစစအရာ ရာ လိုလေသေးမရှိအောင် ပြုစုသူမှာ သူပင် ဖြစ်ပါသည်။ သူ့လက်ပေါ်မှာ အဖေမျက်စိမှိတ်ခဲ့သည်။

ယခု အမေ့ကျပြန်တော့လည်း သူပင် ပြုစုပါသည်။ အဖေနှင့် အမေ ကံချင်းမတူပါ။ အဖေ့ကို ပြုစုတုန်းက သူ့မှာ အလုပ်မရှိပါ။ အမေ နှင့် ညီမထွေး မခင်ထွေးတို့ ဈေးရောင်းသည့် ဝင်ငွေနှင့် ဆရာကျော်၏ ထောက်ပံ့ငွေပေါ်သာ မှီခိုခဲ့ရသည်။

ဆရာကျော့်အမေ ဒေါ်လှယဉ် နေမကောင်းဖြစ်ချိန်တွင်ကား ကိုခင်မောင်မှာ မိတ္ထီလာ ချည်မျှင်နှင့် အထည်စက် လုံခြုံရေးဌာနတွင် ဝန်ထမ်းတစ်ယောက် ဖြစ်နေပြီ။ အပေါင်းအသင်းလည်း ကောင်းသည်။ ထို့ကြောင့် အရေးအကြောင်းရှိလျှင် ရန်ကုန်ရှိ ဆရာကျော့်ထံ တယ်လီဖုန်း အလွယ်တကူဆက်ပြီး အကြောင်းကြားသည်။

ဆရာကျော့်အမေကို ဆေးကုသရာတွင်လည်း စက်ရုံဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



ဒါဝတ်ဂျိကို အိမ်ခေါ်၍ ကုသည်။ ထိုဆရာဝန်ကလည်း သူ့ဆိုလျှင် ဘယ်လို ခင်မှန်းမသိ။ ဘယ်သူ့ဆီမှလိုက်၍ ဆေးမကုသော ထိုဆရာဝန်သည် ဆရာကျော့်အမေကိုကား လိုက်၍ ကုပေးသည်။

ဆေးဖိုးဝါးခလည်း ဟုတ်တိပတ်တိယူသည် မဟုတ်။ မေတ္တာအရင်းခံနှင့် ကုပေးခြင်းသာဖြစ်သည်။ အစ်ကိုဖြစ်သူ ကိုခင်မောင်ကလည်း အပြုအစုကောင်းသည်။ အမေ့ကို အကျအနထားသည်။ အိပ်ရာခင်းဆိုလျှင် ဖွေးရွှနေသည်။ ကိုယ်လက်သန့်စင်ရန်အတွက်လည်း အဆင်သင့်၊ အမေ့ကို ဆီလိမ်းပေးပြီး ခေါင်းဖြီးပေးသည်။ အဝတ် လဲလှယ်ပေးသည်။ အမေ့အဝတ်များကို ကိုယ်တိုင်လျှော်ဖွပ်သည်။ အနံ့နံ့, မနံ နမ်းကြည့်သေးသည်။ မီးပူတိုက်သည်။ ကိုယ်တိုင်ချက်ကျွေးသည်။ ကိုယ်တိုင်ဆေးတိုက်သည်။

ကိုခင်မောင့်မှာ ဇနီးရှိသည်။ ချည်စက်ထဲမှာပင် တွေ့ပြီး ညားကြခြင်း ဖြစ်သည်။ အမည်မှာ မအုန်းရွှေ ဖြစ်ပါသည်။ သူသည် ရုပ်ရည်အားဖြင့် အကျဉ်းတန်သည်ဟု ဆိုရမည်ဖြစ်သော်လည်း စိတ်သဘောထားအလွန်ကောင်းသည်။ သူ့ကို ငယ်သူအပေါင်းက နာမည် လုံးဝ မခေါ်ကြ။ အစ်မကြီးဟုသာ ခေါ်ကြသည်။ လူချစ်လူခင်လည်း ပေါသည်။

**သို့သော် အမေက သူချက်လျှင် မစားချေ။ အမေက အတော်ဇီဇာကြောင်သည်။ ဤအချက်ကို ဆရာကျော်က အစ်မကြီးအတွက် အားနာနေသည်။ အမေလွန်သည်ဟု ထင်သည်။ ထို့ကြောင့်လည်း ကိုခင်မောင်က အစစအရာရာ တာဝန်ယူခြင်း ဖြစ်ပါသည်။**

ဆရာကျော့်အမေကလည်း သူ့သားကိုခင်မောင်မှ မဟုတ်လျှင် ဘယ်သူ့ကိုမျှ မယုံပါ။ သူ့သားကိုယ်တိုင် ဆေးတိုက်မှသာ သောက်သည်။ သူများတိုက်လျှင် ဆေးမှားမှာ ကြောက်၍ဖြစ်သည်။ အနားမှာ သမီးတွေ၊ မြေးတွေ၊ တူမတွေ တစ်ပုံကြီးရှိသည်။ အမေက သူ့သားမှ သူ့သားဖြစ်သည်။

ထို့ကြောင့် အစ်ကို ကိုခင်မောင်မှာ အမေ့ဆေးတိုက်ချိန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



လျှင် စက်ရုံမှ အမြန်ပြန်ကာ အမေ့ကို ဆေးတိုက်သည်။ ခရီးက နီးလှသည်မဟုတ်။ နေပူစပ်ခါးမှာ ခြေကျင်လျှောက်ပြန်၍ ဆေးတိုက်ခြင်း ဖြစ်သည်။

အစ်ကို ကိုခင်မောင့်ထံမှ တယ်လီဖုန်းရလျှင်ရချင်း ဆိုင်ရာကို ခွင့်ပန်၍ ညရထားဖြင့် ဆရာကျော် မိတ္ထီလာပြန်သည်။ ရထားပေါ် ရောက်တော့ ဆရာကျော်စဉ်းစားသည်။ တယ်လီဖုန်းအဆိုအရ အသည်းအသန် ဖြစ်နေသည်ဟုသာ သိရသည်။ သေပြီဟု မသိရသေးရကား ဘာမှန်းမသိရသေးသည့် အခြေအနေအပေါ် အကြောင်းမဲ့ စိတ်ပူနေရမလား၊ အကြောင်းမဲ့ စိတ်ပူလေ့ ဆရာကျော့်မှာ မရှိချေ။ ဘာရယ်ဟု အတိအကျ မသိရသေးဘဲ ဆရာကျော် မပူတတ်ချေ။ အသင့်အတင့် နှလုံးသွင်းသည်။

ဤသို့ အသင့်အတင့် နှလုံးသွင်းတတ်အောင်လည်း လေ့ကျင့်ထားသည်။ ဤယောနိသောမနသိကာရကြောင့်ပင် အမေအတွက် အကျိုးရှိအောင် လုပ်သွားမည်ဟု ဆရာကျော် ဆုံးဖြတ်ပါသည်။ ထိုအချိန်က ဆရာကျော့် အမေမှာ အသက် ၇၆ နှစ်ခန့်ရှိပြီ ဖြစ်ပါသည်။ အမေ့ကို အာရုံပြု၍ ဗောဇ္ဈင်သုတ်ကို အခေါင်ပေါင်း ရှစ်ဆယ်တိတိ ဆရာကျော်_ရွတ်ပါသည်။ ထိုသို့ရွတ်ရာ၌. . .

'ဧတေန သစ္စဝဇ္ဇေန
သောတ္ထိ တေ ဟောတု သဗ္ဗဒါ'

ဟူသော အပိုဒ်တိုင်းတွင် "တေ" ကို ဌာန်နှင့် မာန်နှင့် ရွတ်ပါသည်။ အမေ့ဆီကို စိတ်ကို ပို့ပြီး ရွတ်ခြင်း ဖြစ်ပါသည်။ သတ်သတ်မှတ်မှတ် အခေါက်ပေါင်း ရှစ်ဆယ်တိတိ ရွတ်ပြီးသည့်နောက်တွင်လည်း အိပ်မပျော်တိုင်း ဗောဇ္ဈင်သုတ်ကိုချည်း ရွတ်ပေးနေသည်။ မှေးလိုက် ရွတ်လိုက်၊ ရွတ်လိုက်မှေးလိုက်နှင့် ရွတ်သွားသည်မှာ သာစည်ဘူတာဆိုက်သည်အထိ ဖြစ်ပါသည်။ နံနက် ၅ နာရီလောက်မှာ ဆရာကျော် ရွာပြန်ရောက်ပါသည်။

အမေ့မှာ အတော်သက်သာနေပါပြီ။ ချော့ချော့မော့မော့နှင့်

www.burmeseclassic.com

www.burmeseclassic.com



ဆန်ပြုတ်တိုက်ရာ အကြမ်းပန်းကန်တစ်လုံး ကုန်အောင် သောက်နိုင်ပါသည်။ ဤအဖြစ်ကို မြင်ရသောအခါ ဆရာကျော် ဝမ်းသာသွားသည်။ အမေသည်တောင်က ကျော်ပြီဟုလည်း စိတ်ချသွားမိပါသည်တဲ့။

တိုက်ဆိုင်မှုတစ်ခုလည်း ရှိပါသေးသည်။ ဆရာကျော်တစ်ယောက် ရထားစီးရင်း ဗောဇ္ဈင်သုတ်ကို စရွတ်သည့် အချိန်လောက်တွင် အစ်ကို ကိုခင်မောင်က အမေ့ကို "ကလေးလေပုပ်ထုတ်ဆေး " တစ်မတ်ဖိုး တိုက်သည်ဟု ဆိုပါသည်။ ထိုဆေးတန်ခိုးနှင့် ဗောဇ္ဈင်သုတ်တန်ခိုးကြောင့် အမေ့ကိုယ်တွင်းမှ စမြင်းတုံးများ ကျကုန်ပါသည်။ ဤစမြင်းခံနေ၍ အမေ နေမကောင်းခြင်းဖြစ်ရာ စမြင်းတုန်းများကျသွားသည်နှင့် အမေ နေကောင်းသွားခြင်း ဖြစ်ပါသည်။

တစ်ခု ပြောစရာ ကျန်ပါသေးသည်။ အမေ ဒေါ်လှယဉ်မှာ တောမ ဓမ္မာရုံဆရာတော်၏ ယောဂီတစ်ဦး ဖြစ်ပါသည်။ တောမဓမ္မာရုံဆရာတော်သည် နေ့ခင်း (၁) နာရီ ထိုးလျှင် ယောဂီများကို ကမ္မဋ္ဌာန်း သင်ပေးသည်။ တရားဟောသည်။ တရားပြသည်။ ဤကိစ္စကို သိမ်ထဲမှာ လုပ်ဆောင်သဖြင့် ယောဂီများက "သိမ်ထဲသွားသည်။ သိမ်ထဲလိုက်သည်" ဟု ဝေါဟာရ ပြုကြသည်။

အမေဒေါ်လှယဉ်လည်း နေ့စဉ် သိမ်ထဲလိုက်၍ တရားနာ တရားထိုင်မြဲဖြစ်သည်။ နေမကောင်းဖြစ်မှသာ နားခြင်း ဖြစ်သည်။ ဝေဒနာခံစားရင်း တရားနှလုံးသွင်းမှု အသင့်အတင့် ရှိနိုင်ပါသည်။

ထို့ကြောင့်လည်း ဗောဇ္ဈင်သုတ်တရားကို ကိုယ်တိုင်နာကြားရသည်လည်း မဟုတ်။ ကိုယ်တိုင်ရွတ်ဖတ် ပူဇော်ရသည်လည်း မဟုတ်ပါပဲလျက် ရောဂါပျောက်ကင်း ကျန်းမာသွားရခြင်းမှာ ဗောဇ္ဈင်သုတ်တရားတော်၏ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်ပင် ဖြစ်ပါတော့သည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# ပရိတ်မေတ္တာ၏တန်ခိုး အကျိုးအာနိသင်များ

အန္တရာယ်ကင်း ပရိတ်ရွတ်မှု အစဉ်အလာသည် ရှေးထုံးရှေးစံ ဖြစ်သည်။ မည်သည့်အရာကို ပရိတ်ခေါ်မှန်း မသိရသည့် သာသနာပအခါက ပင် ပရိတ်မန္တန်၊ ပရိတ်ရည်၊ ပရိတ်သဲ စသည်တို့ သုံးစွဲနေကြပြီ ဖြစ်ပါသည်။

မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဝေသာလီပြည်၌ ဘေးကြီး သုံးပါးဆိုက်သည်ကို အကြောင်းပြု၍ ရတနသုတ်ကိုလည်းကောင်း၊ တော၌တရားကျင့်ကြသော ရဟန်းတော်များကို ရုက္ခစိုး စသည်တို့ နှောင့်ယှက်သည်ကို အကြောင်းပြု၍ ခန္ဓသုတ်ကိုလည်းကောင်း၊ ဆွမ်းခံရင်း လူတို့၏ ရန်ပြုခံရသော အင်္ဂုလိမာလမထေရ်အတွက် အင်္ဂုလိမာလသုတ်ကိုလည်းကောင်း၊ ရှင်မဟာကဿပ၊ ရှင်မောဂ္ဂလ္လာန်နှင့် မြတ်စွာဘုရား ဤသုံးပါးတို့ မကျန်းမမာဖြစ်သည်ကို အကြောင်းပြု၍ ဗောဇ္ဈင်သုတ်ကိုလည်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဤသို့အားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပရိတ်တော်တို့သည် ဘေးကင်းစေ၏။ အန္တရာယ်ကင်းစေ၏။ ကျန်းမာစေ၏။ အသက်ရှည်စေ၏။

ဓမ္မပဒအဋ္ဌကထာလာ အာယုဝဍ္ဎနသတို့သားဝတ္ထု၌ ခုနစ်ရက်ကျော်လျှင် ဘီလူးစားခံရမည့် သူငယ်လေး ဘေးကင်းရန်အတွက် ရဟန်းတော်များက ပရိတ်ရွတ်ပေးခဲ့ရသည်။

ခုနစ်ရက်မြောက်နေ့တွင် မြတ်စွာဘုရားကိုယ်တော်တိုင် ပရိတ်ရွတ်ပေးတော်မူသည်။ ပရိတ်တန်ခိုးကြောင့် ဘီလူးစားခွင့် မရတော့၍ ထိုသူငယ် အသက်တစ်ရာ့နှစ်ဆယ် ရှည်သွားရသည်။

ဤသို့သော ထုံးသာဓကများရှိ၍ မြန်မာနိုင်ငံ ခေတ်အဆက်ဆက်၌ ပရိတ်ရွတ်မှု အစဉ်အလာ ရှိခဲ့ပါသည်။

သရေခေတ္တရာမြို့ဟောင်းကို တူးဖော်ရာ ရွှေတံခါးမြို့ပေါက် အဝင်မှ မောရပရိတ်နှင့် မင်္ဂလသုတ် ရေးထားသော ကျောက်စာနှင့် သရေခေတ္တရာမြို့ရိုး အရှေ့မြောက်ထောင့်ရှိ ကွင်းပြဲမြို့ပေါက်အနီးမှ ရတနသုတ်ပရိတ်တော်ရေးထိုးထားသော ကျောက်စာတိုင်အကျိုးကို တွေ့ရသည်။

**သို့ဖြစ်၍ သရေခေတ္တရာ ခေတ်ကတည်းကပင် မင်္ဂလာယူရန်၊ အကာအကွယ်ယူရန်၊ အန္တရာယ်ကင်းရန် ပရိတ်ကို အသုံးပြုနေပြီ ဖြစ်ကြောင်း သိရပါသည်။**

ပုဂံခေတ်မှာလည်း ဂူဩပနာပွဲ၌ ပရိတ်ရွတ်မှု အစဉ်အလာရှိကြောင်း သက္ကရာဇ် ၅၅၂ ခုနှစ်ထိုး တောင်ဂူနီဘုရား ကျောက်စာအရလည်းကောင်း၊ သက္ကရာဇ် ၆၂၃ ခုနှစ်ထိုး အစဝ်လတ်မင်းသမီး ကျောက်စာ၌လည်းကောင်း အထောက်အထား တွေ့ရပါသည်။

သာလွန်မင်းတရားကြီးသည် သားတော်ရှင်တရုပ်ကို အလိုတော်ပြည့်ပြီးနောက် လေးထပ်ကျောင်းဆရာတော်၊ စံကျောင်းဆရာတော်တို့နှင့် ဆရာတော်အပေါင်းကို နန်းတော်သို့ ပင့်၍ ဆွမ်းလုပ်ကျွေးတော်မူပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ပရိတ်တရားတော်ကို နာယူတော်မူခဲ့သည်။

နောင်တော်ဘုရား သားတော်သခင်ပုံကို ညီတော်မင်းရဲကျော်စွာ သမီးတော် ခင်မလှစံဖြိုးနှင့် စုံဖက်တော်မူသည်တွင်လည်း လေးထပ်ကျောင်း ဆရာတော်ကို သံဃာတော်တို့နှင့်တကွ ပင့်၍ ပရိတ်နာတော်မူခဲ့သည်ဟု သာသနာလင်္ကာရစာတန်း (နှာ ၁၇၀-၁) တွင် ဆိုပါသည်။

**အိမ်ရှေ့မင်းတို့ အိမ်တော်တက် အခမ်းအနားကို ကျင်းပသော အခါ အိမ်ရှေ့မင်းသည် ပရိတ်တော်နာဆောင်သို့ ရောက်တော်မူလျှင် ပရိတ်တော်ကို နာတော်မူ၍ ပရိတ်တော်အိုး၊ ပရိတ်တော်ပန်းတို့ကို ထုတ်၍ မင်းသား၊ မင်းမြေး၊ မှူးမတ်မယ်တော်တို့ကို ဝေပေးပြီးမှ အိမ်သို့ ပြန်ကြရသည်ဟု လောကဗျူဟာ အင်ရုံစာတမ်း (နှာ ၁၇) ၌ ဆိုပါ သည်။**

ထိုအင်ရုံစာတမ်းမှာပင် ဥကင်တော်ဖွင့်မင်္ဂလာ၊ သကြန်တော် မင်္ဂလာ၊ မြို့သိမ်းထွက် မင်္ဂလာတို့၌ ပရိတ်နာကြောင်း ပရိတ်ရေခံ၍ ဖျန်းပက်စေကြောင်း အသေးစိတ် ဖော်ပြထားချက်များ ရှိပါသေးသည်။

မြို့သစ်ဆောက်ရာ၌ ပရိတ်နာဆောင် ပါဝင်ကြောင်း ရွှေဘုံနိဒါန်းတွင် တွေ့ရပါသေးသည်။

**ခြုံ၍ဆိုရသော် ပရိတ်သည် မင်းမှစ၍ လူထုလူတန်းစား အလွှာ အသီးသီးနှင့် နီးစပ်သော ဒေသနာ ဖြစ်ပါသည်။ လူနှင့် အနီးဆုံး ဒေသနာကို ပြပါဆိုလျှင် ပရိတ်ကို ညွှန်ပြရမည် ဖြစ်ပါသည်။**

ဤပရိတ်ဒေသနာ၏ တန်ခိုးအကျိုးတရားများကို ရတနသုတ်၊ ဓဇဂ္ဂသုတ်ဟူ၍ နာမည်တပ်၍ ဖော်ပြခဲ့ပြီး ဖြစ်သော်လည်း ယခုအခါ သုတ်တစ်သုတ်တည်းကို အမည်မတပ်တော့ဘဲ ပရိတ်မေတ္တာ၏ တန်ခိုး အကျိုးအာနိသင်များကို အခါအားလျော်စွာ တင်ပြသွားမည် ဖြစ်ပါသည်။

ရှေးအခါမှစ၍ ယနေ့တိုင် အိမ်သစ်တက်သောအခါ အန္တရာယ်ကင်းစိမ့်သောငှာ၊ နာဖျားမကျန်းရှိသောအခါ ပရိတ်နာလေ့ ရှိကြပါသည်။

ဤသို့ ပရိတ်နာသည့် အကျိုးကြောင့် ဘေးကင်းသည်။ အန္တရာယ်

www.burmeseclassic.com

www.burmeseclassic.com



ကင်းသည်။ ကျန်းမာသည်။ စီးပွားတက်သည်။ ဤအကျိုးတရားလက်တွေ့ ခံစားရပုံကို ဆရာကြီးဦးဆန်းထွန်း ရှင်ဉာဏိသာရ ဘဝက တွေ့ကြုံရသည့် သာဓကကို ၁၉၈၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့က နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆရာဖြစ် မွမ်းမံသင်တန်းတွင် "မေတ္တာသုတ်လာ ကရဏီယအဖွင့်" ကို ဟောပြောစဉ်က ထည့်သွင်းပြောပြခဲ့ပါသည်။

ဆရာကြီးဦးဆန်းထွန်း ပြောပြသည့် အကြောင်းမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

ဆရာကြီးဦးဆန်းထွန်း ရှင်ဉာဏိသရဘဝက မင်္ဂလာတောင်ညွန့်၊ စတော့ကိတ်အနီးကုန်းပေါ်ရှိ ရွှေက မင်္ဂလသုခေါ်သော မင်္ဂလာရာမ ကျောင်းတိုက်၌ စာချဘုန်းကြီး ဖြစ်နေပါသည်။

ရှင်ဉာဏိသရ ပရိတ်အရွတ်ကောင်းသဖြင့် အပင့်အဖိတ်များ သည်။ အမွှန်းတွေ၊ နိဂုံးတွေနှင့်တကွ ဝေဝေဆာဆာ ရွတ်ဖတ်တတ်၍ လည်း လူကြိုက်များသည်။ ထို့ကြောင့် သပြေညိုဆေးတိုက်ပိုင်ရှင်လည်း ဖြစ် ဗားမင်း (Burmam) သတင်းစာ၏ အယ်ဒီတာချုပ်လည်းဖြစ်သော "ဦးဘချစ်တင်" ဒကာမိသားစုက ရှင်ဉာဏိသရကို ပင့်၍ ပရိတ်နာသည်။ နှစ်ရက်တစ်ခါ၊ သုံးရပ်တစ်ခါ၊ လေးရက်တစ်ခါ၊ ငါးရက်တစ်ခါဆိုသလို အဆင်ပြေသလို ပရိတ်နာခဲ့သည်။

> ဤသို့ ပရိတ်နာသည့် အကျိုးကြောင့် သားငယ်၊ သမီးငယ်များ ကျန်းမာသည်။ စီးပွားတက်သည်။ ကျန်းမာရေး သိပ်မကောင်းလှ သည့် ဇနီးသည်ပင် နေကောင်းလာသည်။ စားကောင်းသောက် ကောင်းနှင့် ဂျောင်းဂျောင်းပြေး ဖြစ်လာသည်။ သပြေညိုဆေး တိုက်ပိုင်ရှင်ကြီးမှာ အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသည် ဟု ဆိုဝါသည်။

ရန်ကုန်မြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ပိဋကတ် ဆိုင်ရာ ပါဠိစာပေ ဌာနမှူး ဆရာတော် အရှင်ထေရိန္ဒသည် ရန်ကုန် တက္ကသိုလ်များ ဗုဒ္ဓဘာသာအဖွဲ့အတွက် ဗုဒ္ဓဒေသနာ ရွတ်ဆိုပြိုင်ပွဲများ

www.burmeseclassic.com

www.burmeseclassic.com



အတွက် တာဝန်ယူ ဆောင်ရွက်ပေးရသည့် ဆရာတော် ဖြစ်ပါသည်။ ဌာန်ကရိုဏ်းကျကျ ရွတ်တတ်ဖတ်တတ်အောင်လည်း ပို့ချပေးရပါသည်။

ဆရာတော်သည် ရန်ကုန်တက္ကသိုလ် ပါဠိဌာနမှ ပါရဂူသင်တန်းသားများကို ပါဠိဘာသာရပ်နှင့် ပတ်သက်၍ ပို့ချပေးနေရသည့် ဆရာတော် တစ်ပါးလည်း ဖြစ်ပါသည်။

ဆရာတော် အရှင်ထေရိန္ဒသည် ပရိတ်ရွတ်ပွားမှု အားသည်း ပါသည်။ ပရိတ်၏ တန်ခိုး အကျိုးအာနိသင်ကိုလည်း လက်တွေ့ကျကျ သိသူ ဖြစ်ပါသည်။ အထူးသဖြင့် ရတနသုတ် အနုလုံ ပဋိလုံနှင့် မောရှင်သုတ်၏ တန်ခိုးကို ယုံကြည်သဖြင့် အသုံးချနေသူ၊ အသုံးတွင်အောင် ဖြန့် ဖြူးနေသူလည်း ဖြစ်ပါသည်။

ဆရာတော်၏ ဗုဒ္ဓဒေသနာရွတ်ဆိုပြိုင်ပွဲဝင် တပည့်များမှာ တက္ကသိုလ်အသီးသီးမှ ဆရာ၊ ဆရာမများ၊ ကျောင်းသူကျောင်းသားများ ဖြစ်ကြပါသည်။

ထိုအထဲတွင် စီးပွားရေးတက္ကသိုလ်မှ ဆရာမလေး ဝေဝေမိုးမှာ ထူးခြားသည်ဟု ဆိုရပါမည်။ ဆရာမလေး ဝေဝေမိုးမှာ သူများတကာလို ဖြောင့်ဖြောင့် စာကျက်နိုင်သူ မဟုတ်ပါ။ ကလေးတစ်ဖက်၊ မီးဖိုချောင် တစ်ဖက်နှင့် စာကျက်ရသူ ဖြစ်ပါသည်။

ထို့ကြောင့် သူ၏ ပရိတ်စာအုပ်သည်လည်းကောင်း၊ ဓမ္မစကြာ စာအုပ်သည်လည်းကောင်း၊ ပဌာန်းစာအုပ်သည်လည်းကောင်း၊ မဟာသတိပဋ္ဌာနသုတ်စာအုပ်သည်လည်းကောင်း ဆီအလူးလူးဖြင့် ညစ်ပတ်ပေရေနေပါသည်။ သို့သော် သူက ကြိုးစားသည်။ ထို့ကြောင့်လည်း. . .

၁၉၉၈ ခုနှစ်၊ ဒုတိယနှစ် ဗုဒ္ဓဒေသနာ ရွတ်ဆိုပြိုင်ပွဲတွင်. . .

- ဓမ္မစကြာပထမ
- အနတ္တလက္ခဏာသုတ် ပထမ
- မဟာသတိပဋ္ဌာနသုတ် ပထမ ရပါသည်။

မဟာသတိပဋ္ဌာနသုတ်တွင် အမှတ်တူနေ၍ အာဂုံပြန်နှင့် မေးခွန်း

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သာ၍ ရေးဖြေနှင့် ဆုံးဖြတ်ရာတွင် ဆရာမလေး ဝေဝေမိုးက ပါဠိသတ်ပုံကို မှန်ကန်စွာ ရေးသား ဖြေဆိုနိုင်သဖြင့် ပထမ ရသွားပါသည်။

ထို့ကြောင့် သူ့ကို ပထမဆုအဖြစ် ရွှေတံဆိပ်ဆုအပြင် ဗုဒ္ဓဂယာ ဘုရားဖူးဆုပါ ချီးမြှင့်ခဲ့ပါသည်။ ယခုအခါ ဆရာမလေးမှာ ကလေးတစ်ဖက်၊ အစ်ကိုဖြစ်သူ လူမမာတစ်ဖက်နှင့်မို့ နယ်မပြောင်းနိုင်သဖြင့် အကောက်ခွန်ဌာနသို့ ပြောင်းရွှေ့အမှုထမ်းခဲ့ရာမှ ဗဟိုဘဏ်သို့ ပြောင်းရွှေ့ အမှုထမ်းနေပြီ ဖြစ်ပါသည်။

ဆရာမလေး၏ အစ်ကိုမှာ ကင်ဆာရောဂါကို ခံစားနေရသည်ဟု သိရပါသည်။ ကင်ဆာရောဂါကုထုံးအရ ဓာတ်ကင် ဘာကင်လုပ်ရာ လူမမာမှာ အတော်ပင် ပင်ပန်းရှာပါသည်။ မစားနိုင်၊ မသောက်နိုင်၊ မထိုင်နိုင်၊ မထနိုင်ဖြင့် အရိုးပေါ် အရေတင် ဖြစ်နေပါတော့သည်။

ဤတွင် ဆရာမလေးလည်း သိပ္ပံနည်းဖြင့် ကုသခြင်းအပြင် ဗုဒ္ဓနည်း ဖြင့်လည်း ကုသင့်သည်ဟု ထင်သဖြင့် ဆရာဖြစ်သူ အရှင်ထေရိန္ဒကို ပရိတ်တော် ချီးမြှင့်ဖို့ ပင့်ပါတော့သည်။

ဆရာတော်မှာ ဤလူမမာ ရှိမှန်းလည်း မသိပါ။ မြင်လည်း မမြင်ဖူးပါ။ သို့သော် ဒီဠတွေ့မြင်လိုက်သောအခါ အလွန်တရာ သနားသွားမိပါသည်။ ထို့ကြောင့် ဝေသာလီပြည်မှာ ဘေးကြီးသုံးပါးဆိုက်စဉ်က ဝေသာလီပြည် တံတိုင်းသုံးထပ်အကြား၌ ညလုံးပေါက် ရတနသုတ် ပရိတ်ရွတ်တော်မူသော အရှင်အာနန္ဒာ၏ထုံးကို နှလုံးမူ၍ နောက်ပါ အဖော်ရဟန်းများနှင့်အတူ ပရိတ်ဒေသနာကို ချီးမြှင့်တော်မူ ပါသည်။

ဆရာတော် အရှင်ထေရိန္ဒနှင့်တကွ သံဃာတော်များသည်. . .

- မေတ္တသုတ်ကို အရင်းတည်၍
- ရတနသုတ် အနုလုံ ပဋိလုံ
- ဗောဇ္ဈင်္ဂသုတ်ကို ကဿပဗောဇ္ဈင်၊ မောဂ္ဂလ္လာနဗောဇ္ဈင်၊ စုန္ဒဗောဇ္ဈင်တို့နှင့်တကွ အကျယ်ရွတ်တော်မူပြီး
- အာဋာနာဋိယသုတ်မှ ဘုရားခုနစ်ဆူ ဘုရားရှိခိုးဂါထာတို့ကို ရွတ်

www.burmeseclassic.com

www.burmeseclassic.com



ပွားပူဇော်ပေးပါသည်။

နောက်တစ်နေ့နံနက်တွင် ဝေဝေမိုးက တယ်လီဖုန်းဆက်၍ ဆရာတော် အရှင်ထေရိန္ဒကို လျှောက်ထားလာပါသည်။ မနက် ၅ နာရီလောက်တွင် ဝုန်းဝုန်းဒိုင်းဒိုင်းအသံတွေ ကြားရကြောင်း၊ သူခိုးများ ဝင်သလား၊ ခွေးလား၊ ကြောင်လား မကွဲပြား၍ ထ၍ ကြည့်သော်လည်း ဘာမျှ မတွေ့ရကြောင်း လျှောက်ထားပါသည်။

**ဝေဝေမိုး၏ စိတ်ထဲတွင် ဘာမျှမမြင်ရ မတွေ့ရသဖြင့် မကောင်းဆိုးဝါးများ ထွက်သွားခြင်းဖြစ်မည်ဟု အထင်ရောက်သွားပါသည်။**

ဤအထင် ဖြစ်နိုင်ကောင်းသည်ကို လူမမာ၏ အခြေအနေက သက်သေခံနေပါသည်။ အဘယ်ကြောင့်ဆိုသော် ပရိတ်ရွတ်ပြီး တစ်လလောက်ရှိသောအခါ ဓာတ်မှန်ရိုက်ကြည့်ရာ ကင်ဆာ၏ လက္ခဏာ လုံးဝ မတွေ့ရဘဲ ရိုးရိုးတီဘီရောဂါသာ ဖြစ်သည်ဟု အဖြေထွက်လာပါသည်။

ယခု ၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်နေ့က ဝေဝေမိုးတို့အိမ်မှာ ထပ်မံ၍ ပရိတ်ဒေသနာ ချီးမြှင့်ပေးရပြန်ပါသည်။ ဤအကြိမ်တွင်မူ လူမမာမှာ စားကောင်း၊ သောက်ကောင်းနှင့်မို့ ထနိုင်၊ ထိုင်နိုင်၊ သွားနိုင်၊ လာနိုင် ဖြစ်နေပြီ။ ယခင်အခြေအနေနှင့် လုံးဝ ကွာခြားသွားပြီ ဖြစ်ပါသည်။

ကင်ဆာရောဂါ မဟုတ်တော့ဘဲ တီဘီရောဂါဆို၍ အားလုံးဝမ်းသာကြရသည်။ အဘယ်ကြောင့်ဆိုသော် တီဘီရောဂါကိုကား ယနေ့မျက်မှောက်ခေတ်တွင် ဆေးသောက်ရုံနှင့် ပျောက်ကင်းအောင် ကုသနိုင်ပြီ ဖြစ်ပါသည်။ တီဘီဆေးကလည်း ရလွယ်သည်။

ငွေကြေးမပြည့်စုံသူကို ကျန်းမာရေးဌာနက တစ်ပတ်စာ၊ တစ်ပတ်စာ ဆေးလှူလေ့ရှိသည်။ ငွေကြေးတတ်နိုင်သူအဖို့ ဝယ်ယူစားသုံးဖို့ လွယ်ကူသည်။ အနည်းဆုံး ၆ လတာမျှ ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးစား ဆေးသောက်လျှင် ဝေဒနာပျောက်ကင်းချမ်းသာပါသည်။

အသက်အန္တရာယ်နှင့် အလွန်တရာ နီးကပ်သော ကင်ဆာရောဂါသည် ဘဝမှ တီဘီရောဂါဟု အဖြေပြောင်းသွားသည်မှာလည်း အသော်

www.burmeseclassic.com



ဆန်းသည်။ ဆေးစစ်တာ မသေချာလို့ ဆိုရအောင်ကလည်း အစ်ကိုဖြစ်သူမှာ ဆရာဝန်ဖြစ်သည်။

မည်သို့ဆိုစေ ပရိတ်မေတ္တာ၏ တန်ခိုးကြောင့် သေမင်း၏ တံခါးပေါက်မှ နောက်ပြန်လှည့်၍ လာနိုင်ခဲ့ပြီ မဟုတ်ပါလော။ ။

ကျော်လှိုင်
ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ (သက္ကတ)

www.burmeseclassic.com